# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက် ၊ တနင်္လာနေ့ ၊ (25-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခင်ဗျား**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်သည့် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဤသမိုင်းဝင်နေ့ထူးနေ့မြတ်သည် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်အုပ်စိုးမှုကို သက်ဆိုးရှည်စေမည့်ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သောနေ့၊ မြန်မာတစ်မျိုးသားလုံး၏

စာမျက်နှာ ၁၈ ကော်လံ ၁

## ရာဂိမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီများ လွှဲပြောင်းပေးအပ်



နေပြည်တော် နိုဝင်ဘာ ၂၄

ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား အရပ်ဘက်ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့်သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ တိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးဌာန၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ရုရှားနိုင်ငံ နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်း(Rosatom)နှင့် Aquarius ကုမ္ပဏီများအုပ်စုတို့က ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ တင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေးလေယာဉ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို နေပြည်တော်လေဆိပ်၌ ကျင်းပရာ

စာမျက်နှာ ၁၇ ကော်လံ ၄

**၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်

အယ်ဒီတာ့အာဘော်

# ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်(ယနေ့)သည် မြန်မာတိုင်းရင်းသားအားလုံး၊ မြန်မာအမျိုးသားအားလုံး၏ "အမျိုးသားအောင်ပွဲနေ့" ဖြစ်ပေသည်။ ၂၀၂၄ ခုနှစ်တွင် ကျရောက်သော အမျိုးသားအောင်ပွဲနေ့သည် ၁၀၄ နှစ်မြောက်ဖြစ်သည်။

၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့၏ဆောင်ပုဒ်မှာ "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံး ညီညွတ်စို့"ဖြစ်ပြီး တိုင်းရင်းသားများကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များပေါ်များရေး၊ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေး ဟူသော ဦးတည်ချက် ၄ ရပ်ကိုလည်း ချမှတ်ထားသည်။

မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝကျရောက်ပြီးနောက် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုတက္ကသိုလ်အက်ဥပဒေကို လက်မခံနိုင်သဖြင့် ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးခေါင်းဆောင်သော ကောလိပ်ကျောင်းသားများက ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်)တွင် တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ခဲ့ကြသည်။

အဆိုပါ သပိတ်ကြီးသည် "မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ" ဟူသော ကြွေးကြော်သံနှင့်အညီ မြန်မာဘာသာဖြင့် သင်ကြားရေးကိုမဏ္ဍိုင်ပြုပြီး အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော စာအုပ်များကို မြန်မာဘာသာပြန်ဆိုပြဋ္ဌာန်းရန်၊ တိုင်းပြည်ကြီးပွားတိုးတက်မည့် ပညာများသင်ကြားရန်၊ မြန်မာ့ယဉ်ကျေးမှုကိုပြုစုပျိုးထောင်ပေးရန်နှင့် အမျိုးသားစိတ်ဓာတ်နိုးကြားလာစေရန် ရည်ရွယ်ထားခြင်းဖြစ်ပေသည်။

၁၉၂၀ ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော ရန်ကုန်တက္ကသိုလ်ကျောင်းသားများဦးဆောင်၍ တက္ကသိုလ်အက်ဥပဒေကိုသပိတ်မှောက်ခဲ့ကြခြင်းသည် ကျွန်ပညာရေးစနစ်ကို တိုက်ဖျက်ပြီး အမျိုးသားပညာရေးစနစ်ကို တောင်းဆိုခဲ့ခြင်းဖြစ်ပေသည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီး၏ ကြီးမားသောရလဒ်တစ်ခုမှာ အမျိုးသားပညာရေးကောင်စီပေါ်ပေါက်လာကာ မြန်မာနိုင်ငံတစ်ဝန်းအမျိုးသားကျောင်းများဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုမြင့်မားလာခဲ့သည်။ ထို့ပြင် ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပေသည်။ မျိုးချစ်လူငယ်များပေါ်ထွန်းခဲ့သဖြင့် လွတ်လပ်ရေးကိုမဆုတ်မနစ်ရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အမျိုးသားကျောင်းများပိုမိုဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသားပညာရေးစနစ်များ ထွန်းကားလာခဲ့ပေသည်။

ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်)ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ နှစ်ပေါင်း ၁၀၄ နှစ်မှသည် နောင်နှစ်ပေါင်းများစွာအထိ အမျိုးသားအောင်ပွဲနေ့ကိုကျင်းပ၍ အမျိုးသားရေးစိတ်ဓာတ်များကို ဖော်ထုတ်ရမည်ဖြစ်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုနှင့်ရှေးဟောင်းတံတားတို့ကို ကွင်းဆင်းစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက မန္တလာသီရိအားကစားကွင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)အဝင် လမ်းတစ်လျှောက် သန့်ရှင်းရေး ဆောင်ရွက်မှုနှင့် အင်းဝမြို့နှင့် တံတားဦးမြို့သို့ သွားသော ရှေးဟောင်းတံတား အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) လမ်းဘေးဝဲယာတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများကို လမ်းဘေး ဝဲယာတစ်လျှောက် အစဉ်အမြဲ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့သို့သွားသော အင်းဝ-တံတားဦး ကားလမ်းတစ်လျှောက် တံတား၏အခြေအနေ၊ တံတားဝဲယာတွင် အုတ်လက်ရန်းကြီးများ၏ အခြေအနေများကိုလည်းကောင်း၊ ဟံသာဝတီတံခါးအထွက် တံတားအရှေ့ဘက်ရှိကျောက်စာဂူတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများကို ရှေးဟောင်း အမွေအနှစ်များ မပျောက်ပျက် မတိမ်ကောသွားစေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ပတ်ဝန်းကျင်အမြဲသန့်ရှင်းသပ်ရပ်နေစေရန်တို့ကို စနစ်တကျ ကြပ်မတ်ထိရောက်စွာ ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့ပြီး ထိုမှတစ်ဆင့် မဟာအောင်မြေဘုံစံကျောင်းတော်ကြီးသို့ရောက်ရှိပြီး ကျောင်းတော်ကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစုံဧက ၄၀၁၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံစုံဧက ၄၀၁၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်းစိုက်ပျိုးခြင်းအပြင် ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ စားဖိုဆောင်သီးနှံမျိုးစုံနှင့် အခြားအထွေထွေစားသုံးသီးနှံအပါအဝင် စုစုပေါင်းဆောင်းသီးနှံစုံ ၈၅၆၁၂ ဧကစိုက်ပျိုးရန်လျာထားခဲ့ပြီး ယနေ့ထိဆောင်းသီးနှံစုံ ဧက ၄၀၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ တောင်သူများသီးနှံဝင်ငွေတိုးပွားစေရေးနှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရေးအတွက် ဆောင်းသီးနှံတွေ သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးကြဖို့၊ သီးနှံအထွက်နှုန်းများတိုးတက်အောင် စိုက်နည်းစနစ်တွေ စနစ်တကျစိုက်ပျိုးကြဖို့နဲ့ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်တဲ့သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးတွေ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲကြဖို့ စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေကိုကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် စိုက်ပျိုးပြီးစီးသည့် ဆောင်းသီးနှံစုံ ဧက ၄၀၁၇၀ တွင် ဆီထွက်သီးနှံစုံ ၂၁၁၁၄ ဧက၊ ဖူးစားပြောင်းသီးနှံ ၁၁၂၉ ဧက၊ မတ်ပဲ၊ ပဲကြီး၊ ပဲကျား၊ စားတော်ပဲ၊ ကုလားပဲ၊ပဲလွမ်း၊ ပဲနောက်၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ပဲပုပ် စသည့်ပဲမျိုးစုံသီးနှံဧက ၁၄၅၇၀၊ စားဖိုဆောင်သီးနှံစုံ ၁၀၆၃ ဧက၊ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၇၈ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၁၆၇၄ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၆၇၁၀ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကသာ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၆၇၁၀ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၃၈၄၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၆၇၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၀ ဒသမ ၂၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မိုးစပါး ဧက ၃၈၀၀၀ ကျော်ထိစိုက်ပျိုးထားပါတယ်။အဲဒီစိုက်ပျိုးထားတဲ့မိုးစပါး စိုက်ခင်းတွေကို လက်ရှိမှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေ အနေနဲ့ ရိတ်သိမ်းပြီး မိုးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အင်္ဂပူမြို့နယ် လူးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူးကြီးကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာဆောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လူးကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို ငွေကျပ် ၃၁သန်း ထုတ်ချေးပေးခဲ့ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သံသာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးတင်မောင်-ဒေါ်ခင်မြမြ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်းမိသားစုက ဆွမ်းအလှူငွေကျပ် ၈၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၃၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၁၅၀၀၀၀ လှူဒါန်းရာ နာယက ဦးမောင်ကိုနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၁၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၁၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၉၀၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၉၀၂ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၁၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်စေဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေ ရရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ထန်းတပင်မြို့နယ် မိုးမခကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ထန်းတပင် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ကျေးရွာအုပ်စု မိုးမခကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဦးသက်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ မိုးမခကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုးမခကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၈၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းနှင့် တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ခန့် ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း (VDP)စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၄၅သန်း၊ စုစုပေါင်း ၁၅ ဒသမ ၄၅ သန်းဖြင့် အဆိုပါဦးစီးဌာန၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဗွန်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

# မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲ လာမည့် ဒီဇင်ဘာလအတွင်း Yangon Convention Center (YCC) တွင် ကျင်းပသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲကို လာမည့် ဒီဇင်ဘာလအတွင်း Yangon Convention Center (YCC) တွင် ကျင်းပသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးထံမှ သိရသည်။

အဆိုပါ မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Hotel ၊ Yangon Con-vention Center (YCC) တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲ ၂၀၂၄ တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ၊ အသင်းဝင် စက်ရုံများ၊ ကိုရီးယား (KO-GAM)၊ ဟောင်ကောင် (HKMMA) နှင့် အာဆီယံနိုင်ငံများ၏ အထည်အလိပ်နှင့် စက်ယန္တရားများကို ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

"မြန်မာ့အထည်ချုပ်လုပ်ငန်းကနေ ထုတ်ကုန်တွေအတွက် ဈေးကွက်အသစ်များရရှိစေဖို့ ကုန်စည်ပြပွဲတွေ၊ စီးပွားရေးမိတ်ဖက်တွေနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ပေးသွားမှာပါ။ အပြည်အပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွေမှာ ဝင်ရောက်ပြသတဲ့အနေနဲ့ အခုလို အထည်အလိပ်နဲ့စက်ပစ္စည်းတွေ ပြပွဲကနေ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍရဲ့ လုပ်ကိုင်နိုင်စွမ်းကို တစ်ကမ္ဘာလုံးကသိအောင် ပြသနိုင်မှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောပြသည်။

ထို့ပြင် နိုင်ငံတကာမိတ်ဖက်များ အနေဖြင့်လည်း ပြပွဲတွင်ခင်းကျင်းပြသမည့်ဒေသတွင်းအထည်အလိပ်နှင့်အထည်ချုပ်စက်ရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် လက်မှုပညာများကို လေ့လာနိုင်မည်ဖြစ်ပြီး ရိုးရာနည်းပညာများမှစ၍ ခေတ်မီဆန်းသစ်တီထွင်မှုများထိ Made in Myanmar ထုတ်လုပ်သူများထံမှ အထည်အလိပ် ထုတ်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို လေ့လာခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။ **ASH**



# တိုက်ပွဲခေါ်သံနှင့် ကျွန်တော့်ဆရာများ

**ချစ်နိုင်(စိတ်ပညာ)**

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်ရေးမှာ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုနှင့်နိုင်ငံချစ်စိတ်ဓာတ်၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်မှု စိတ်ဓာတ်တို့အပေါ်တွင် အခြေခံပါသည်။ တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်စွာဖြင့် တိုက်ပွဲဝင်ခဲ့ကြသော နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများကို အစဉ်အမြဲ သတိရစေရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် ဝတ္ထုဆရာများသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးဝတ္ထုများကို အမြောက်အမြား ရေးဖွဲ့ကြခြင်းဖြစ်ပါသည်။

တက္ကသိုလ်ဝင်းမွန်

နိဒါန်း

**"တိုက်ပွဲခေါ်သံ"**ဆိုသည်မှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုရဝတ္ထုရှည်စာအုပ်အမည်ဖြစ်ပါသည်။ အကြောင်းအရာက နယ်ချဲ့ဆန့်ကျင်ရေးနှင့်လွတ်လပ်ရေးလှုပ်ရှားမှုတွင် ချောက်ရေနံမြေလူထုပါဝင်ခဲ့ပုံကို ဖြစ်ရပ်မှန်များ အခြေခံထားပြီး ရေးဖွဲ့ခဲ့သည့် ဂန္ထဝင်ဝတ္ထုကောင်း တစ်ပုဒ်ဖြစ်ပါသည်။ ရေးသူကား **ဆရာငွေမောင်** (၁၉၇၂-၂၀၂၁)ဖြစ်၍ ချောက်မြို့၊ ရေနံမြေရပ်မှာ မွေးဖွားခဲ့သော စာရေးဆရာကြီးဖြစ်ပါသည်။ သူမွေးဖွားရာ ချောက်မြို့သားတို့၏ ဇာတိမာန်ကို သရုပ်မှန်စာပေသမိုင်းတင်၍ ပြုစုခဲ့သော ချောက်မြို့သားတစ်ယောက်။

**"ကျွန်တော့်ဆရာများ"**ဆိုသည်မှာ စာရေးဆရာမင်းကျော်ရေးခဲ့သည့် စာအုပ်ကောင်းပေါင်းများစွာ အနက် လေးကြိမ်၊ ငါးကြိမ် ပြန်လည်ပုံနှိပ်ရသော နာမည်ကြီး စာအုပ်တစ်အုပ်၏အမည်ဖြစ်ပါသည်။ **ဆရာမင်းကျော်(၁၉၃၃-၁၉၉၁)**သည် မင်းကျော်ကလောင်အမည်အပြင် ကျော်လှိုင်ဦး၊ မလိခ၊ နွယ်သစ်စသောကလောင်ခွဲပေါင်းများစွာဖြင့် ဂန္ထဝင်တွင်လောက်သည့် စာကောင်းပေကောင်းများစွာရေးသားသွားခဲ့သူ ချောက်မြို့ဇာတိ စာရေးဆရာကြီးတစ်ယောက်ဖြစ်ပါ၏။ **"ဘယ်သူပြိုင်လို့လှပါတော့နိုင်"** ရုပ်ရှင်ဇာတ်ကား၏ မူရင်းဝတ္ထုရေးသူစာရေးဆရာဟုလည်း လူသိထင်ရှားဖြစ်ပေ၏။ ဆရာမင်းကျော်သည် အလယ်တန်းပြကျောင်းဆရာ၊ ကျောင်းစာရေး၊ ပညာရေးသုတေသန၊ တက္ကသိုလ်ပုံနှိပ်ထုတ်ဝေရေးဌာနစာတည်း စသောတာဝန်များကို ထမ်းဆောင်ခဲ့သော စာရေးဆရာဖြစ်ပါ၏။ သူအထက်တန်းကျောင်းသားဘဝအထိ ငယ်စဉ်က သူ့ကိုစာသင်ပေးခဲ့ကြသော ကျေးဇူးရှင်ဆရာတစ်ဦးချင်းအကြောင်းပုံရိပ်လွှာကို လေးစားချစ်ခင်စွာ ဂါရဝပြုမှတ်တမ်းတင်ထားသည့် သူ၏ **"ကျွန်တော့်ဆရာများ"**စာအုပ်သည် ချောက်ရေနံမြေက တစ်ချိန်တစ်ခါက တပည့်ပန်းကလေးပေါင်းများစွာကို လှပအောင်၊ မွှေးမြသင်းထုံအောင် ရေလောင်းပေါင်းသင်ပြုစုပျိုးထောင်ခဲ့ကြသည့် ချောက်မြို့ရှိ ဥယျာဉ်မှူးကြီးများ၏ ဘဝပုံတူပန်းချီကားများ ဆေးရောင်ခြယ်မှုန်းထားခြင်းမို့ ဂုဏ်ယူလေးစားဖွယ်မဟုတ်ပါလား။

**ချောက်မြို့ချစ်သူများ**

ထို့ကြောင့် ဆရာငွေမောင်နှင့်ဆရာမင်းကျော်၊ ချောက်မြို့သား စာရေးဆရာကြီးနှစ်ဦး၏ နိုင်ငံကျော်စာအုပ်အမည်တို့ကို ဦးထိပ်ထားလျက် မိမိမွေးရပ်ဇာတိ ချောက်မြို့ကို အမွှန်းတင်ဂုဏ်ပြုလိုသဖြင့် ဤဆောင်းပါး ရေးသားတင်ပြခြင်းဖြစ်ပါသည်။ ချစ်စွာသော စာဖတ်သူများခင်ဗျား။ ကျွန်တော်ကား မြို့ချစ်သူတစ်ယောက်ပါ။ ကြွားမယ်ဆို ကြွားစရာတွေများစွာရှိပေသည်။ ပြည့်ပြည့်စုံစုံ၊ စုံစုံလင်လင်ဂုဏ်တင်ရန် စာမျက်နှာငဲ့၍ ရေးရသော်လည်း တတ်နိုင်သမျှ မှတ်တမ်းတင်ဖော်ပြလိုသည့် စာရေးဆရာ၊ ဆရာမများကတော့ မနည်းလှပါပေ။ နမူနာ အနည်းငယ်မျှ ဖော်ပြပါရစေ။

၁။ ပန်တျာမြင့်အောင်
၂။ ရေနံမြေသက်ဝေ
၃။ ရေနံမြေမောင်မောင်ကြည်
၄။ ငြိမ်းမင်း
၅။ တင့်ထွန်း(ချောက်)
၆။ အောင်ကြည်စံ(ချောက်)
၇။ တင်ဝင်းသျှင်(ချောက်)

**❖ချောက်မြို့မှာ နှစ်ကာလရှည်ကြာစွာ နေထိုင်ဖူးသူတချို့ကို တွေ့လျှင်မေးကြည့်ပါ။ စာရေးသူဖော်ပြသော ချောက်မြို့သူ၊ချောက်မြို့သားများသည် သူတို့မြို့ကို ချစ်ခင်မြတ်နိုးရာတွင် သာမန်မဟုတ်၊ ဝတ်ကျေတမ်းကျေမဟုတ်၊ အသည်းနှလုံးထဲက လေးစားတန်ဖိုးထားသောသဘောထားရှိခြင်းကို တွေ့ရသည်ဟု ဖြေကြပေလိမ့်မည်။ သူတစ်ပါးကို အထင်မသေးပါ။ နှိုင်းယှဉ်လိုခြင်းသဘောလည်း မဟုတ်ပါ။ မြို့ချစ်စိတ် ဒေသစွဲကတော့ အပြည့်အဝရှိတတ်ကြသည် အမှန်ပင်။ ကောင်းသည်ဆိုးသည် ဘာမျှမဆိုလိုပါ။ ပကတိအရှိတရားကို ဖော်ပြလိုခြင်းသာ။ ❖**

၈။ **ပုဂံသားမောင်ဘကျော်**
၉။ **နတ်မှုး**
၁၀။ **မောင်ခင်မိုင်း(ချောက်)** စသည် စသည်...

တစ်ချိန်က ရေနံချောင်းကောလိပ်ကျောင်းအုပ်ကြီး၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သူ ပါမောက္ခဦးမြဝင်းသည် မြဝင်း(ဒဿန)ကလောင်အမည်ဖြင့် စာအုပ်များလည်း ရေးသားခဲ့သော စာရေးဆရာဖြစ်သည့်အလျောက် မိမိနှင့်ခင်မင်ခဲ့ပါ၏။ ဆရာကြီးက ကျောင်းအုပ်၊ ပါမောက္ခချုပ်တာဝန်များနှင့် ပါမောက္ခတာဝန်များကို နှစ်ပေါင်းများစွာဖြတ်သန်းခဲ့ရာတွင် **"အခြားမြို့သူများနှင့် ချောက်မြို့သူတို့၏ ပြောပုံဆိုပုံ၊ နေထိုင်ပုံ၊ ဝတ်ပုံစားပုံများသည် သိသိသာသာ ထူးခြားကွဲပြားသည်"** ဟု သူ၏တွေ့ရှိသတိပြုမိချက်ကို ပြောပြဖူးပါသည်။ စာရေးသူက ရယ်စရာမောစရာအဖြစ် "ဟုတ်တာပေါ့ဆရာကြီးရယ်။ အကော်ဒီယံအုန်းကျော်၊ မြင့်မြင့်ခင်၊ ခင်သန်းနုတို့နဲ့ ရုပ်ရှင်ရိုက်ခဲ့တဲ့ "မြေလတ်သူ"ဆိုတာ အမှန်တော့ **"ချောက်မြို့သူ"** မဟုတ်လားခင်ဗျာ" ပြောလိုက်ပါသည်။ ဆရာကြီးက မဆီမဆိုင် ဟာသ လုပ်မှန်းသိသဖြင့် ရယ်နေပါ၏။

**သတ္တိကောင်း**

အမှန်လည်း ချောက်မြို့သူ၊ ချောက်မြို့သားတို့သည် ပင်ကိုယ်သဘာဝ ရေခံမြေခံအခြေအနေ အကြောင်းကြောင့် အကင်းပါးခြင်း၊ လေ့လာဆည်းပူးမှတ်သားခြင်း၊ အတုယူတတ်မြောက်လွယ်ခြင်း၊ သပ်ရပ်သန့်ရှင်းစွာနေတတ်ထိုင်တတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊အမှန်တရားအတွက် ရင်ဆိုင်ရန်ရဲရင့်ခြင်း၊ အခက်အခဲကိုကျော်လွှားရဲသောသတ္တိရှိခြင်း စသည်...။

ပတ်ဝန်းကျင်ဒေသအနီးအဝေးမှ နယ်သူနယ်သားများနှင့်မသိမသာကွဲပြားသည်လည်းရှိသည်။ သိသာထင်ရှားစွာ ခြားနားသည်လည်းရှိမည်။ ကိုယ့်မြို့ ကိုယ့်ရွာ၊ ကိုယ့်ဒေသကို တန်ဖိုးထားလေးစားခြင်းတော့ သိသိသာသာထင်ရှားပါ၏။ နိုင်ငံအဝန်းသို့ သွားရောက်အလုပ်လုပ်နေကြရသော ရာထူးတာဝန်ကြီးကြီးငယ်ငယ်အမျိုးမျိုးသည် ချောက်မြို့သူ၊ ချောက်မြို့သား၏ဂုဏ်ဒြပ်ကို ထိန်းသိမ်းတတ်ကြသည်။ မိမိ၏ဇာတိကို မိမိကြောင့် ဂုဏ်မတက်ချင်နေ၊ ဂုဏ်သိက္ခာတော့မကျစေရဟူသော ခံယူချက်ရှိတတ်ကြပေသည်။

ဒေသစွဲစိတ်ရှိခဲ့သူများသည်ဟုဆိုချင်ဆိုပါလေ။ မိမိထိတွေ့ဖြတ်သန်းခဲ့သောကာလဒေသတစ်လျောက်ဝယ် "ချောက်မြို့သား၊ ချောက်မြို့သူဆိုတာ အခြားမြို့သူတွေထက် ကွဲပြားခြားနားစွာ သိသာတယ်"ဟု ပြောခဲ့ဖူးသော **ပါမောက္ခချုပ်ဆရာကြီးမြဝင်း(ဒဿန)**၏စကားကို စာရေးသူ၏နားမှာ မကြာခဏကြားမိပါ၏။ သူက မြန်မာမှု၊ မြန်မာ့အနုပညာ၊ မြန်မာဂီတကို လေးနက်စွာဝါသနာအလျောက် လေ့လာဆည်းပူးခဲ့သူပညာရှိတစ်ဦးဖြစ်ပါသည်။ မြင်းခြံတောင်သာဇာတိဖြစ်သည်။ ရေကြောမြေကြောမဝေးလှသဖြင့် အပြန်အလှန်လေးစားနားလည်ကြပါသည်။

ချောက်မြို့မှာ နှစ်ကာလရှည်ကြာစွာ နေထိုင်ဖူးသူတချို့ကို တွေ့လျှင်မေးကြည့်ပါ။ စာရေးသူဖော်ပြသော ချောက်မြို့သူ၊ ချောက်မြို့သားများသည် သူတို့မြို့ကို ချစ်ခင်မြတ်နိုးရာတွင် သာမန်မဟုတ်၊ ဝတ်ကျေတမ်းကျေမဟုတ်၊ အသည်းနှလုံးထဲက လေးစားတန်ဖိုးထားသောသဘောထားရှိခြင်းကို တွေ့ရသည်ဟု ဖြေကြပေလိမ့်မည်။ သူတစ်ပါးကို အထင်မသေးပါ။ နှိုင်းယှဉ်လိုခြင်းသဘောလည်းမဟုတ်ပါ။ မြို့ချစ်စိတ် ဒေသစွဲကတော့ အပြည့်အဝရှိတတ်ကြသည် အမှန်ပင်။ ကောင်းသည်ဆိုးသည် ဘာမျှ မဆိုလိုပါ။ ပကတိအရှိတရားကို ဖော်ပြလိုခြင်းသာ။

နာမည်ကျော်စာရေးဆရာကြီး **မင်းသိခ်**သည် စာရေးဆရာမဖြစ်သေးမီ တပ်မတော်စစ်မှုထမ်းဘဝ၊ ချောက်မြို့မှာ အချိန်ကာလနှစ်နှင့်ချီ၍ နေထိုင်သွားခဲ့ဖူးပါသည်။ ချောက်မြို့သူတစ်ယောက်နှင့်ပင် အိမ်ထောင်ကျခဲ့သည်မဟုတ်လား။ သူရေးသားသောဝတ္ထုများထဲတွင် ချောက်မြို့ပတ်ဝန်းကျင်အကြောင်းတွေ၊ ချောက်မြို့က လူအချို့အကြောင်းတွေ၊ ဥပမာ ဇာတ်ဆရာ ဦးတလုတ်နှင့် ဇာတ်မင်းသမီးတရုတ်မကြင်စိန်ဇာတ်အဖွဲ့ ကပြခဲ့ကြပုံ စသည်တို့ကို ဖတ်ရပါလိမ့်မည်။ ပုဏ္ဏားဘကွန်း၊ ပုဂံသားမောင်မြသာ စသောဝတ္ထုရှည်များ၊ ဆားပုလင်းနှင်းမောင် စုံထောက်ဝတ္ထုထဲမှာ တမာအိုင့်ရပ်လူသတ်မှု စသည်ဖြင့် တွေ့ရပါလိမ့်မည်။

**ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)**သည်လည်း နာမည်ကျော်ကဗျာဆရာ၊ စာရေးဆရာမဖြစ်လာသေးမီ စက်မှုတက္ကသိုလ်ဘွဲ့ရစ၊ ကျောင်းဆင်းပြီး ပထမဦးဆုံးအလုပ်ဝင်ရသောအစိုးရဌာနမှာ စွမ်းအင်ဝန်ကြီးဌာန၊ ထိုစဉ်က မြန်မာ့ရေနံလုပ်ငန်း ချောက်မြို့မှာဖြစ်ပါသည်။ သူ၏သူငယ်ချင်းက ချောက်မြို့ဈေးကြီးထဲက မုန့်ဟင်းခါးသည်နှင့် ချစ်ကြိုးသွယ်ပြီး ရှောင်ဖယ်ပစ်ခွာသွားခဲ့ပုံကို သူကဘေးမှကြည့်၍ သနားကရုဏာသက်စွာ ခံစားနာကျင်ခဲ့သောဝတ္ထုရေးဆရာ၏ ကမာခွံထဲက ပုလဲလုံးလေးဖြစ်တည်ခဲ့သည်မဟုတ်လား။

ချောက်မြို့သူက ပစ်တိုင်းထောင်ပါ။

ချစ်ပါလျက်နှင့် ပစ်ခွာရက်သည့် အရာရှိလူငယ်ကို အပြစ်မယူရက်ရှာပါ။ ဘဝကိုအောင်မြင်အောင် ရုန်းကန်ကြိုးစား၍ နာမည်ကောင်းတစ်ခုထင်ရှားအောင် ထူထောင်နိုင်သူမျိုးပါလေ။ ဩော် မဇေဒါကတော့ ပန်းပန်လျက်ပါဆိုသည့် ချောက်မြို့သူပါပေ။

စာရေးဆရာမ **သထုံမလေးနွယ်**လည်း ချောက်မြို့က စာအုပ်ဆိုင်များကို လစဉ်လာဝယ်ခဲ့ပေသည်။ သူက တပ်မတော်အရာရှိကတော်၊ သူ၏ပြုစုပျိုးထောင်ခြင်းဖြင့် သူ၏သားသည် မကွေးတိုင်းဒေသကြီး၏ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲပင်ဖြစ်လာခဲ့ပါသေး၏။ ဆရာမသထုံမလေးနွယ်သည် ပျဉ်းမစစ်တပ်မှာ နှစ်ကာလအချိန်တစ်ခု နေခဲ့ရဖူးပေသည်။ ချောက်မြို့ဈေးနားရှိ စာအုပ်အငှားဆိုင်များသို့ သူက စာအုပ်များ ငှားယူဖတ်၏။

မွန်ပြည်နယ်သူ စာရေးဆရာမ သထုံမလေးနွယ်သည် ချောက်မြို့မှာနေခဲ့ရသော သုံး၊ လေး နှစ်ကာလအတွင်း ချောက်မြို့သူမြို့သားများ၏ လေးစားခင်မင်စရာကောင်းပုံကို သူ့မိသားစုနှင့် ကိုယ်တွေ့သိမြင်ထိတွေ့သွားခဲ့ဖူးပါ၏။ ရေနံချောင်းအထက်တန်းကျောင်းမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ကျောင်းနေဖက် သခင် ခင်ဇော် (အမျိုးသားစာပေဆုရစာရေးဆရာ) သည်လည်း ရေနံမြေသပိတ်တိုက်ပွဲကာလ၌ ချောက်ရေနံမြေအလုပ်သမားများ၏ စည်းလုံးညီညွတ်မှုနှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်အားထက်သန်မှုကို ကိုယ်တွေ့သိမြင်ခဲ့ပြီးဖြစ်ပါ၏။

လမ်းစဉ်ပါတီခေတ်က လုပ်သားပြည်သူ့နေ့စဉ်မှာ ပင်တိုင်ဆောင်းပါးရှင်အဖြစ် နိုင်ငံတကာရေးရာအခြေအနေများအား စိတ်ဝင်စားဖွယ်ရေးသားတင်ပြလေ့ရှိသူ **ဆရာမိုးညို**ဟူသော သတင်းစာဆရာသခင်လှကွန်းသည်လည်း ချောက်မြို့သူ၊ မြို့သားတို့၏ အကြောင်း ကောင်းစွာသိပါသည်။ စာပေလောက စာအုပ်ထုတ်ဝေရေးထူထောင်ခဲ့သူ သခင် ခင်ညွန့်သည်လည်း မိမိတို့ချောက်မြို့ ရေခံမြေခံသဘာဝကို လေးစားနားလည်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်ပေသည်။ (စာပေလောကဦးမျိုးညွန့်၏ဖခင်ဖြစ်ပါသည်)။

တစ်သက်တာစာပေဆုရှင်၊ အမျိုးသားစာပေဆုရ **ဆရာကြီးငွေမောင်**ကို ချောက်မြို့မှာ အဖကျောင်းဆရာ ဦးတိုင်းကျော်နှင့် အမိ ဒေါ်ငွေခဲတို့က မွေးဖွားခဲ့ပါသည်။ ငယ်မည်မောင်လှ ဆရာကြီးငွေမောင်၏ဘဝတစ်သက်တာလုံး နိုင်ငံနှင့်လူမျိုးအတွက် လွတ်လပ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးကို ဦးလည်မသုန်ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။ ချောက်မြို့ပြည်သူ့ရဲဘော်အတွင်းရေးမှူးမှစ ဖဆပလမြို့နယ်ဦးစီးအဖွဲ့ဝင် စသည်ဖြင့် အသက် ၉၄ နှစ်အထိ တိုင်းပြည်လူမျိုးအပေါ် သစ္စာရှိခဲ့သူဖြစ်လေသည်။ အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆု ချီးမြှင့်ခံရသည်။

**ဆရာကြီးမင်းကျော်(၁၉၃၃-၁၉၉၁)**ကို ချောက်မြို့ ရေနံမြေရပ်ကွက်မှာ အဖ ကျောင်းဆရာဦးဘလှိုင်နှင့် အမိ ဒေါ်တင်ဦးတို့က မွေးဖွားခဲ့ပါသည်။ အမည်ရင်း ကျော်ဆွေ၊ ငယ်မည် ခွေးညိုဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ အလယ်တန်းပြကျောင်းဆရာ၊ သမိုင်းကော်မရှင်စာကြည့်တိုက်မှူး၊ မော်ကွန်းထိန်းအရာရှိ၊ တက္ကသိုလ်

**စာမျက်နှာ ၅ သို့ ➤**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၄၁၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၁၀၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၈၂၀ နှင့် ဖူးစားပြောင်း ၄၆၃၅ ဧကစုစုပေါင်း ၅၄၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၄၄၄ ဧကနှင့် ဖူးစားပြောင်း ၃၆၅၈ ဧက စုစုပေါင်း ၄၁၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၅၄၅၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၁၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေး အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးအဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်း စသဖြင့် အမှုထမ်းခဲ့သည်။ စာပေလုပ်သားအဖွဲ့ အမှုဆောင်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စသည့်တာဝန်များယူခဲ့သည်။

အချင်းချင်းနှင့် စာပေလောကသားများအတွက် အနစ်နာခံ ထမ်းဆောင်ဦးရွက်ပြုတတ်သဖြင့် စာပေနယ်တွင် ထင်ရှားပါ၏။ လေးစားချစ်ခင်သူများ၏။

အဟောအပြောကောင်းသူအဖြစ်လည်း ထင်ရှားပါ၏။

သူသည် အမျိုးသားစာပေဆုသုံးဆုရခဲ့လေသည်။

၁။ ၁၉၆၉၊ ဘာသာပြန်စာပေဆု။ **အမ်ကယ်တွမ်**

၂။ ၁၉၇၆၊ ဝတ္ထုတိုပေါင်းချုပ်ဆု။ **အဖြူကိုမည်သူအနက်ဆိုးသနည်း**

၃။ ၁၉၈၀၊ ဘာသာပြန်ဆု။ **တစ်ထောင့်တစ်ညပုံပြင်များ(၁)**

**အာဠာဝက** (၁၉၆၄)၊ **ပဲခူးသား** (၁၉၇၇)နှင့် **ဘယ်သူပြိုင်လို့လုပါတော့နိုင်** စသော အောင်မြင်ထင်ရှားသည့်စာအုပ်များကို ပြုစုခဲ့သဖြင့် အထူးအောင်မြင်ထင်ရှားသောချောက်မြို့သား စာရေးဆရာတစ်ယောက်ဖြစ်ပေသည်။ စာရေးအား အလွန်ကောင်းသူဖြစ်ပါ၏။

**နိဂုံး**

နိုင်ငံနှင့်လူမျိုးအကျိုးပြုစာပေများကို အချိန်ရှိသမျှ ကြိုးစားပမ်းစားအားထုတ်ရေးသားပြုစုခဲ့ကြသော စာရေးဆရာကြီးများဖြစ်ကြသည့် ဌေးမောင်၊ မင်းကျော်၊ ရေနံမြေမြင့်အောင်(ပန်တျာမြင့်အောင်)၊ ရေနံမြေမောင်မောင်ကြည်၊ တင့်ထွန်း(ချောက်)၊ ငြိမ်းမင်း အစရှိသည့် မိမိတို့ရှေ့က လမ်းပြရှေ့ဆောင် ချောက်မြို့သားတို့ကိုကြည့်ကာ ငါလည်းကျောင်းဆရာ၏သားတစ်ယောက်ပေပဲမို့ သူတို့လို တာဝန်ကျေအောင်ကြိုးစားဖို့ရာ တာဝန်ရှိပေတာပဲဟု အားခဲမိပါတော့သည်။ ဇာတိဂုဏ်ကို မြှင့်တင်ရန်မှာ လူတိုင်း၏တာဝန်ပါ။

## ကြည်သာချမ်းမြေ့ အမျိုးသားအောင်ပွဲနေ့

- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးတက်ဖို့ အခြေခံ၊
ကိုလိုနီ ကျွန်အဖြစ်မှ
တွေးသစ်တော်လှန်၊
ပညာရေးက အကြောင်းဖန်
တွေးဆကြံ လမ်းမှန်သို့၊
အောင်ပွဲအမှန် အောင်အတိတ်နဲ့
အောင်ဟိတ်တည်စို့။

- ပညာကို မြတ်နိုးမှု
တွေးရှုလို့ ဆုံးဖြတ်သည်၊
နယ်ချဲ့သြဇာ လွှမ်းမိုးခြင်း
ပယ်ရှင်းရမည်၊
အမျိုးသားကျောင်းများ ပေါ်လာပြီ
ရှေ့သို့ချီ အောင်မြင်လမ်း၊
တို့နိုင်ငံ တို့ပိုင်စိုးဖို့
တိုးပွားရည်မှန်း။

- ချိန်ရာသီ တန်ဆောင်မုန်း
ရွှင်ပြုံးလို့ ပျော်ပေတာ၊
လပြည့်ကျော် ၁၀ ရက်နေ့
ချမ်းမြေ့သာယာ၊
အမျိုးသားအောင်ပွဲ နေ့မြတ်မဟာ
ပေါ်ထွန်းလာ ပျော်မဆုံး၊
မြတ်ပညာ ဂုဏ်ရှိန်မြင့်လို့
ထူးတင့်ရွှင်ပြုံး။

- နိုင်ငံတော် ဖွံ့ဖြိုးရေး
ဘက်စုံတွေး ကြည့်ပါလျှင်၊
ပညာရေးမှာ အဓိက
ပြည့်ဂုဏ်လှချင်၊
အမျိုးသားနေ့ အောင်ပွဲအစဉ်
ကျေးဇူးတင် ဂုဏ်ပြုပေး၊
တစ်မျိုးသားလုံး ညီညွတ်မှု
ရှေးရှုတယ်လေး။ ။

(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါသည်။

**အာကာမောင်မောင်**

## နိုင်ငံတကာ သတင်းများ

# သမ္မတလုံခြုံရေးအစီအစဉ်များကို ဖိလစ်ပိုင်လုံခြုံရေးအဖွဲ့အစည်းများ မြှင့်တင်ထား

**မနီလာ နိုဝင်ဘာ ၂၄**

လက်ရှိသမ္မတကို လုပ်ကြံမည်ဟူ၍ ဒုတိယသမ္မတ ဆာရာဒူတာတေးက ခြိမ်းခြောက်ခဲ့ပြီးနောက် ဖိလစ်ပိုင် လုံခြုံရေးအဖွဲ့အစည်းများက လုံခြုံရေးအစီအစဉ်များကို မြှင့်တင်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မိမိသာ အသတ်ခံခဲ့ရပါက လက်ရှိသမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာကို လုပ်ကြံသတ်ဖြတ်ရေးအတွက်လည်း စီစဉ်ထားပြီးဖြစ်ကြောင်း ဖိလစ်ပိုင်ဒုတိယသမ္မတက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဆာရာဒူတာတေး၏အဆိုပါပြောကြားချက်ပေါ်ထွက်လာခဲ့ပြီးနောက် ဖိလစ်ပိုင်သမ္မတလုံခြုံရေးအဖွဲ့သည် သမ္မတဖာဒီနန်မားကို့စ်အတွက် ကျင့်သုံးနေသောလုံခြုံရေးအစီအမံများကို မြှင့်တင်ထားကြောင်း သိရသည်။

သမ္မတမားကို့စ်ကို လုပ်ကြံမည်ဟူသော ခြိမ်းခြောက်စကားနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အမျိုးသားလုံခြုံရေးကောင်စီတာဝန်ရှိသူများက ပြောကြားထားသည်။

သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာနှင့် ဒုတိယသမ္မတ ဆာရာဒူတာတေးတို့သည် ၂၀၂၂ ခုနှစ် ဖိလစ်ပိုင်အထွေထွေရွေးကောက်ပွဲ၌ မဟာမိတ်များအဖြစ် လက်တွဲယှဉ်ပြိုင်ခဲ့ကြသည်။

နောက်ပိုင်းတွင် နိုင်ငံခြားရေးမူဝါဒအပါအဝင် မူဝါဒရေးရာကိစ္စများနှင့်ပတ်သက်၍ သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာနှင့်ဒုတိယသမ္မတ ဆာရာဒူတာတေးတို့ကြား သဘောထားကွဲပြားခဲ့ပြီး ဆက်ဆံရေးတင်းမာလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဂျော်ဒန်နိုင်ငံဆိုင်ရာ အစ္စရေးသံရုံးအနီး သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံး

**အမန် နိုဝင်ဘာ ၂၄**

ဂျော်ဒန်နိုင်ငံ အမန်မြို့ရှိ အစ္စရေးသံရုံးအနီး ယနေ့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ သေနတ်သမားတစ်ဦးသေဆုံးခဲ့ပြီး ဂျော်ဒန်ရဲတပ်ဖွဲ့ သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါသေနတ်သမားသည် အမန်မြို့ ရာဘီယာရပ်ကွက်၌ ကင်းလှည့်နေသော ဂျော်ဒန်တပ်ဖွဲ့ဝင်များကို စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျော်ဒန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။


ဂျော်ဒန်နိုင်ငံဆိုင်ရာ အစ္စရေးသံရုံးသည် ရာဘီယာရပ်ကွက်တွင် တည်ရှိပြီး ယနေ့ပစ်ခတ်မှုမှာ အစ္စရေးသံရုံးအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ သေနတ်ပစ်ခတ်မှု ဖြစ်စဉ်ကို ဂျော်ဒန်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။


ဂျော်ဒန်နိုင်ငံသား ၁၂ သန်းအနက် အများအပြားမှာ ၁၉၄၈ ခုနှစ်နောက်ပိုင်း အစ္စရေးနိုင်ငံသစ်ပေါ်ထွက်လာပြီးနောက် ဂျော်ဒန်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည့် ပါလက်စတိုင်း လူမျိုးများဖြစ်ကြသည်။

ဂါဇာကမ်းမြောင်စစ်ပွဲကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ အစ္စရေးဆန့်ကျင်ရေး စိတ်ဓာတ်များ မြင့်တက်လာချိန်တွင် ဂျော်ဒန်နိုင်ငံဆိုင်ရာ အစ္စရေးသံရုံးအနီး သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ယူကရိန်းစစ်မြေပြင်၌ စစ်မှုထမ်းလိုသည့် တပ်သားသစ်များအတွက် အစိုးရကြွေးမြီပယ်ဖျက်ရေးဥပဒေ သမ္မတပူတင် လက်မှတ်ရေးထိုး



**မော်စကို နိုဝင်ဘာ ၂၄**

ယူကရိန်း စစ်မြေပြင်၌ ပါဝင်တိုက်ခိုက်မည့်တပ်သားသစ်များအတွက် အစိုးရကြွေးမြီများ ဖြေလျှော့ပေးမည့် ဥပဒေကြမ်းတစ်ရပ်ကို ရုရှားသမ္မတ ပူတင်က နိုဝင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုး ခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေအရ ယူကရိန်းစစ်မြေပြင်၌ အနည်းဆုံးတစ်နှစ်တာဝန်ထမ်းဆောင်ရန် ရုရှားကာကွယ်ရေး ဝန်ကြီးဌာနနှင့် လက်မှတ်ရေးထိုးမည့် တပ်သားသစ်များ၏ အစိုးရကြွေးမြီများကို ပယ်ဖျက်ပေးနိုင်မည်ဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

အဆိုပါဥပဒေအရ ယူကရိန်းစစ်မြေပြင်၌ တာဝန်ထမ်းဆောင်မည့်တပ်သားသစ်များ၏ အစိုးရကြွေးမြီများအနက် ရူဘယ်လ်ငွေ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၉၅၈၃၅ ဒေါ်လာ)ထိ ပယ်ဖျက်ပေးခွင့်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရသိရသည်။

အဆိုပါဥပဒေတွင် လာမည့် ဒီဇင်ဘာ ၁ ရက်မတိုင်မီ အစိုးရကြွေးမြီများ ပြန်ပေးဆပ်ရမည့် တပ်သားသစ်အားလုံး အကျုံးဝင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်မြေပြင်၌ ပါဝင်တိုက်ခိုက်လိုသူများကို ပျမ်းမျှလစာထက်များစွာပိုများပြားသည့်ဆုကြေးခံစားခွင့်များကမ်းလှမ်း၍ စစ်သည်သစ်များစုဆောင်းမှုကို မြှင့်တင်လျက်ရှိသည်။

ယင်း နည်းလမ်းများကြောင့် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းစစ်ပွဲအတွက် အရန်တပ်များထပ်မံဆင့်ခေါ်ရမည့်အခြေအနေကို ရှောင်ရှားနိုင်သလို စစ်ပွဲအတွက်လည်း လူအင်အား ဖြည့်တင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# အီမရန်ခန်းထောက်ခံသူများ၏ ဆန္ဒပြပွဲများကိုတားဆီးရန် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ အစ္စလာမ်မာဘတ်မြို့ကိုပိတ်ဆို့ထား

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၂၄**

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ထောက်ခံသူများက အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ မပြုလုပ်မီ အစ္စလာမ်မာဘတ်မြို့ကို ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးအရ စတင်ပိတ်ဆို့ထားကြောင်း နိုဝင်ဘာ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ထောင်ဒဏ်ချမှတ်ခံထားရသော ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ထောက်ခံသည့်ပြည်သူများသည် ယနေ့တွင် အစ္စလာမ်မာဘတ်မြို့၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ စတင်ရန် စီစဉ်ထားသည်။




အီမရန်ခန်းထောက်ခံသူများ၏ဆန္ဒပြပွဲများကို တားဆီးရေးအတွက် လက်ရှိအချိန်တွင် ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များက အစ္စလာမ်မာဘတ်မြို့ကို ပိတ်ဆို့ထားကြောင်း သိရသည်။

ပါကစ္စတန် တာဝန်ရှိသူများသည် အီမရန်ခန်းထောက်ခံသူများ၏လှုပ်ရှားမှုများကို တားဆီးရေးအတွက် အစ္စလာမ်မာဘတ်မြို့၌ လူငါးဦးထက်စုဝေးမှုပိတ်ပင်ရေးစည်းမျဉ်းကို ပြီးခဲ့သည့်နှစ်လလောက်က စတင်ကျင့်သုံးခဲ့သည်။

ထို့ပြင် အစ္စလာမ်မာဘတ်မြို့တွင်းသို့ ဆန္ဒပြသမားများဝင်ရောက်မှုကို တားဆီးရေးအတွက် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ဝင်၊ မြို့ထွက်လမ်းများနှင့် အဝေးပြေးလမ်းများကို သင်္ဘောတင်ကုန်သေတ္တာများချ၍ ပိတ်ဆို့ထားကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် ရာဇဝတ်မှုစွဲချက် ၁၅၀ ကျော်ဖြင့် ရင်ဆိုင်နေရပြီး ယင်းစွဲချက်များမှာ နိုင်ငံရေးပယောဂ မကင်းသည့် စွဲချက်များဖြစ်သည်ဟု အီမရန်ခန်းကို ထောက်ခံသူများက မှတ်ယူထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကာရာကတ်စ်ရှိ အာဂျင်တီးနားသံရုံးကို ဗင်နီဇွဲလားအမျိုးသားရဲတပ်ဖွဲ့ဝိုင်းရံထား

**ကာရာကတ်စ် နိုဝင်ဘာ ၂၄**

အတိုက်အခံခေါင်းဆောင်များ ဝင်ရောက်ခိုလှုံနေကြသော ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ အာဂျင်တီးနားသံရုံးကို ဗင်နီဇွဲလားရဲတပ်ဖွဲ့များက ဝိုင်းရံထားကြောင်း နိုဝင်ဘာ ၂၃ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် ကာရာကတ်စ်မြို့ အာဂျင်တီးနား သံရုံးဝင်းအတွင်း ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ခြောက်ဦး ခိုလှုံနေကြောင်း သိရသည်။

အဆိုပါ အတိုက်အခံခေါင်းဆောင်များသည် ယခုနှစ် ဇူလိုင်လအတွင်း ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲ ပြီးဆုံးပြီးနောက်ပိုင်းမှစ၍ အာဂျင်တီးနားသံရုံးအတွင်း ဝင်ရောက်ခိုလှုံနေကြခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဗင်နီဇွဲလားအမျိုးသားရဲတပ်ဖွဲ့သည် အာဂျင်တီးနားသံရုံးဝန်းကျင်ရှိလမ်းများကို အဝင်အထွက်ပိတ်ပင်ထားပြီး သံရုံးအထက်တွင်လည်း မောင်းသူမဲ့လေယာဉ်များ ပျံသန်းစောင့်ကြည့်နေကြောင်း သိရသည်။

ထို့ပြင် ဗင်နီဇွဲလားအမျိုးသားရဲတပ်ဖွဲ့သည် အာဂျင်တီးနားသံရုံး၏ ဖုန်းလိုင်းများကိုလည်း ဖြတ်တောက်ထားကြောင်း အတိုက်အခံခေါင်းဆောင်များက ပြောကြားထားသည်။

ဗင်နီဇွဲလားအမျိုးသားရဲတပ်ဖွဲ့သည် ယခုနှစ်စက်တင်ဘာလတွင်လည်း အတိုက်အခံများကို ဖမ်းဆီးရေးအတွက် အာဂျင်တီးနားသံရုံးကို ဝိုင်းရံခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Rocket Lab ကုမ္ပဏီက ပြင်သစ်ကုမ္ပဏီတစ်ခု၏ ဂြိုဟ်တုငါးစင်းကို လွှတ်တင်ရန်စီစဉ်



**ဝါရှင်တန် နိုဝင်ဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ပြင်သစ်ကုမ္ပဏီတစ်ခု၏ ဂြိုဟ်တု ငါးစင်းကို ယနေ့ညပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ပြင်သစ်ကုမ္ပဏီ Kineise ၏ သတင်းအချက်အလက်မျှဝေဖလှယ်ရေးဂြိုဟ်တု ငါးစင်းကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ရန် Rocket Lab ကုမ္ပဏီက စီစဉ်ထားသည်။

နိုဝင်ဘာ ၂၄ ရက်မစ်ရှင်သည် Rocket Lab ကုမ္ပဏီက Kineise ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့သော တတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် Kineise ကုမ္ပဏီ၏ သတင်းအချက်အလက်မျှဝေဖလှယ်ရေးဂြိုဟ်တုများကို ယခုနှစ် ဇွန်လနှင့်စက်တင်ဘာလတွင် လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် Kineise ကုမ္ပဏီအတွက် သတင်းအချက်အလက် မျှဝေဖလှယ်ရေး ဂြိုဟ်တုများကို မစ်ရှင်ငါးခုဖြင့် လွှတ်တင်ပေးရန် သဘောတူထားကြောင်း သိရသည်။

Kineise ကုမ္ပဏီသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၄၀၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်၌ သတင်းအချက်အလက်မျှဝေဖလှယ်ရေးဂြိုဟ်တု ၂၅ စင်းပါဝင်မည့် ဂြိုဟ်တုကွန်ရက်တစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**မော်စကို နိုဝင်ဘာ ၂၄**

ရုရှား အာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်သည် နိုဝင်ဘာ ၂၃ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်ဟု အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၂၁ ရက်တွင် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်း အာကာသကုန်တင်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နှစ်ရက်ကြာပျံသန်းခဲ့ပြီးနောက် နိုဝင်ဘာ ၂၃ ရက်တွင် အလိုအလျောက် ချိတ်ဆက်မှုစနစ်သုံး၍ နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့သည်။



ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ ယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့ပစ္စည်းများ စုစုပေါင်း သုံးတန်ထိ သယ်ဆောင်သွားကြောင်း သိရသည်။

ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ ဆိုက်ကပ်ထားပြီးနောက် အာကာသစခန်းပေါ်ရှိ အမှိုက်သရိုက်များ သယ်ယူ၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ် အာကာသကုန်တင်ယာဉ်များသည် နိုင်ငံတကာ အာကာသစခန်းထောက်ပို့တာဝန်များ ရယူထားသည့် နိုင်ငံတကာ အာကာသ ကုန်တင်ယာဉ်များထဲတွင် ပါဝင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## သက်တမ်းအနုဆုံးဂြိုဟ်အဖြစ် သတ်မှတ်နိုင်မည့်ဂြိုဟ်တစ်စင်းကို အမေရိကန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များအနက် သက်တမ်းအနုဆုံး ဂြိုဟ်အဖြစ် သတ်မှတ်နိုင်မည့် ဂြိုဟ်တစ်စင်းကို အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၂၃ ရက်သတင်းများအရ သိရသည်။

IRAS 04125+2902b ဟူ၍ အမည်ပေးထားသော ၎င်းဂြိုဟ်၏ သက်တမ်းမှာ နှစ်ပေါင်းသုံးသန်းခန့်သာရှိသေးကြောင်း မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ အထက်ပါ သက်တမ်း သတ်မှတ်ချက်အရ IRAS 04125 ဂြိုဟ်သည် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားသမျှ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအနက် သက်တမ်းအနုဆုံး ဂြိုဟ်တစ်စင်း ဖြစ်လာနိုင်သည်။

ထို့ပြင် အဆိုပါဂြိုဟ်၏ပတ်လမ်းသည် မိခင်ကြယ်ပတ်ပတ်လည်ရှိ ဂြိုဟ်ဖွဲ့ချပ်ဝန်းလွှာနယ်မြေမှ လွင့်ထွက်လျက်ရှိရာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့်ကိစ္စ ဖြစ်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

IRAS 04125 ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၅၂၀ နှစ် အကွာတွင် တည်ရှိသည့် ခတ္တငွေ့ဂြိုဟ် တစ်စင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ် အရွယ်လောက်ပင်ရှိသော်လည်း ဒြပ်ထုမှာ ကြာသပတေးဂြိုဟ်ဒြပ်ထု၏ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## နှလုံးသွေးကြောရောဂါဆေးဝါးများက Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**စတော့ဟုမ်း နိုဝင်ဘာ ၂၄**

လူသုံးများသည့် နှလုံးသွေးကြောရောဂါ ဆေးဝါးများသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၂၃ ရက်သတင်းများအရ သိရသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နှလုံးသွေးကြောရောဂါ ကာကွယ်ဆေးများကို ရေရှည်သုံးစွဲသူများတွင် Dementia ဖြစ်နိုင်ခြေ ကျဆင်းသွားတတ်ကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် လူပေါင်း ၈၆၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နှလုံးသွေးကြောရောဂါ ဆေးဝါးများကို ငါးနှစ်ထိသုံးစွဲထားသူ သက်ကြီးပိုင်းများသည် ထိုသို့သုံးစွဲခြင်းမရှိသူများထက် Dementia ရောဂါဖြစ်ပွားနိုင်ခြေ ၂၅ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များလေ့လာခဲ့သည့် Dementia ရောဂါအပေါ် အကျိုးသက်ရောက်မှုရှိသော နှလုံးသွေးကြောရောဂါ ဆေးဝါးများထဲတွင် ကိုလက်စထရောလျှော့ချရေးဆေးများ၊ သွေးကျဲဆေးများ၊ သွေးဖိအားထိန်းချုပ်ရေးဆေးများပါဝင်သည်။

အထက်ပါ ဆေးပုံစံများကို ရေရှည်သုံးစွဲမှုကြောင့် Dementia ရောဂါဖြစ်ပွားနိုင်ခြေ ကျဆင်းလာနိုင်မှုမှာ လေးရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်းကြားထိ ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ညနေ ၅ နာရီနောက်ပိုင်း အစာစားမှုကြောင့် ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် နိုဝင်ဘာ ၂၄**

ညနေ ၅ နာရီ နောက်ပိုင်း အစားအစာ စားသောက်မှုကြောင့် ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း နိုဝင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညနေ ၅ နာရီနောက်ပိုင်းမှ အစားအစာ စားသောက်သူများတွင် သွေးအတွင်း သကြားဓာတ်ပါဝင်မှု ပုံမှန်ထက် မြင့်တက်လာတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်တာစားသုံးရမည့် ကယ်လိုရီပမာဏ စုစုပေါင်း၏ အနည်းဆုံး ၄၅ ရာခိုင်နှုန်းကို ညနေ ၅ နာရီ နောက်ပိုင်းတွင် စားသုံးပါက ကိုယ်ခန္ဓာ၏သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်း ထိန်းညှိနိုင်စွမ်း ထိခိုက်ပျက်စီးသွားနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ညပိုင်းကာလတွင် အင်ဆူလင်ဟော်မုန်းပေါ်ထွက်မှုကျဆင်းသွားတတ်ရာ လူ့ကိုယ်ခန္ဓာ၏ သကြားဓာတ် ပြုပြင်စီရင်နိုင်စွမ်းလည်း အကန့်အသတ်ရှိနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချရေးအတွက် ညနေ ၅ နာရီနောက်ပိုင်း အစာစားမှုကို ရှောင်ရှားသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၀၃ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဂိုးပြတ်ရှုံးပွဲဖြင့် မန်စီးတီးအသင်း ကြုံတွေ့



**မန်ချက်စတာ နိုဝင်ဘာ ၂၄**

ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) အဖြစ် မန်စီးတီးအသင်းနှင့် စပါးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် စပါးအသင်းက မန်စီးတီးအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သောကြောင့် မန်စီးတီးအသင်း အနေဖြင့် ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် အိမ်ကွင်းဂိုးပြတ်ရှုံးပွဲဖြင့် ကြုံတွေ့ခဲ့ရပြီး ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလက ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းကို အိမ်ကွင်းတွင် ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်း အိမ်ကွင်းတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းမရှိတော့ဘဲ နည်းပြ ဂွါဒီယိုလာ တာဝန်ယူခဲ့သည့် ကာလ တစ်လျှောက်တွင်လည်း ၂၀၂၂ ခုနှစ်က ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် နောက်ကျသွင်းဂိုးကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့ပြီး ယခုအခါ အိမ်ကွင်းတွင် စပါးအသင်းကို လေးဂိုးထိ ခွင့်ပြုခဲ့ရသဖြင့် နှစ်ပေါင်း ၂၀ ကျော်အကြာတွင် မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိခဲ့သည်။

ထို့ပြင် မန်စီးတီးအသင်းသည် သမိုင်းတစ်လျှောက်တွင် ပြိုင်ပွဲစုံ လေးပွဲဆက်သာ ရှုံးနိမ့်ခဲ့ဖူးသော်လည်း ယခုအခါ ကွာရာဘောင်းပြိုင်ပွဲတွင် စပါးအသင်းကို နှစ်ဂိုး တစ်ဂိုး၊ အမှတ်ပေးပွဲတွင် ဘုန်းမောက်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ချန်ပီယံလိဂ်ပွဲစဉ်တွင် စပို့တင်းအသင်းကို လေးဂိုး တစ်ဂိုး၊ အမှတ်ပေးပြိုင်ပွဲတွင် ဘရိုက်တန်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ယခုပွဲစဉ်တွင် စပါးအသင်းကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့သောကြောင့် ငါးပွဲဆက် ရှုံးပွဲကြုံခဲ့ရပြီး ရလဒ်ဆိုးများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ကလပ်အသင်းတစ်သင်းတွင် ပွဲ ၇၀၀ ပြည့်သည့် နည်းပြအဖြစ် ဆီမြွန်နီမှတ်တမ်းဝင်

**မက်ဒရစ် နိုဝင်ဘာ ၂၄**

အေတီကိုအသင်းက အလာဗက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် လာလီဂါအမှတ်ပေး ပြိုင်ပွဲအပြီးတွင် နည်းပြဆီမြွန်နီသည် အသင်းနှင့် ပြိုင်ပွဲစုံ ပွဲပေါင်း ၇၀၀ ပြည့်မြောက်ခဲ့သောကြောင့် လာလီဂါသမိုင်းတွင် ပထမဆုံး နည်းပြအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

နည်းပြ ဆီမြွန်နီသည် အေတီကိုအသင်းကို ၂၀၁၁ ခုနှစ်က စတင်တာဝန်ယူခဲ့သူဖြစ်ပြီး လက်ရှိတွင် အသင်းနှင့် ၁၃ နှစ်ကာလထိရောက်ရှိခဲ့ကာ စပိန်ထိပ်သီးကလပ်တွင် သက်တမ်းအကြာဆုံး နည်းပြတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် အလာဗက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၇၀၀ ပြည့်မြောက်ခဲ့သည့် မှတ်တမ်းတစ်ခုကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အေတီကိုအသင်းသည် အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း ပွဲကစားချိန် ခုနစ်မိနစ်ကတည်းက အလာဗက်အသင်း၏ဦးဆောင်မှုကို ခံခဲ့ရသောကြောင့် ဖိအားအောက်ကျရောက်ခဲ့ပြီး ပထမပိုင်းတွင် ချေပဂိုးရရှိရန် ကြိုးပမ်းသော်လည်း အလာဗက်အသင်း၏ ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဒုတိယပိုင်း အရောက်တွင် နည်းပြဆီမြွန်နီက တိုက်စစ်ပိုင်း အပြောင်းအလဲပြုလုပ်ခဲ့ရာ ပွဲချိန် ၇၆ မိနစ်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းနှင့် ပွဲချိန် ၈၆ မိနစ်တွင် တိုက်စစ်မှူး ဆိုးလော့တို့က ချေပဂိုးနှင့်ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နည်းပြဆီမြွန်နီသည် ပွဲ ၇၀၀ ပြည့်ပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သဖြင့် မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည့် အပြင် အသင်းကို တာဝန်ယူခဲ့သည့် ကာလတစ်လျှောက်တွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် လာလီဂါဆုဖလား ရယူကာ အောင်မြင်မှုရရှိခဲ့ပြီး လက်ရှိတွင် အေတီကိုအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။

Ref : ESPN

Trs : ML



# ရလဒ်ပိုင်းတိုးတက်မှုမရှိပါက နည်းပြအန်ဆယ်လော့တီကို ထုတ်ပယ်ရန် ရီးရဲလ်မက်ဒရစ်အသင်း ဆုံးဖြတ်

**မက်ဒရစ် နိုဝင်ဘာ ၂၄**

ရီးရဲလ်မက်ဒရစ်အသင်းသည် အယ်ကလက်စီကို ပွဲစဉ်တွင် ဘာစီလိုနာအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေစီမီလန်အသင်းတို့ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက လာမည့်ပွဲစဉ်များတွင် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိပါက နည်းပြအန်ဆယ်လော့တီကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် နောက်ဆုံးကစားခဲ့သည့် အိုဆာဆူနာအသင်းနှင့်ပွဲစဉ်တွင် လေးဂိုးပြတ်အနိုင်ရခဲ့သော်လည်း အသင်းအနေဖြင့် ဘာစီလိုနာအသင်းနှင့် အေစီမီလန်အသင်းတို့ကို အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အသင်းဥက္ကဋ္ဌ ပီရက်ဇ်က နည်းပြအန်ဆယ်လော့တီ၏ စွမ်းဆောင်မှုအပေါ် စိတ်ပျက်ခဲ့ပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးချိန်တွင် ရလဒ်ပိုင်း တိုးတက်မှုမရှိပါက နည်းပြအန်ဆယ်လော့တီကို ထုတ်ပယ်၍ အသင်း အားကစားဒါရိုက်တာ ဆိုလာရီနှင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြ အန်ဆယ်လော့တီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အတူ အကောင်းဆုံးနည်းပြဆု နှစ်ကြိမ် ဆွတ်ခူးခဲ့သူဖြစ်ပြီး အသင်းကို ချန်ပီယံလိဂ်ဖလား သုံးကြိမ်၊ ဖီဖာကလပ် ကမ္ဘာ့ဖလား နှစ်ကြိမ်၊ လာလီဂါဖလား နှစ်ကြိမ်၊ ယူအီးအက်ဖ်အေဖလား သုံးကြိမ်၊ ကိုပါဒယ်ရေးဖလား နှစ်ကြိမ်၊ စပိန်စူပါဖလား နှစ်ကြိမ် ရယူပေးနိုင်ခဲ့သောကြောင့် ရီးရဲလ်မက်ဒရစ် ပရိသတ်များ၏ အားပေးထောက်ခံမှုကို ရရှိထားသူဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# BMW Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဩစတြေးလျကစားသမား စမိုင်လီဆွတ်ခူး

**ဘရစ္စဘိန်း နိုဝင်ဘာ ၂၄**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဘရစ္စဘိန်းမြို့တွင် ကျင်းပခဲ့သည့် BMW Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား စမိုင်လီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလ်စွဲရန်ရေပန်းစားနေသည့် တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ကင်မရွန်းစမစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး အန်တိုနီနှင့် မက်လိုက်ရှ်မန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

အသက် ၂၂ နှစ်အရွယ် စမိုင်လီ အတွက် ပထမဆုံးဆွတ်ခူးခဲ့သည့်ဆုဖလားဖြစ်ပြီး ဩစတြေးလျ ဂေါက်သီးရိုက် လောကတွင် အရှိန်အဝါကြီးမားသော ကင်မရွန်းစမစ်အားကျော်ဖြတ်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဂုဏ်ယူစရာ ကောင်းသည့် အောင်မြင်မှုတစ်ခု ဖြစ်ကြောင်း စမိုင်လီက ပြောကြားခဲ့သည်။



စမိုင်လီက “ကျွန်တော့်အတွက်က အိပ်မက်တွေအမှန်တကယ်ဖြစ်လာခဲ့တာပါ။ ကင်မရွန်းစမစ်နဲ့ မက်လိုက်ရှ်မန်းတို့ကို ကျော်ဖြတ်ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ အောင်မြင်မှုဟာ ကျွန်တော့်ဘဝမှာ ဘယ်တော့မှမေ့လို့မရမယ့် အမှတ်တရဖြစ်ပါတယ်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရေးထက် ကင်မရွန်းစမစ်နဲ့ မက်လိုက်ရှ်မန်းတို့နဲ့ အတူ ပြိုင်ပွဲဝင်ခွင့်ရခဲ့တာက ကျွန်တော့်အတွက် ဂုဏ်ယူစရာ အမှတ်တရ ဖြစ်ပါတယ်။ ကျွန်တော် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကထဲ မဝင်လာခင်ကတည်းက ကင်မရွန်းစမစ်နဲ့ မက်လိုက်ရှ်မန်းတို့ရဲ့ ပြိုင်ပွဲတွေကို ရုပ်သံကနေကြည့်ရှုအားပေးခဲ့ရတာပါ။ အခုတော့ ကိုယ်တိုင် သူတို့နဲ့ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့အပြင် သူတို့ကိုကျော်ပြီး ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ❑ မန်စီးတီးအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပွဲကစားချိန် ၁၄ စက္ကန့်အတွင်း အဝါကတ်ပြသခံရသည့် စပါးအသင်းကစားသမား ဘစ်ဆူးမားသည် ပရီးမီးယားလိဂ်သမိုင်းတွင် အမြန်ဆုံး အဝါကတ်ပြသခံရသည့် လီဗာပူးကစားသမားဟောင်း မာနေး၏ ၁၅ စက္ကန့်စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။
- ❑ ချဲလ်ဆီးအသင်းက ပရီးမီးယားလိဂ် ပွဲစဉ် ၁၁ ပွဲတွင် သွင်းဂိုးခြောက်ဂိုးထိသွင်းယူနိုင်ခဲ့သည့် အစ်ဝှစ်တိုက်စစ်မှူး ဒီလက်ပ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ❑ အဲဗာတန်အသင်းပိုင်ရှင်များက ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသည့် နည်းပြဒိုက်ချ်၏နေရာတွင် အသင်းကို ပွဲပေါင်း ၅၀၀ ကျော်ကိုင်တွယ်ခဲ့သည့် နည်းပြ မိုယက်စ်နှင့်အစားထိုးရန် ပြင်ဆင်လျက်ရှိသည်။
- ❑ ဘွန်ဒက်လီဂါ-၂ ကလပ် ဟမ်းဘတ်အသင်းက ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြစတက်ဖန်ဘမ်းဂ့ါကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ကြေညာခဲ့သည်။ ML

# Davis Cup တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီအသင်းက ဩစတြေးလျအသင်းကို အနိုင်ရရှိ




**မာလာဂါ နိုဝင်ဘာ ၂၄**

စပိန်နိုင်ငံ မာလာဂါမြို့တွင် ကျင်းပနေသည့် Davis Cup တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အီတလီအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက (၂-၀)ရလဒ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီ အသင်းအတွက် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ခ်ဆင်နာနှင့် ဘာရက်တီတို့က အကောင်းဆုံး စွမ်းဆောင်သွားနိုင်ခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် ဩစတြေးလျအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ပွဲစဉ်(၁) အနေဖြင့် တစ်ဦးချင်းယှဉ်ပြိုင်ကစားသွားခဲ့ရာ အီတလီအသင်းမှ ဘာရက်တီနှင့် ဩစတြေးလျအသင်းမှ တန်နာစီတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဘာရက်တီက (၆-၇၊ ၆-၃၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ အီတလီအသင်းက (၁-၀)ရလဒ်ဖြင့် ဦးဆောင်ခွင့် ရသွားခဲ့သည်။

ပွဲစဉ်(၂) တစ်ဦးချင်းပွဲစဉ်အဖြစ် အီတလီအသင်းမှ ဂျန်နစ်ခ်ဆင်နာနှင့် ဩစတြေးလျအသင်းမှ ဒီမီနော့တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိသွားခဲ့သည့်အတွက် အီတလီအသင်းက (၂-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရလို့ ဝမ်းသာဂုဏ်ယူပါတယ်။ ချန်ပီယံဖြစ်ခွင့်မရခဲ့ရင်တောင်မှ ဗိုလ်လုပွဲစဉ်ကစားခွင့်ရခဲ့တဲ့ အခြေအနေကြောင့် ကျွန်တော်တို့အသင်းသားအားလုံး ဂုဏ်ယူနေမှာပါ။ ပြီးခဲ့တဲ့နှစ်တုန်းက ချန်ပီယံဆုကို ဆွတ်ခူးခဲ့တယ်။ ကံကောင်းလို့ ရခဲ့တာမဟုတ်ဘူးဆိုတာကို သက်သေပြခွင့်ရခဲ့တယ်။ လက်ရှိချန်ပီယံဆုကိုလဲ ကာကွယ်သွားချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**

# ပီအက်စ်ဂျီအသင်းက နူနိုမန်ဒက်ကို ၂၀၂၉ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပဲရစ် နိုဝင်ဘာ ၂၄**

ပီအက်စ်ဂျီအသင်းက အသင်းမှ အဓိကခံစစ်ကစားသမားတစ်ဦးဖြစ်သည့် နူနိုမန်ဒက်ကို ၂၀၂၉ ခုနှစ်ထိ ကာလရှည် သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ နူနိုမန်ဒက်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က စပို့တင်းလစ္စဘွန်း အသင်းမှ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အငှားစာချုပ်သက်တမ်း ကုန်ဆုံးချိန် ၂၀၂၂ ခုနှစ်တွင် အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

အစောပိုင်းက နူနိုမန်ဒက်နှင့် ပီအက်စ်ဂျီအသင်းတို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး မန်ယူအသင်းနည်းပြသစ် အာမိုရင်က နူနိုမန်ဒက်ကိုခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေပြီး ပီအက်စ်ဂျီအသင်းက အဓိကကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ၂၀၂၉ ခုနှစ် ဇွန်လထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီ အသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းကလည်း ထိပ်တန်းအသင်းကြီးများ စောင့်ကြည့်နေသည့် အဓိကခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ဟာကီမီကိုလည်း ၂၀၂၉ ခုနှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ယခုအခါ နူနိုမန်ဒက်ကိုလည်း ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၅)တွင် ရန်ကုန်ယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၅) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ တောင်ဒဂုံ အားကစားကွင်းတွင် ရေဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ရဲဝင်းအောင်၊ ပွဲချိန် ၃၉၊ ၅၆ နှင့် ၆၉ မိနစ်တို့တွင် လမင်းပြည့်စုံ၊ ပွဲချိန် ၆၄ မိနစ်နှင့် ၆၇ မိနစ်တွင် ကောင်းခန့်ကျော်၊ ပွဲချိန် ၈၄ မိနစ်နှင့် ၈၉ မိနစ်တွင် မင်းသုနှင့် ပွဲချိန် ၈၇ မိနစ်တွင် နိုင်ကိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက စလင်းအားကစားကွင်းတွင် ဒဂုံပေါ့အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်တွင် စောမင်းခန့်နိုင်၊ ပွဲချိန် ၇၅ မိနစ်တွင် သန်းထိုက်အောင်၊ ပွဲချိန် မိနစ် ၈၀ တွင် ဇင်ဖြိုးပိုင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် နိုင်ကိုကိုက သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီတွင် ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ ပွဲချိန် ၅၅ မိနစ်တွင် ဟန်မျိုးဇော်နှင့် ပွဲချိန် ၅၇ မိနစ်တွင် ဖိုးသောကြာတို့က သွင်းယူပေးနိုင်ခဲ့ကာ ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၉ မိနစ်တွင် ကောင်းမင်းထွဋ်၊ ပွဲချိန် ၉၃ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် လီဗာပူးက ဆောက်သမ်တန်အသင်းကို အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၂၄**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၂) အဖြစ်ကစားခဲ့သည့် လီဗာပူး အသင်းနှင့် ဆောက်သမ်တန် အသင်းတို့ပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများဖြင့် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက လီဗာပူးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဆောက်သမ်တန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၃၀ တွင် ဆောက်သမ်တန်အသင်း ခံစစ်ပိုင်းအမှားတစ်ဆင့် ဆာဘိုဇလိုင်က အဝေးကန်ချက်ဖြင့် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် လီဗာပူးအသင်းမှ ရော့ဘတ်ဆန်၏ ကြမ်းတမ်းသည့် ဖျက်ထုတ်မှုကြောင့် ဆောက်သမ်တန်အသင်း ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့ကာ အမ်းစထရောင်းက ကန်သွင်းခဲ့ရာ လီဗာပူးအသင်းမှ ဂိုးသမား ကယ်လီဟာ ပုတ်ထုတ်နိုင်ခဲ့သော်လည်းပြန်ထွက်လာသည့်ဘောလုံးကို အမ်းစထရောင်းကပင် ပြန်လည်ပိတ်သွင်းပြီး ဆောက်သမ်တန်အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် လီဗာပူးအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဖိအားပေးခဲ့သော်လည်း ဆောက်သမ်တန်အသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် အကောင်းဆုံး ပြန်လည် ဖိအားပေးနိုင်ခဲ့ကာ ပွဲချိန် ၅၆ မိနစ်တွင် အမ်းစထရောင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာနန်ဒက်က ဆောက်သမ်တန် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် လီဗာပူးအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် တရစပ်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၆၅ မိနစ်တွင် ဆာလာဟ်က လီဗာပူးအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၈၃ မိနစ်တွင် ဆောက်သမ်တန်အသင်းမှ ခံစစ်ကစားသမား ဆူဂါဝါရာ ပင်နယ်တီဧရိယာအတွင်း လက်ထိခဲ့သည့်အတွက် လီဗာပူးအသင်းက ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာမှ ဆာလာဟ်က အမှားအယွင်းမရှိ ကန်သွင်းပြီး လီဗာပူးအသင်း အတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၁၂ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၂)နေရာမှ မန်စီးတီး အသင်းကို ရမှတ် ရှစ်မှတ်ထိ ဖြတ်တောက်နိုင်ခဲ့ကြောင်း သိရသည်။

**STA**

# WBC Silver လိုက်ဝိတ်တန်းချန်ပီယံ ဇီပက်ဒါ ဒဏ်ရာရရှိနေသည့်အတွက် WBC လိုက်ဝိတ်တန်းချန်ပီယံ စတီဗင်ဆင်နှင့် ထိုးသတ်မည့်ပွဲစဉ်ကို ရွှေ့ဆိုင်း

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

WBC Silver လိုက်ဝိတ်တန်း ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဇီပက်ဒါနှင့် WBC လိုက်ဝိတ်တန်းချန်ပီယံ အမေရိကန် လက်ဝှေ့သမား စတီဗင်ဆင်တို့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင်ထိုးသတ်သွားရန် သဘောတူညီချက် ရရှိထားသော်လည်း ဇီပက်ဒါသည် ဒဏ်ရာရရှိခဲ့သည့်အတွက် ယင်းစိန်ခေါ်ပွဲအား ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဇီပက်ဒါက ယနေ့တွင် ပြောကြားခဲ့သည်။




ဇီပက်ဒါသည် လေ့ကျင့်ခန်းအစီအစဉ်တွင် လက်မောင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ယင်းဒဏ်ရာကြောင့် ကာလရှည် အနားယူရတော့မည် ဖြစ်သောကြောင့် စတီဗင်ဆင်နှင့် ထိုးသတ်မည့် ပွဲစဉ်အား အချိန်ရွှေ့ဆိုင်းရတော့မည်ဖြစ်ရာ ဇီပက်ဒါအတွက် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရမည့် အခွင့်အရေးဖြင့် လွဲချော်ရတော့မည် ဖြစ်သည်။

ဇီပက်ဒါ၏ Promoter ဖြစ်သူ အဲရစ်ဂိုမက်ဇ်က "ဇီပက်ဒါဟာ လေ့ကျင့်ရေးအစီအစဉ်မှာ လက်မောင်းဒဏ်ရာ ရရှိသွားခဲ့တယ်။ ဒါကြောင့် စတီဗင်ဆင်နဲ့ ထိုးသတ်သွားရမယ့် ပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်တာပါ။ ဒဏ်ရာကလဲ စိန်ခေါ်ပွဲအမီပြန်မကောင်းလာနိုင်တဲ့အတွက် စိတ်မကောင်းစွာနဲ့ စိန်ခေါ်ပွဲကို ရွှေ့ဆိုင်းလိုက်ရတာပါ။ စိန်ခေါ်ပွဲကို ပြန်လည်စီစဉ်သွားဖို့ ပြင်ဆင်သွားမယ်။ ဒီစိန်ခေါ်ပွဲဟာ ဇီပက်ဒါအရမ်းကို ထိုးသတ်ချင်နေတဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ ဒါကြောင့်မလို့ သူ့ရဲ့ဆန္ဒအတိုင်း စတီဗင်ဆင်နဲ့ ထိုးသတ်နိုင်ဖို့အတွက် အမြန်ဆုံး ပွဲစီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# အမျိုးသားအောင်ပွဲနေ့နှင့် အမျိုးသားရေးနိုးကြားမှု

ခိုင်(မိတ္ထီလာ)

**❖၁၉၂၀ ပြည့်နှစ် ယူနီဗာစီတီတက္ကသိုလ် ကျောင်းသားသပိတ်ကြီးသည် မြန်မာပြည်သူတို့၏ အမျိုးသားစိတ် အမျိုးသားမာန်များပြန်လည်နိုးကြားတက်ကြွလာစေရန် လှုံ့ဆော်ပေးခဲ့ရာ ထိုသပိတ်ကြီး စတင်ပေါ်ပေါက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို ဗြိတိသျှကိုလိုနီပညာရေးစနစ် တော်လှန်အောင်မြင်သော အထိမ်းအမှတ်အဖြစ် အမျိုးသားအောင်ပွဲနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး ခြိမ့်ခြိမ့်သဲသဲ တစ်ခဲနက် တက်ကြွစွာ စီရင်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၀၄ နှစ် တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။❖**

"ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ခြင်းသည် မြန်မာပြည်သားများ၏ ရင်ခွင်တွင် အိပ်မောကျနေသော အမျိုးသားစိတ်ဓာတ်ကို နှိုးခဲ့ပြီ။ တိုင်းပြည်တစ်ခု၏ ပညာရေးကို နှောင့်နှေးအောင်လုပ်ခြင်းသည် ရာဇဝတ်မှုဖြစ်သည်။ မတရားအမှုအပြုခံရသည့်အတွက် ကောလိပ်ကျောင်းသားများ သပိတ်မှောက်ခြင်း ဖြစ်ပေါ်လာရ၏" ဤကား ရန်ကုန်တက္ကသိုလ်သပိတ်နှင့် ပတ်သက်၍ ခေါင်းဆောင် ကိုဘဦးက သပိတ်မှောက်ကျောင်းသားများညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းရှည်မှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ရန်ကုန်ကောလိပ်ကျောင်းအုပ် မတ်သယူးဟန့်တားသည် ၁၉၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက် နံနက်၌ ကောလိပ်ကျောင်းသား၊ ကျောင်းသူများကို မိန့်ခွန်းပြောရာတွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဒီဇင်ဘာ ၁ ရက်က စ၍ အသုံးပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သောအခါ ဥရောပတိုက်သားများနှင့် အင်္ဂလိပ်- အိန္ဒိယကပြားများသည် တစ်ခဲနက်သြဘာပေးကြသည်။ ၎င်းတို့သည် မြန်မာပြည်ပညာရေးစနစ်တွင် အထူးအခွင့်အရေးရကြသူများ ဖြစ်ကြသည်။ ဆာကရက်ဒေါ့နှင့် အိန္ဒိယဘုရင်ခံချုပ်တို့ကလည်း ထိုဥပဒေကို အတည်ပြုလိုက်သောအခါ တိုင်းရင်းသားကောလိပ်ကျောင်းသားများ မခံမရပ်နိုင်အောင်ဖြစ်ကြရ၏။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသား ၁၁ ဦးသည် ထိုဥပဒေကို သပိတ်မှောက်ရန် အကြံပေါ်လာလေသည်။

တက္ကသိုလ်ကျောင်းသား ၁၁ ဦးသည် ရွှေတိဂုံစေတီတွင် တွေ့ဆုံကြပြီး ထိုဥပဒေကို အကြမ်းမဖက်သောနည်းလမ်းများဖြင့် အောင်မြင်စွာ သပိတ်မှောက်နိုင်ရန် တိုင်ပင်ဆွေးနွေးကြသည်။ ကောင်းအတူ ဆိုးအမျှ ဆောင်ရွက်ကြမည်ဟု သစ္စာဆိုကြ၏။

ဒီဇင်ဘာ ၄ ရက်တွင် ထိုကျောင်းသား ၁၁ ဦးသည် ရန်ကုန်ကောလိပ်နှင့် ဗက်ပတစ်ကောလိပ်က ယုံကြည်စိတ်ချရသော သူငယ်ချင်း ၈၉ ယောက်ကိုပါခေါ်၍ ရွှေကျင်တိုက်ကျောင်းအောက်ထပ်တွင် သပိတ်မှောက်သင့်၊ မမှောက်သင့်ကို ဆွေးနွေးကြသည်။ ထို့နောက် ကောလိပ်ကျောင်းနှစ်ကျောင်းစလုံးက ပါဝင်သော ကျောင်းသားသပိတ်မှောက် အမှုဆောင် ၂၆ ယောက်ကို ရွေးကောက်တင်မြှောက်ကြသည်။

နောက်တစ်နေ့ နံနက်စောစောတွင် သိမ်ကြီးဈေး၊ ပုစွန်တောင်ဈေး၊ ဗိုလ်ကလေးဈေး၊ ရေကျော်ဈေး၊ ဗိုလ်တထောင်ဈေး၊ ကွမ်းခြံဈေး၊ လမ်းမတော်သံဈေး၊ မော်တင်ဈေး၊ အလုံဈေး၊ ကြည့်မြင်တိုင်ဈေးများသို့ သပိတ်မှောက်အမှုဆောင်များ နှစ်ယောက်တစ်စု၊ သုံးယောက်တစ်စု ခွဲကာသွားပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရန်ကုန်ကောလိပ်နှင့် ဗက်ပတစ်ကောလိပ် ကျောင်းသား၊ ကျောင်းသူများက ကန့်ကွက်၍ သပိတ်မှောက်ကြောင်း၊ ၎င်းတို့သည် ဗဟန်းကြားတောရသို့ ချီတက်နေပြီဖြစ်ကြောင်း ဈေးသည်များနှင့် ဈေးဝယ်လာသူများကို သိရှိကြစေရန် သတင်းလွှင့်ပေးလိုက်၏။

သပိတ်စခန်းသို့ ကောလိပ်နှစ်ကျောင်းလုံးက ကျောင်းသားများ ဦးစွာရောက်လာကြသည်။ ထို့နောက်နေ့ကျောင်းသားများ တစ်သုတ်ပြီး တစ်သုတ်ရောက်လာကြသည်။ ထိုနေ့ ညနေတွင် တက္ကသိုလ်ကျောင်းသားဦးရေမှာ ၃၅၈ ယောက် စုမိသည်။ သူတို့၏စားသောက်ရေးအတွက် သိမ်ကြီးဈေး ဒါနသုခအသင်းဥက္ကဋ္ဌ ဒေါ်ကြင်အိမ်က တာဝန်ယူ၍ ဆောင်ရွက်ပေးသောကြောင့် စခန်းပိတ်သည်ထိပင် သပိတ်စခန်း၌ ဆန်၊ ဆီ၊ ဆား စသည်တို့ ဖူလုံသည်။

ရန်ကုန်ကောလိပ်ကျောင်းအုပ်မှစ၍ သက်ဆိုင်ရာ အရာရှိများသည် ကျောင်းသားများ၏ သပိတ်မှောက်ခံလိုက်ရသည်။ သို့နှင့် ကျောင်းအုပ်သည် ခါတုဇေဒ ဆရာနှစ်ဦးတို့ကို ကျောင်းသားများ ကျောင်းသို့ ပြန်လာရန် ဖြားယောင်းခိုင်းသည်။ ဗက်ပတစ်ကျောင်းသား ကိုလှက 'ဆရာများနှင့် ကောလိပ်သို့ သပိတ်မှောက်သည် မဟုတ်။ အက်ဥပဒေကို သပိတ်မှောက်ခြင်းဖြစ်၍ ဆရာတို့ပြန်ကြပါ' ဟု တောင်းပန်သဖြင့် ဆရာတို့သည် သူတို့အားထုတ်မှု မအောင်မြင်ကြောင်း ကျောင်းအုပ်ကို ပြောကြား၏။ ထိုအခါ ကျောင်းအုပ်ကိုယ်တိုင် ဆရာနှစ်ဦးနှင့်အတူ ဇရပ်ပေါ်သို့တက်ခဲ့ပြီး 'ကျောင်းသို့ ပြန်လာပြီး ပညာသင်ရင်း နစ်နာချက်များကို တောင်းပါ' ဟု ပြောသော်လည်း ခေါင်းဆောင် ကိုဖေသိန်းက 'တောင်းဆိုချက်များကို ပို့လိုက်ပါမည် ကျေနပ်လောက်အောင် ပြုပြင်ပေးတော့မှ ကောလိပ်များသို့ ပြန်လာကြပါမည်' ဟု လေးစားစွာ ပြန်ကြားလေသည်။ ကျောင်းအုပ်က ' ဤဟာ မှန်ကန်သော နည်းလမ်းမဟုတ်' ဟု ဆက်ပြောသောစကားမဆုံးမီ အမှုဆောင်ကိုမြင့်က 'ဗြိတိသျှအစိုးရ၏ နည်းပရိယာယ်များကို ကျွန်တော်တို့စက်ဆုပ်ပါသည်။ အစိုးရကို ကျွန်တော်တို့ တိုက်နေခြင်းဖြစ်ပါသည်။ ဆရာကြီး ကျေးဇူးပြုပြီး ပြန်ပါတော့ ' ဟု မျက်ရည်စို့သောမျက်လုံးများဖြင့် မချိတင်ကဲ ဝင်ပြောလိုက်သဖြင့် ကျောင်းအုပ်လည်း လက်လျှော့ကာ ပြန်သွားလေတော့သည်။ ကောလိပ်ကျောင်းနှစ်ကျောင်းစလုံး ပိတ်ထားသော စနေ၊ တနင်္ဂနွေတွင် ထို့ကဲ့သို့ ဖြစ်ခဲ့ပြီး တနင်္လာနေ့တွင် သပိတ်စခန်းသို့ နောက်ထပ်ကျောင်းသားများ ရောက်လာကြသဖြင့် အင်အား ၄၆၄ ဦးဖြစ်လာပြီးနောက် ၅၁၅ ဦးထိ တိုးလာ၏။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၈ ရက်တွင် ဘာသာရေးနှင့် ပတ်သက်၍ သပိတ်မှောက်နေကြသော ကူရှင်ဟိုက်စကူးကျောင်းသား ၄၀၀ ခန့်က သူတို့လည်း ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်နေကြပြီဟု ကြေညာလိုက်သည်။ ထိုကျောင်း၏ အပြုအမူသည် မြန်မာပြည်တွင်းရှိ အခြား အင်္ဂလိပ်- မြန်မာ ဟိုက်စကူးကျောင်းများအဖို့ ရှေ့ဆောင်လမ်းပြဖြစ်သွားလေသည်။ ရန်ကုန်မြို့ပေါ်ရှိ အခြား အထက်တန်းကျောင်းများလည်း လိုက်၍ သပိတ်မှောက်ကြသည်။ ရန်ကုန်ဟိုက်စကူးကျောင်းများ သပိတ်မှောက်ခြင်းကြောင့် အခြားမြို့ရှိ ဟိုက်စကူးကျောင်းနှင့် အလယ်တန်းကျောင်း ၁၉ ကျောင်းခန့် သပိတ်မီးကူးစက်သွားလေသည်။

'ရွှေတိဂုံရင်ပြင်ပေါ်မှာ အစည်းအဝေးခေါ်ပြီး အမျိုးသားတက္ကသိုလ်တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ငွေ ခြောက်သိန်းခန့် လှူကြမည်ဟု ကတိပေးခဲ့ကြပြီးဖြစ်၍ မကြာမီ အမျိုးသားတက္ကသိုလ် ပေါ်ထွန်းတော့မည်။ ငါတို့၏ တောင်းဆိုချက်ကို ဘေးချိတ်ထားပြီး ဒီဇင်ဘာ ၂၃ ရက်တွင် ကောလိပ်နှင့် ကျောင်းများသို့ ပြန်မတတ်သူများကို စာရင်းမှ ပယ်ပစ်မည်ဟု ခြိမ်းခြောက်လိုက်၏။ ငါတို့ မကြောက်။ ငါတို့သည် အစိုးရ၏ လက်ထဲတွင် ရုပ်သေးများမဟုတ်ကြောင်း အစိုးရနှင့် ကမ္ဘာသို့ ငါတို့ပြကြရမည်။ ပုသိမ်မြို့တွင် ကျောင်းသား ၄၀၀ ကျော် ကျောင်းထုတ်ခံကြရပြီ။ ငါတို့ နောက်ဆုတ်ရန် မဖြစ်နိုင်' စသော ရဲရဲတောက် မိန့်ခွန်းကို ပြောကြားခဲ့ပေသည်။

ထို့နောက် သက်ဆိုင်ရာတို့က ကျောင်းသားစာရင်းမှမထုတ်ပစ်မီသပိတ်မှောက်ကျောင်းသားများက မိမိတို့အမည်များကို နုတ်ယူကြရန် အားလုံးသဘောတူကြသည်။ ရန်ကုန်ကောလိပ် ၄၉၂ ယောက်၊ ဗက်ပတစ်ကောလိပ်မှ ၅၄ ယောက် စုစုပေါင်း ၅၄၆ ယောက်ဖြစ်သည်။ ဟိုက်စကူးကျောင်းသား ၁၇၀၀ ကျော်ကလည်း အလားတူပြုလုပ်ကြပြီး ကျောင်းအုပ်များထံ နုတ်ထွက်စာရင်းပို့လိုက်ကြသည်။ ရက်စေ့သော်လည်း ကျောင်းသားတစ်ယောက်မျှပြန်မလာသောကြောင့် မတ်ဟန်းတားတို့က ၁၉၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိ ရက်တိုးပေးလိုက်ရသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဗဟန်း သပိတ်မှောက်စခန်း အထက်တန်းကျောင်းကို အမျိုးသားကျောင်းဟု အမည်ပေး၍ အမျိုးသားပညာရေးလှုပ်ရှားမှုကော်မတီက စတင်ဖွင့်လှစ်လိုက်သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် အဆင်ပြေစေရန် ဗဟန်းတန်းမြင့်ကျောင်း၊ ပုဇွန်တောင်တန်းမြင့်ကျောင်း၊ ကြည့်မြင်တိုင်တန်းမြင့်ကျောင်း၊ ၃၂ လမ်း မိန်းကလေး တန်းမြင့်ကျောင်း၊ ဗိုလ်တထောင် အလယ်တန်းကျောင်း၊ စမ်းချောင်း အလယ်တန်းကျောင်း ဟူ၍ ခြောက်ကျောင်းခွဲကာ ထူထောင်ခဲ့သည်။ ထိုကော်မတီက အမြို့မြို့၌ အမျိုးသားကျောင်းများ ဖွဲ့စည်းရန်အတွက် သပိတ်မှောက်ကျောင်းသားများကို စေလွှတ်ခဲ့သည်။ ထို့ကြောင့် မြင်းခြံမြို့၌ အမျိုးသားကျောင်း ပေါ်ထွန်းခဲ့သည်။ နှစ်ကာလကြာသော် မြန်မာတစ်ပြည်လုံးတွင် ကျောင်းသားပေါင်း ၁၆၀၀၀ ရှိသော အမျိုးသားကျောင်း ၉၀ ရှိလာသည်။ ထို့ပြင် ၁၉၂၁ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဗဟန်းရွှေကျင်ကျောင်းတိုက်၌ ပထမအမျိုးသားတက္ကသိုလ် ပေါက်ဖွားလာသည်။ ဤကား နောက်ဆက်တွဲ အကျိုးကျေးဇူးတည်း။

တစ်နိုင်ငံလုံးရှိ သပိတ်မှောက်ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်သော ညီလာခံကို ၁၉၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်နေ့တွင် ရွှေကျင်ကျောင်းတိုက်အတွင်း၌ ကျင်းပသည်။ ဤညီလာခံသည် ကျောင်းသားအုံကြွမှုမှ အမျိုးသားရေးနိုးကြားမှု ဖြစ်ပေါ်လာခြင်းဖြစ်ပြီး မြန်မာ့သမိုင်းစဉ်တွင် ပထမဦးစွာ စုစည်းမိခြင်းလည်းဖြစ်သည်။ ၎င်းညီလာခံမှ သပိတ်မှောက်ကျောင်းသားကိုယ်စားလှယ်တို့ အလေးအနက်ဆွေးနွေးပြီး ဆုံးဖြတ်ချက် ၁၅ ချက်တွင် "ဂျီစီဘီအေ အစည်းအဝေးမှ ဆုံးဖြတ်ချက်အတည်ပြုချက်အတိုင်း ဗမာနိုင်ငံလုံးဆိုင်ရာ သပိတ်မှောက်ကျောင်းသားများသည် အစိုးရနှင့် အစိုးရအထောက်အပံ့ခံကျောင်းများသို့ ပြန်၍မတတ်ကြတော့ရန်" လည်း ပါဝင်ပေသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် သပိတ်မှောက်အရေးတော်ပုံသည် သာမန်အားဖြင့် တက္ကသိုလ်ဥပဒေတစ်ခုတည်းကိုသာ ရည်ရွယ်၍ တိုက်ခိုက်နေခြင်းမျိုးမဟုတ်တော့ဘဲ ကိုလိုနီပညာရေးတစ်ခုလုံးကိုပါ တိုက်ခိုက်လာသည်ထိ ကျယ်ပြန့်လာကြောင်း တွေ့ရပေသည်။

သို့ဖြစ်ရာ ၁၉၂၀ ပြည့်နှစ် ယူနီဗာစီတီတက္ကသိုလ်ကျောင်းသားသပိတ်ကြီးသည် မြန်မာပြည်သူတို့၏ အမျိုးသားစိတ် အမျိုးသားမာန်များပြန်လည်နိုးကြားတက်ကြွလာစေရန် လှုံ့ဆော်ပေးခဲ့ရာ ထိုသပိတ်ကြီးစတင်ပေါ်ပေါက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို ဗြိတိသျှကိုလိုနီပညာရေးစနစ် တော်လှန်အောင်မြင်သော အထိမ်းအမှတ်အဖြစ် အမျိုးသားအောင်ပွဲနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး ခြိမ့်ခြိမ့်သဲသဲ တစ်ခဲနက် တက်ကြွစွာ စီရင်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၀၄ နှစ် တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဤ ၁၀၄ နှစ်မြောက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ယခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့" ဟူသော ဆောင်ပုဒ်ဖြင့် အမျိုးသားအောင်ပွဲနေ့ကို ပြည်သူတစ်ရပ်လုံး ဂုဏ်ပြုဖြတ်သန်းမည်ဖြစ်ပေသည်။

သပိတ်မှောက်ကျောင်းသားတို့၏ သန္နိဋ္ဌာန်ကား ခိုင်မြဲလှသည့်အညီ တစ်သွေးတစ်သံတစ်မိန့် ညီညွတ်သောသွေးစည်းမှု အခြေခံကောင်းများကြောင့် သပိတ်အရေးတော်ပုံ အထမြောက်ခဲ့ရသည့်ထုံးကို နှလုံးမူ၍ ယနေ့ခေတ် အခါသမယတွင် အမျိုးသားသွေးစည်းညီညွတ်ရေးသည် အရာရာအောင်မြင်ကြောင်း မျိုးစေ့ဟု သိရှိရ၏။ တစ်မျိုးသားလုံး အစည်းမပြေဘဲ ညီညီညွတ်ညွတ် စည်းလုံးခြင်းသည်သာ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရန် အဓိက လိုအပ်ချက်ဖြစ်ကြောင်း သတိချပ်ဆင်ခြင်ရ၏။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုကို တည်ဆောက်သင့်ပေသည်။ နိုင်ငံတော်တိုးတက်စေရန် ပညာရေးဖြင့် ရင်းနှီးမြှုပ်နှံခြင်းသည်သာ အကောင်းဆုံးရင်းနှီးမြှုပ်နှံခြင်းဖြစ်ရာကား အသိပညာ၊ အတတ်ပညာ ပြည့်ဝသော ပညာတတ်အမြောက်အမြားထွက်ပေါ်ရေးကို ဗဟိုပြုသည့် ပညာရေးစနစ်သည်လည်း လိုအပ်ချက်တစ်ရပ်ပင်ဖြစ်တော့သည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ်မှတစ်ဆင့် အမျိုးသားရေးနိုးကြားမှု အမျိုးသားမှန်သည် မကြုံစဖူးအောင် ထူးထူးကဲကဲ အုံကြွလာခဲ့ရာ ထိုစိတ်တို့ ပေါက်ဖွားရာ အမျိုးသားအောင်ပွဲနေ့နှင့်အတူ နိုင်ငံ၏ပညာရေးတိုးတက်မှုကို နိုင်ငံသားတိုင်း အစဉ်ရှေးရှုဂရုမူခြင်းဖြင့် သပိတ်မှောက်ကျောင်းသားများ၏ စွန့်လွှတ်အနစ်နာခံမှုများကို လေးစားဂုဏ်ပြုရာရောက်ကြောင်း ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကမ္ဗည်းတင်အပ်ပါသည်။

## မြန်မာ့ရိုးရာလက်ဝှေ့အားကစားကိုအခြေခံထားသည့် ရင်နှင့်ရင်း၍ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်




**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာ့ရိုးရာ လက်ဝှေ့အားကစားကို အခြေခံထားသည့် ရင်နှင့်ရင်း၍ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလဆန်းမှစ၍ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးမည်ဖြစ်ကြောင်း သရုပ်ဆောင် မေမီကိုကိုက ပြောပြ၍ သိရသည်။

AI Image Myanmar Film Production မှ ရိုက်ကူးထုတ်လုပ်မည့် ရင်နှင့်ရင်း၍ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို Kuangli Xie က ရေးသားထားပြီး မင်းမှုပိုင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ အောင်ချမ်းလူက တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ကျွန်တော်က မေဇင်ဆိုတဲ့ ဇာတ်ကောင်နေရာက ပါဝင်သရုပ်ဆောင်မှာပါ။ ကိုယ်က အစ်မကြီး အမိအရာဆိုသလိုပေါ့။ မိခင်မေတ္တာ ငတ်မွတ်နေတဲ့ မောင်နှမ နှစ်ယောက်အတွက် အရိပ်တစ်ခုအနေနဲ့ အကောင်းဆုံး ကြိုးစားတဲ့နေရာမှာ ပါဝင်ထားပါတယ်။ ဒီကားမှာ ပါဝင်ဖြစ်တာက ဆရာမ မသီရိအောင်ရဲ့ ကမ်းလှမ်းချက်ကြောင့်ပါ။ ကိုယ့်အနုပညာ မောင်နှမတွေ Team Work ကောင်းကောင်းနဲ့ လက်ဝှေ့ဇာတ်ကားလေးရှိတယ်လို့ ပြောတာမို့ စိတ်ဝင်စားလို့ ကျွန်တော်က ပါဝင်ဖြစ်ခဲ့တာပါ။ လက်ဝှေ့နဲ့ ကျွန်တော်က သိပ်စိမ်းတဲ့အထဲမှာ မပါပါဘူး။ အရမ်းစိမ်းတဲ့အထဲ မပါဘူးဆိုတာက မြန်မာ့လက်ဝှေ့နဲ့ မွေထိုင်း သင်ကြားခဲ့ဖူးတယ်။ ကျွန်တော် တတိယမြောက်ဆုံမှတ် ရိုက်တုန်းကဆိုရင် အက်ရှင်ပိုင်းနဲ့ မွေထိုင်းကို ကောင်းကောင်းလေ့လာခဲ့ဖူးတယ်။ မြန်မာ့လက်ဝှေ့ Toxic Season 2 ဆိုရင် ကာရိုက်တာအရ လက်ဝှေ့ထိုးရတဲ့အခန်းတွေ ရိုက်ခဲ့ဖူးပါတယ်။ လက်ဝှေ့မှာတော့ သူ့ပညာနဲ့သူပေါ့။ လေ့လာစရာကတော့ မကုန်ပါဘူး။ အက်ရှင်ခန်းတွေအတွက်လဲ သေချာလေ့လာခွင့်ရလို့ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် မေမီကိုကိုက ပြောပြသည်။

ရင်နှင့်ရင်း၍ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ဟင်နရီစိ၊ မင်းသူ၊ မိုက်မိုက်၊ မင်းဟိဏ်း၊ မေမီကိုကို၊ Lဘောင်နူး၊ ရွှန်းလဲ့ကိုကိုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## ခရစ္စတိုဖာနိုလန်၏ ဇာတ်ကားသစ်၌ မင်းသား ရောဘတ်ပတ်တင်ဆန် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၄**

ကမ္ဘာကျော်ဒါရိုက်တာ ခရစ္စတိုဖာနိုလန်၏ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ရောဘတ်ပတ်တင်ဆန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ခရစ္စတိုဖာနိုလန်၏ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ရောဘတ်ပတ်တင်ဆန်သည် မင်းသား မက်ဒါမွန်၊ တွမ်ဟော်လန်း၊ မင်းသမီး အင်နီဟေသဝေး၊ ဇန်ဒါးယားတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

ခရစ္စတိုဖာနိုလန်နှင့် ရောဘတ်ပတ်တင်ဆန်တို့သည် Tenet (2020)ဇာတ်ကား၌ လက်တွဲဆောင်ရွက်ခဲ့ဖူးသူများ ဖြစ်ကြကြောင်း သိရသည်။

လက်ရှိတွင် ခရစ္စတိုဖာနိုလန် ရိုက်ကူးမည့် ဇာတ်ကားသစ်၏ ဇာတ်လမ်း၊ ဇာတ်အိမ်နှင့် ဇာတ်ကားနာမည် အသေးစိတ်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန်ကိုယ်တိုင် ရေးသားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## သက်ကြီးအနုပညာရှင်များဖြစ်သည့် ချစ်သန်းမြင့်နှင့် ဘသက်ဆွေတို့ကို ဇာတ်ညွှန်းရေးဆရာများက အိမ်တိုင်ရာရောက် ဂါရဝပြုကန်တော့

**ရန်ကုန် နိုဝင်ဘာ ၂၄**

သက်ကြီးအနုပညာရှင်များ ဖြစ်သည့် ဇာတ်ညွှန်းရေးဆရာကြီး ချစ်သန်းမြင့်နှင့် ဆရာကြီး ဘသက်ဆွေတို့ကို ဇာတ်ညွှန်းရေးဆရာများက နိုဝင်ဘာ ၂၃ ရက်တွင် အိမ်တိုင်ရာရောက် ဂါရဝပြုကန်တော့ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ဇာတ်ညွှန်းရေးဆရာများက သက်ကြီးဇာတ်ညွှန်းရေးဆရာကြီးများကို ဂါရဝပြုကန်တော့ရာတွင် ဆရာကြီးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ နှင့် စားသောက်ဖွယ်ရာများကို အိမ်တိုင်ရာရောက် ကန်တော့ကြကြောင်း သိရသည်။

"ကျွန်တော်အပါအဝင် ဇာတ်ညွှန်းရေးဆရာတွေက သက်ကြီးဇာတ်ညွှန်းရေးဆရာကြီးတွေကို နှစ်စဉ် မိမိတို့အစီအစဉ်နဲ့ ကန်တော့လေ့ရှိပါတယ်။ ဒီနှစ်ကတော့ အိမ်တိုင်ရာရောက်ကန်တော့ခဲ့ပါတယ်။ ဆရာကြီး ချစ်သန်းမြင့်ဆိုရင် အသက် ၉၅ နှစ် ရှိပါပြီ။ ဆရာကြီးက သန်လျင်မှာနေပါတယ်။ သန်လျင်အိမ်အရောက် သွားရောက်ကန်တော့ခဲ့ပါတယ်။ ဆရာကြီး ဘသက်ဆွေက အသက် ၈၅ နှစ်ရှိပါပြီ။ သင်္ဃန်းကျွန်းမှာ နေပါတယ်။ ငွေကြေးအနေနဲ့ကတော့ တစ်ယောက်ကို ငွေကျပ် ၁၅၀၀၀၀ ဂါရဝပြုကန်တော့ပါတယ်။ မုန့်မျိုးစုံနဲ့ အခြားကန်တော့ပစ္စည်းတွေလဲ ပါပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။



ထိုကဲ့သို့ ဇာတ်ညွှန်းရေးဆရာများက သက်ကြီးဇာတ်ညွှန်းရေးဆရာကြီးများကို ဂါရဝပြုကန်တော့ကြရာတွင် ဇာတ်ညွှန်းရေးဆရာ၊ ဆရာမများဖြစ်ကြသည့် ဦးအေးကြူလေး၊ စာရေးဆရာ ဒါရိုက်တာ အောင်စိုးဦး၊ သက်သခင်၊ မယ်ခိုင်၊ ဒေါက်တာ အောင်မိုး၊ ချောကလျာဖော်၊ ချောကဗျာဖော်၊ သရုပ်ဆောင် နေရှိုင်းစသည်တို့ ပါဝင်ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

ASH

## Wuthering Height ဇာတ်ကား၌ မင်းသား ရှာဇက်လာတစ် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၄**

ဝါနာဘရားသား ကုမ္ပဏီက ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် Wuthering Height ဒရာမာဇာတ်ကားတွင် အင်္ဂလိပ်မင်းသား ရှာဇက်လာတစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

Wuthering Height ဇာတ်ကားတွင် မင်းသား ရှာဇက်လာတစ်သည် မင်းသမီး မာဂေါ့ရော့ဘီ၊ မင်းသား ဂျက်ကော့အယ်လော်ဒီတို့နှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

မင်းသား ရှာဇက်လာတစ်သည် What's Love Got to with It ဟာသဒရာမာဇာတ်ကား၌ မင်းသမီး လီလီဂျိမ်းနှင့်အတူ သရုပ်ဆောင်ခဲ့သူဖြစ်သည်။

အဆိုပါဇာတ်ကားကို အင်္ဂလိပ်စာရေးဆရာမ အမ်မလီဘရွန်တီ၏ Wuthering Height (1847) ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Wuthering Height ဇာတ်ကားကို ဒါရိုက်တာ အမ်မရယ်ဖန်နဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

Wuthering Height ဇာတ်ကားကို လာမည့်နှစ် ဇန်နဝါရီလတွင် ဗြိတိန်နိုင်ငံ၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## တေးသံရှင် ပူစူး၏ End of November တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Melody Bar၌ ပြုလုပ်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

တေးသံရှင် ပူစူး၏ End of November တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Melody Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ပူစူးက ပြောပြ၍ သိရသည်။

End of November တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် ပူစူး၏သီဆိုဖျော်ဖြေမှုများကို The Tree Band တေးဂီတအဖွဲ့က အကောင်းဆုံး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ရဲ့ ပရိသတ်တွေဆီကို ကျွန်တော်ရဲ့သီချင်းအေးအေးလေးတွေနဲ့ ဖျော်ဖြေမှုတွေပေးမှာမို့ လှမ်းခဲ့ပါအုံးလို့ ဖိတ်ခေါ်ပါတယ်။ သီချင်းအေးအေးလေးတွေနဲ့ ဆွေးပြီးရင်တော့ မြူးဖို့အတွက် Dj Larry နဲ့ Dj Keko တို့ကလဲ တွဲဖက်ဖျော်ဖြေပေးအုံးမှာပါ" ဟု တေးသံရှင် ပူစူးက ပြောပြသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို Melody Bar ၌ နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်ကြောင်း တေးသံရှင် ပူစူးက ပြောပြ၍ သိရသည်။

ASH

# Message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 104th Anniversary of National Victory Day 2024

## (25 November 2024)

**Esteemed entire Myanmar people,**

I extend my heartfelt greetings and best wishes to all the people of Myanmar, including fellow citizens and ethnic communities, for good health, happiness, and prosperity in all aspects of life on the auspicious occasion of the 104th National Victory Day which falls on the 10th Waning of Tazaungmone 1386 Myanmar era and 25 November 2024, today.

This historic and significant day marks the resistance against the colonial rulers' oppressive education system designed to perpetuate their domination. It is also the day that inspired patriotism and revitalized national pride among the entire Myanmar people. Therefore, it remains an unforgettable day for all citizens of Myanmar.

Colonialists exploited the nation's valuable natural resources for their own benefit and ruled oppressively. They deliberately prevented the Myanmar national races from accessing higher education and used various methods to hinder their ability to progress on par with the times. As a result of repeated demands by the Myanmar people for the establishment of a university in Myanmar, the colonial rulers enacted the University Act on 1 December 1920.

This act imposed various restrictions that hampered Myanmar youth from continuing their university education. As a result, students with a strong sense of nationalism, including Ko Ba Shin, Ko Pho Kun, and Ko Phay Thein, led a group of 11 senior students to protest against the education system. In the colonial era when Myanmar was under foreign occupation, their movement encouraged the entire Myanmar people to awaken with the nationalistic spirit to be free from foreign rule. It also inspired the people to take action for their freedom and social justice, motivating them to endure personal sacrifices for the greater cause of national liberation from colonial rule.

The history of Myanmar's struggle for independence showed the spirit of patriotism and unity which have proven to be a powerful force, as evidenced by the national victories that were achieved. The celebrations of National Victory Day, which were held annually without fail across the entire Union of Myanmar, have now reached their 104th year.

**Esteemed entire Myanmar people,**

Peace is the foundation for the country's economic development, the improvement of the social lives of its citizens, the harmony and stability within the Union, and the rule of law. Through mutual respect and understanding between national races, cooperation between individuals can be fostered, and misunderstandings and conflicts can be reduced, resolving issues through dialogue. Relationships based on trust allow challenges to be overcome together, ultimately leading to a more harmonious and collaborative coexistence, ensuring long-term and sustainable peace. If political issues are resolved through armed conflict instead of political means, it will result in a situation where there is freedom but no peace. Furthermore, it is essential to be mindful that the non-disintegration of the Union, non-disintegration of national solidarity, and perpetuation of sovereignty must be preserved to avoid any potential risks.

The State Administration Council has been holding discussions with political parties and ethnic armed organizations to achieve permanent peace, and has been able to document the positions obtained from these bilateral talks for further discussion and approval in future sessions of Hluttaw. The talks are being continuously conducted and will continue to be carried out. This being so, it is time for all national brethren to eliminate misunderstandings and doubts, reject undesirable ideologies, and come together in mutual trust, respect, and love. Everybody must join hands to build durable peace. By exercising the rights granted under the nation's constitution, I urge everyone to work together in unity to achieve national stability, peace, and development.

**Esteemed entire people and national brethren,**

For the development and progress of a nation, it is necessary to nurture and develop the intellectual capacity of its citizens. Focusing on the growth of their intellect and knowledge plays a key role in ensuring the continuous development of the country. In terms of nation-building and development, the State Administration Council is actively supporting the emergence of skilled human resources who are proficient in advanced fields of study, ensuring that highly qualified human resources are available for further development.

Essentially, it is easier to acquire knowledge and skills only when one has received formal education. The government is implementing a comprehensive education system that allows everyone to access education, with the aim of nurturing skilled and exceptional young people with five strengths of capacity who can contribute to the country's growth. When educated youth serve with dedication and a sense of responsibility, they will bring benefits to the nation. The balance between knowledge and skills will create advantages in various fields such as politics, economics, and society, and it will foster unity and harmony in the country.

Parents and teachers are key figures in nurturing high-quality, thoughtful, and outstanding human resources. Parents must guide their children from birth to adulthood, providing education, healthcare, moral development, and discipline. Teachers, on their part, must carry out their duties with dedication, striving to embody the qualities of an exemplary educator. They must foster a sense of responsibility and accountability, with the mindset, discipline, and knowledge necessary to nurture future generations of well-rounded citizens who will contribute positively to the nation.

**Esteemed entire Myanmar people,**

It is essential that every citizen has to accept the concept that they have to serve a duty to train and nurture educated, compassionate, and capable young people who will become the future builders of the nation, and to carry out this responsibility with great seriousness and care.

The government has implemented a free education system to ensure that all school-age children have access to education and can attend school until at least the completion of the KG+9 scheme. This system is designed to produce a well-rounded human resource base capable of contributing to the development of a modern, developed nation. Achieving this goal requires the full cooperation of parents, teachers, and students in order to ensure success at every level.

The national education process is not something that can be completed in a short time, nor is it a task that can be accomplished by the efforts of just one person. Success can only be achieved when all citizens actively participate with a national spirit. In implementing this process, success can only be achieved through patience, determination, and perseverance in the face of challenges. While the government provides support from all sectors, all responsible individuals and the public need to work together in unity. Therefore, I urge everyone to be aware of, understand, and collaborate in the efforts to improve and elevate the education sector for the better future of the nation.

**Esteemed entire Myanmar people,**

The State Administration Council has been implementing national prosperity and food security as part of the national cause. National prosperity refers to the ability of all citizens to live peacefully under the rule of law, to receive education, and to engage in employment. In areas of national races, activities of terrorists and armed insurgents have disrupted peace, the rule of law, and regional development. Furthermore, the learning opportunities for students and the employment opportunities for locals are being lost, severely impacting their socioeconomic lives. As the State Administration Council continues to take responsibility for maintaining the peace and prosperity of the community, upholding the rule of law, and contributing to nation-building endeavours, it is crucial that all national races come together in unity and cooperation.

To ensure food security, it is essential for the people of Myanmar to not only maintain traditional agricultural and livestock practices but also to innovate in food production using modern techniques. It is necessary to form cooperative societies to develop agriculture, livestock, and manufacturing industries, and through these efforts, to establish factories and workshops based on agricultural and livestock products. Across the country, in each state and region, micro, small and medium-scale enterprises based on domestic raw materials and agriculture and livestock products must be developed to ensure success. In these endeavours, the government will provide support with capital, technology, and other necessary resources.

In successive eras, domestic production industries have weakened, and the importation of foreign goods increased, leading to a growing need for foreign currency. During the period when the State Administration Council took responsibility, they made efforts to preserve natural resource production as much as possible. Instead of exporting natural resource materials, they focused on increasing the export of agricultural and livestock breeding products. As economic growth is crucial for national development, efforts are being made to foster economic development.

I would like to urge the entire national people to place special emphasis on boosting domestic production for food security. Similarly, efforts should be made to enhance the production of export goods, which will reduce the need for foreign currency and increase revenue. If the national economy improves, the socioeconomic lives of the people will also develop, and in accordance with the country's economic policy objectives, development will progress equally across regions and states.

**Esteemed entire people and national brethren,**

The National Victory Day marked the beginning of the dawn of independence and the early period of national cause. It is through the noble virtues of those who sowed the seeds of the National Victory Day that the final victory was achieved. Thanks to National Victory Day, the spirit of nationalism was elevated to such an extent that it has now reached the point where everybody can approach the goal of independence. This progress is now clearly visible to all.

On this distinguished and auspicious National Victory Day, in accordance with the 104th National Victory Day theme, 'Let's unite all nationalities for Union peace', I urge all citizens of Myanmar to harness the strength, resolve, and energy passed down by our ancestors for the durable peace and sustainable development of the Union of Myanmar which is a heritage of our ancestors through the Union spirit and united national strength.

In conclusion, I would like to urge all ethnic people to unite with a national spirit, working together with determination and building a great Union based on democracy and a federal system to achieve success in the implementation of the national objectives of the this year's National Victory Day: To foster mutual respect and trust among all nationalities, ensuring durable peace; To cultivate a well-educated populace with the knowledge and skills necessary for the State's development; To encourage nationwide support for the education sector, contributing towards the all-round development of the State; and To enhance domestic production, ensuring the pros¬perity and food security of the State.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# More than 60,000 viss of broiler sent to Yangon market in October


A broiler farm in Pantanaw Township.

**Pantanaw November 24**

Businesspersons from Pantanaw Township of Ayeyawady Region supplied 6,8000 viss of broilers to Yangon market in October, said Daw Nyo Nyo, the owner of livestock breeding product wholesale centre in Pantanaw Township.

They sent 45,000 viss of broiler to Yangon market in September but 68,000 viss in November. Merchants purchase domestic broilers in Pantanaw Township and sell it to Yangon market.

Daw Nyo Nyo commented: "Merchants sell live broilers to Yangon market. In this regard, they sent broilers weighing 68,000 viss to Yangon in October alone. They could send more weight of chicken and having higher prices. So, local merchants dispatch broilers to Yangon by trucks. Due to high demand and prices, local poultry farmers are convenient in their livelihoods."

Local farmers are engaging in broiler farming in addition to other livestock farming tasks. Broilers from the township flow into Yangon market. So, those in the livestock and production chains can earn increased incomes.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# More than 4,000 acres of vegetables planted in Kyaukmyaung

**Kyaukmyaung November 24**

According to the statistics of Kyaukmyaung Town Agriculture Department in Shwebo District of Sagaing Region, local farmers have planted 4,142 acres of vegetables in the township as cold season crops.

In 2024-25 cold season, local authorities earmarked cultivation of 4,418 acres of vegetables but local farmers have so far planted 4,142 acres of crops against the target.

Daw Khin Win, Head of Kyaukmyaung Town Agriculture Department said: "Local farmers have so far grown 4,142 acres of vegetables against the target of 4,418 acres in the town as cold season crops. They emphasize cultivation of mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. We urged local farmers to use GAP system in cultivation of crops so as to produce healthy crops with least chemical residue."

The Town Agriculture Department raises farmer awareness for enhancement of their capacity in growing vegetable crops and producing healthy crops for consumption.

Local farmers earn increased incomes for families in growing vegetables. Officials of the Township Agriculture Department shares knowledge about systematic growing of crops with agricultural techniques, prevention of pests, use of fertilizers and pesticides.

206


A large vegetable farm in Kyaukmyaung.

# Taze Township finishes cultivation of more than 9,000 acres of black gram

**Taze November 24**

YeU District Agriculture Department stated that a total of 9,012 acres of black gram has been planted in the township of Sagaing Region this winter.

In 2024-25 cold season, township authorities earmarked cultivation of 19,040 acres of black gram in Taze Township but local farmers have grown 9,012 acres of crop against the target.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "This winter, township officials set a plan to grow more than 19,000 acres of black gram in Taze Township but farmers have planted more than 9,000 acres of crops. They are trying hard to meet the target cultivation. Our department helps local farmers use necessary techniques in growing black gram, selecting quality strains of crops and applying techniques on prevention of pests."

This year, the township Agriculture Department raises farmer awareness to use quality strains of crops, correct agricultural technologies, prevention of pests and systematical broadcasting of fertilizers to be able to boost per-acre yield of crops.

Moreover, officials of the Township Agriculture Department cooperate with local farmers in using quality seeds of crops, inputs and post-harvest technology. 206


A thriving black gram plantation.

# Merchants sell 80,000 viss of dried areca nuts to Yangon market in October

**Pantanaw November 24**

Local merchants from Pantanaw Township of Ayeyawady Region sold 80,000 viss of dried areca nut to Yangon market in October, said Daw Myat Maw, the owner of commodity centre for sale of areca nut in Pantanaw Township.

They shipped 65,000 viss of dried areca nut to Yangon in September and 80,000 viss in October.

Daw Myat Maw explained: "The dried areca nuts currently being traded were stored during the summer season. Over the past month, up to 80,000 viss of dried areca nuts were supplied to the Yangon market. The dried areca nuts sent to the Yangon market from the Pantanaw Township are of high quality. Currently, the Yangon market is actively purchasing dried areca nuts from the region. This year, there is a significant domestic demand for dried areca nuts, with daily orders coming in from Yangon."

In Nyaungdon Township, areca nut traders are actively purchasing locally harvested areca nuts and systematically processing them into whole nuts and split nuts of two varieties for distribution to the Yangon market. It is reported that the increased demand for dried areca nuts has benefitted those who store dried areca nuts, areca nut growers, traders, warehouse operators, and areca nut processing workers.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဘီလာရုစ်က ရုရှားနိုင်ငံထံမှ အဆင့်မြှင့်တင်ထားသော Tor-M2E ဒုံးကျည်စနစ်များ လက်ခံရရှိခဲ့



ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံထံမှ Tor-M2E မြေပြင်မှဝေဟင်ပစ် ဒုံးကျည်စနစ်များ လက်ခံရရှိခဲ့ကြောင်း ဘီလာရုစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက နိုဝင်ဘာ ၂၂ ရက် တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ Tor-M2E ဒုံးကျည်တပ်ခွဲကို မင့်စ်မြို့တော် လေကြောင်းရန်ကာကွယ်ရေးအတွက် မကြာမီတိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုသွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Tor-M2E စနစ်များသည် အချိန်တိုအတွင်း တုံ့ပြန်နိုင်မှု၊ လှုပ်ရှားစစ်ကစားနိုင်မှု မြင့်မားကောင်းမွန်ခြင်းနှင့် လေကြောင်းခြိမ်းခြောက်မှု အမျိုးမျိုးကို ပစ်မှတ်ထား တန်ပြန်နိုင်စွမ်းရှိကြောင်း၊ နှစ်နိုင်ငံ ဒေသတွင်းလေကြောင်းရန် ကာကွယ်ရေးစနစ်ကို အားကောင်းစေရန် အတွက် ဘီလာရုစ်နှင့် ရုရှားနိုင်ငံတို့ကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၏ နမူနာကောင်း တစ်ရပ်လည်းဖြစ်ကြောင်း ဘီလာရုစ်နိုင်ငံ လေယာဉ်ပစ် ဒုံးကျည်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး Andrei Severinchik က ပြောကြားခဲ့သည်။

ထိုသို့ လွှဲပြောင်းပေးအပ်မှုသည် နှစ်နိုင်ငံကြားကျယ်ပြန့်သော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ပူးတွဲလေ့ကျင့်သင်တန်းပေးခြင်းများနှင့် လေ့ကျင့်မှုများပြုလုပ်ခြင်းတို့လည်း ပါဝင်မည်ဖြစ်သည်။ ရုရှားတပ်ဖွဲ့များသည် နည်းဗျူဟာမြောက် နျူကလီးယား Payload များ တင်ဆောင်နိုင်စွမ်းရှိသည့် Iskander-M တာတိုပစ် ပဲ့ထိန်းဒုံးကျည်စနစ်ကို အသုံးပြုရာတွင်လည်း ဘီလာရုစ်နိုင်ငံ တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

Tor-M2E လက်နက်စနစ်တွင် 9M-338K ဒုံးကျည် ၁၆ စင်းထိ တပ်ဆင်ထားပြီး ယခင်ဗားရှင်းများထက် တိုက်ပွဲဝင်တိကျမှုနှင့် အကွာအဝေးစွမ်းရည်များ မြင့်မားကောင်းမွန်လာကာ ဒုံးကျည်အရွယ်အစားနှင့် အလေးချိန်ပိုင်းတို့တွင် လျှော့ချနိုင်ခဲ့ကြသည်။ ဒုံးကျည်ကို အီလက်ထရွန်နစ် တန်ပြန်လုပ်ဆောင်မှု ပတ်ဝန်းကျင်အခြေအနေများတွင် ပျံသန်းလုပ်ဆောင်နိုင်ရန်နှင့် အစုလိုက်အပြုံလိုက် လေကြောင်းတိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Tor-M2E လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို S-400 ၊Buk တာဝေးနှင့် တာလတ်ပစ်လက်နက်စနစ်များ အပါအဝင် ဘီလာရုစ်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် ပေါင်းစည်းတပ်ဖြန့်ထားပြီး တာတိုပစ် လေကြောင်းရန် ကာကွယ်ရေးအတွက် Osa နှင့် Strela လက်နက်စနစ်များ တပ်ဖြန့်အသုံးပြုထားသည်။ တပ်ဖွဲ့ဝင် ၁၀၇၀၀ ခန့် ပါဝင်ဖွဲ့စည်းထားသော ဘီလာရုစ်နိုင်ငံ တပ်မတော် လေတပ်နှင့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ရုရှားတပ်ဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ တိုက်ပွဲဝင်လုပ်ဆောင်ရန် သီးခြားဖွဲ့စည်းပုံတစ်ခုဖြင့် လုပ်ဆောင်လျက်ရှိသည်။

Tor-M2E လက်နက်စနစ်သည် အရေးကြီး အချက်အချာနေရာများကို လေကြောင်းရန် ကာကွယ်မှုပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ တစ်စက္ကန့်လျှင် မီတာ ၇၃၀ အမြန်နှုန်းဖြင့် ပျံသန်းနေသည့် အရာဝတ္ထုများ အပါအဝင် လားရာမျိုးစုံမှ ဝင်ရောက်လာနိုင်သည့် ပစ်မှတ် ၁၆ ခုထိ တစ်ပြိုင်နက်တည်း တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ အဆိုပါလက်နက်စနစ်သည် ရာသီဥတုမရွေး၊ နေ့အချိန်တွင် အမြင့် ၁၀ ကီလိုမီတာ၊ အကွာအဝေး ၁၂ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အဓိက ဝိသေသလက္ခဏာရပ်များမှာ ရွေ့လျားစစ်ကစားမှု ကောင်းမွန်ခြင်း၊ အချိန်တိုအတွင်း တုံ့ပြန်နိုင်ခြင်းနှင့် အလိုအလျောက်တိုက်ပွဲဝင် လုပ်ဆောင်နိုင်စွမ်းရှိခြင်းတို့ဖြစ်သည်။ အထူးသဖြင့် မြို့တော်မင့်စ် (Minsk)ကို ကာကွယ်ရန်အတွက် ဘီလာရုစ်၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို တိုးမြှင့်ပေးနိုင်လိမ့်မည်ဖြစ်သည်။

**Belarus strengthens air defense with upgraded Tor-M2E missile systems from Russia ကို ဘာသာပြန်ဆိုထားပါသည်။**

## နော်ဝေနိုင်ငံက နယ်သာလန်အစိုးရကို လေကြောင်းရန်ကာကွယ်ရေးစနစ်များရောင်းချရန် စာချုပ်ချုပ်ဆို

နော်ဝေနိုင်ငံ Kongsberg Defense & Aerospace (Kongsberg) ကုမ္ပဏီသည် NASAMS (Norwegian Advanced Surface-to-Air Missile System)နှင့် NOMADS (National Maneuver Air Defense System) လေကြောင်းရန် ကာကွယ်ရေးစနစ်များ ရောင်းချရန် အတွက် နယ်သာလန်အစိုးရနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူရို တစ်ဘီလီယံခန့်တန်ဖိုးရှိသော အဆိုပါသဘောတူညီချက်သည် နယ်သာလန်နိုင်ငံ လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်ကို အဆင့်မြှင့်တင်ရာတွင် အဓိက အရေးပါသော လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။

NASAMS သည် အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီနှင့်ပူးပေါင်း၍ နော်ဝေနိုင်ငံ Kongsberg ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော တာလတ်မှတာဝေးပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် နော်ဝေတပ်မတော်၌ စတင်အသုံးပြုခဲ့ပြီး NASAMS လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကို NATO နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများအပြားက ဝယ်ယူအသုံးပြုခဲ့ကြသည်။ ၎င်းသည် L-70 လေယာဉ်ပစ်အမြောက်များ၊ RBS 70၊ HAWK ဒုံးကျည်များ၊ တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်များနှင့် Patriot ဒုံးကျည်စနစ်ကဲ့သို့သော အဆင့်မြင့်ဖြေရှင်းနည်းများ အပါအဝင် အခြားလက်နက်စနစ်များနှင့် တွဲဖက်အသုံးပြုနိုင်သကဲ့သို့ ထူးခြားချက်အနေဖြင့် ဝေဟင်မှဝေဟင်ပစ် AMRAAM ဒုံးကျည်များ အသုံးပြုတိုက်ပွဲဝင်နိုင်ခြင်းဖြစ်သည်။ NASAMS သည် လေယာဉ်၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် ခရုဇ် ဒုံးကျည် များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်း၊ တိုက်ပွဲဝင်လုပ်ဆောင်နိုင်ပြီး အရေးကြီးအခြေခံအဆောက်အအုံများနှင့် မြို့ပြဧရိယာများကို ကာကွယ်ပေးနိုင်စွမ်းရှိကြောင်း သိရသည်။



NOMADS သည် ပြင်းထန်သော စစ်ဆင်ရေးပတ်ဝန်းကျင်အခြေအနေများတွင် မြေပြင်တပ်ဖွဲ့များအတွက် ရွေ့လျားလေကြောင်းရန် ကာကွယ်ရေးစွမ်းအားကို ပံ့ပိုးပေးနိုင်ခြင်းဖြင့် NASAMS လက်နက်စနစ်ကို အားဖြည့်ပေးနိုင်မည်ဖြစ်သည်။ NOMADS လက်နက်စနစ်တွင် နေ့၊ ညမရွေး တိုက်ပွဲဝင်နိုင်ရန် ရိုးရိုးကင်မရာနှင့် အပူအာရုံခံကင်မရာများ၊ AIM-9X Block 2 Sidewinder ဒုံးကျည်များနှင့် စိတ်ကြိုက်ရွေးချယ် တပ်ဆင်နိုင်သော DirectionalJammer တစ်ခု၊ အကွာအဝေး ကီလိုမီတာ ၅၀ ကျော်ထိ ဖမ်းယူထောက်လှမ်းနိုင်သော 3D AESA ရေဒါ တစ်ခုပါရှိသည်။ အဆိုပါစနစ်သည် ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် ခရုဇ်ဒုံးကျည်များအပါအဝင်ခြိမ်းခြောက်မှုအများအပြားကို တန်ပြန်နိုင်ပြီး အနီးကပ်လေကြောင်းရန်ကာကွယ်ရေးအတွက် အဝေးမှထိန်းချုပ်ပစ်ခတ်နိုင်သော 0.50-caliber စက်သေနတ်တစ်လက်လည်း တပ်ဆင်ပေးထားကြောင်း သိရသည်။

ယခုလက်မှတ်ရေးထိုးခဲ့သော စာချုပ်၏ ကနဦး သဘောတူညီချက်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် နယ်သာလန် ကာကွယ်ရေးဝန်ကြီးဌာနက လွှတ်တော်သို့ တင်သွင်းသည့် တရားဝင်အကြံပြုချက်တစ်ခု ဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ်မီတာတိုနှင့်တာလတ်ပစ် ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရည်ရွယ်ထားသည့် ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း သိရသည်။

**Kongsberg Signs Deal to Supply NASAMS and NOMADS Air Defense Systems to Netherlands ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၃၅၄၇၄ ဧက နုတ်သိမ်းပြီးစီး



ရေဦး နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၃၅၄၇၄ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၄၇၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်မှစတင် နုတ်သိမ်းခဲ့ရာ ယခုအခါဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၂ ဒသမ ၄၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲ ၃၅၄၇၄ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့်နှုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။အထွက်နှုန်းအနေနဲ့ကောင်းမွန်ကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မြေပဲမျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၄၀ ကျော် ထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၂ ရက်တွင် အဆိုပါကျေးရွာစာရုံဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ကတက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ မတည်ရန်ပုံငွေ အတိုးအရင်းပေးဆပ်ရမည့်ကာလများနှင့်ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး၊ မြို့နယ်ဦးစီးမှူးက မကျီးပင်ပုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မကျီးပင်ပုကျေးရွာတွင်မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်မှတာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊အသင်းသူ ၁၂၉ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **သန်းသန်းစိုး**

# ကွန်ဟိန်းမြို့နယ် ဆိုင်းမွန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ကွန်ဟိန်း နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုင်းမွန်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားဖောက်လုပ်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်၊ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဆိုင်းမွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု လမ်းအရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရန် မြေသားသိပ်သည်းဆတိုင်းတာခြင်း (DCP)လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ၎င်းလမ်းပေါ်ရှိ အလျား ၈ပေ၊ အနံ ၂၂ပေ၊ အမြင့် ၅ပေရှိ Slab Culvert တံတား(၁)စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၅ ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် မြေသားနှစ်ပေ သဲဖြုန်း၊ ကိုးလက်မရှိ မြေသားလမ်း သဲဖြုန်းခင်းခြင်း လုပ်ငန်းကိုရန်ပုံငွေကျပ် ၅၃ ဒသမ ၂၂ သန်းဖြင့် ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်းများ အားလုံး ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ Seminar Hall နှင့် မျက်စိခွဲစိတ်ခန်းတို့ကို ကြည့်ရှုလေ့လာပြီး သီတဂူမျက်စိဆေးရုံတွင် လာရောက်ကုသကြသည့် မျက်စိဝေဒနာရှင်များကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်မှုလုပ်ငန်းခွင်သို့ရောက်ရှိရာ Myanmar Land & Development Ltd; မှ စီမံကိန်းဒါရိုက်တာက စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်မှုပုံစံ၊ မြေတူးလုပ်ငန်း၊ မြေနေရာရှင်းလင်းမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုမှတ်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံသည် အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၏ အမျိုးသားယဉ်ကျေးမှုနှင့် စာပေကဏ္ဍတွင် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် စာဆိုဗိမာန်အဆောက်အအုံ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို တက်ရောက်ချီးမြှင့်ခဲ့ပြီး လမ်းညွှန်မှုများနှင့်အညီ အရည်အသွေးကောင်းကောင်းဖြင့် တည်ဆောက်သွားရန် အလေးထားတိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် စာဆိုဗိမာန်အဆောက်အအုံ၏ 3D နမူနာပုံစံကို ကြည့်ရှုလေ့လာပြီး လုပ်ငန်းခွင်အတွင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာဆိုဗိမာန်အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၉) မြေတိုင်းရပ်ကွက်(၁၈-အေ) မြေ ၂ ဒသမ ၁၈ ဧကပေါ်တွင် နှစ်နှစ်စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံအကျယ်အဝန်းမှာ အလျား ပေ ၁၆၀၊ အနံ ပေ ၁၄၀၊ အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ်အာရ်စီအဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ငါးမြေမကျေးရွာရှိ အလင်းရောင်မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသို့သွားရောက်ပြီး နို့စားနွားမွေးမြူသူအသင်းသားများ၊နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေများ၊ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် လိုအပ်သည့်မျိုး၊အစာနှင့်ခြံတည်ဆောက်ခြင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိပါကြောင်းဖြင့်ပြောကြားပြီး နို့စားနွားမွေးမြူသူအသင်းသားများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ငါးမြေမကျေးရွာ၌ ပုဂ္ဂလိကနို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)ရန်ပုံငွေဖြင့် တိုးချဲ့ဆောင်ရွက်မည့် နို့စားနွားမွေးမြူရေးခြံ တည်ဆောက်မည့် မြေနေရာနှင့် တည်ဆောက်မည့်အစီအမံများကိုလည်းကောင်း၊ သန်လျင်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာခြောက်ရွာ၊ လူဦးရေ ၃၉၀၀၀ ကျော်နှင့် စိုက်ဧက ၂၇၅ ဧကတို့ကို အကျိုးပြုပေးလျက်ရှိသည့် သနပ်ပင်-အုတ်ဖိုစုကျေးရွာချင်းဆက်လမ်းပျက်စီးနေသော လမ်းပိုင်းများကို မြေကြီးတာပေါင်တင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် သနပ်ပင်ကျေးရွာဘက်စုံသုံးခန်းမ၌ နို့စားနွားမွေးမြူသူများ၊ နွေစပါးစိုက်တောင်သူများ၊ ဆောင်းသီးနှံမြေပဲစိုက် သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်သူများလိုအပ်သည့် မျိုးနှင့်သွင်းအားစု ဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ်အချိန်မီရောက်ရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးများကိုလည်း သမဝါယမချေးငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)ချေးငွေများမှ ရရှိအောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ကျေးရွာနေပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က သန်လျင်မြို့နယ်အတွင်းရှိ သမဝါယမအသင်း လေးသင်းရှိ အသင်းသားတောင်သူ ၅၈ ဦးတို့၏ စိုက်ဧက ၅၀၀ အတွက် ယူရီးယားဓာတ်မြေဩဇာ ၈၃၂ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၁၅၅ အိတ်ကိုလည်းကောင်း၊ ခရမ်းမြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူ ၁၀ ဦးတို့၏ စိုက်ဧက ၄၀ အတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၁၅၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စံချိန်ဆီစက်ရုံ(Refinery Plant)ဖွင့်ပွဲအခမ်းအနား ကျင်းပ






ရန်ကုန် နိုဝင်ဘာ ၂၄

Global Good Pure Group ကုမ္ပဏီလီမိတက်၏ စံချိန်ဆီစက်ရုံ(Refinery Plant)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆၂) ကမ်းနားလမ်းနှင့်ဦးချိန်လမ်းထောင့် စက်မှုဇုန်(၂) ၌ကျင်းပသည်။

အခမ်းအနားသို့စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့်တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် Global Good Pure Group ကုမ္ပဏီလီမိတက် "စံချိန်" ဆီစက်ရုံ၏ Managing Director ဦးမောင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊Global Good Pure Group ကုမ္ပဏီလီမိတက် "စံချိန်"ဆီစက်ရုံ၏ မန်နေဂျင်းဒါရိုက်တာတို့က စံချိန်ဆီစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက စံချိန်ဆီစက်ရုံကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကြကာ စံချိန်ဆီစက်ရုံအတွင်း ထုတ်လုပ်ထားသည့်ဆီများပြသထားမှု၊ဆီထုတ်လုပ်ပြီး ကုန်ကြမ်းများဆောင်ရွက်ထားမှုအခြေအနေများနှင့် ဆီထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး Global Good Pure Group ကုမ္ပဏီလီမိတက် စံချိန်ဆီစက်ရုံ၏ မန်နေဂျင်းဒါရိုက်တာက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် Global Good Pure Group ကုမ္ပဏီလီမိတက်၏ စံချိန်ဆီစက်ရုံ (Refinery Plant)သည် မြန်မာနိုင်ငံတွင် မြေပဲနှင့်နေကြာဆီထွက်သီးနှံကို စတင်ကြိတ်ခွဲထုတ်လုပ်သော စက်ရုံကြီးတစ်ခုဖြစ်ပြီး အဆိုပါစက်ရုံမှတစ်ရက်ကြိတ်ခွဲနိုင်စွမ်းအားမှာ ဆီတန်ချိန် ၅၀ ဖြစ်ပြီး တစ်လလျှင် ဆီတန်ချိန် ၁၅၀၀ ထုတ်လုပ်နိုင်ကြောင်း၊ ပြည်ပဆီတင်သွင်းမှုကို လျော့စေပြီး ပြည်တွင်းစားသုံးသူ ဖူလုံစေရေးတို့တွင် အထောက်အကူပြုစေနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသည်းအစားထိုးခွဲစိတ်မှုအောင်မြင်စွာ ခံယူထားသောလူနာများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုအားပေး




နေပြည်တော် နိုဝင်ဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်၌ အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်စွာ ဆောင်ရွက်ထားရှိသည့် အသည်းလူနာများနှင့် အသည်းအလှူရှင်များကို ကြည့်ရှုအားပေးစကားပြောကြားကာ အစားအသောက်လက်ဆောင်ခြင်းများ ပေးအပ်သည်။

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ နိုဝင်ဘာ ၇ ရက်တွင် (၃၆) ကြိမ်မြောက်အဖြစ် မိုးကုတ်မြို့နေ ၄၉ နှစ်အရွယ် အသည်းလူနာအမျိုးသားနှင့်အသည်းအလှူရှင် မောင်နှမဝမ်းကွဲတော်စပ်သူ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးအတွဲကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် (၃၇) ကြိမ်မြောက်အဖြစ် ဟားခါးမြို့နေ အသက် ၆၀ အရွယ် အသည်းလူနာအမျိုးသမီးနှင့် သမီးတော်စပ်သူ အသည်းအလှူရှင် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးအတွဲကိုလည်းကောင်း အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့သည်။ ယခုအခါ အဆိုပါအသည်းအလှူရှင်များမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး အသည်းလက်ခံထားရှိသည့် လူနာများသည်လည်း ကျန်းမာရေးတိုးတက်ကောင်းမွန်လျက်ရှိသဖြင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူထားသည့် လူနာများကို ယနေ့ဆေးရုံဆင်းခွင့်ပြုပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်ခြောက်ထပ်ဆောင် အစည်းအဝေးခန်းမ၌ အသည်းအစားထိုးခွဲစိတ်မှုတွင်ပါဝင်ခဲ့သော လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊ ပုံမှန်ဆောင်ရွက်နေပြီဖြစ်သည့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများတွင် ပါဝင်သည့်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အသည်းအစားထိုးခွဲစိတ်ကုသမှုများ စနစ်တကျဆက်လက်ဆောင်ရွက်နိုင်ရေးမှာကြားကာ ပြည်တွင်း၌ အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများကို ပြုလုပ်ပေးခြင်းအားဖြင့် ရောဂါခံစားနေရသည့် ပြည်သူများနှင့် ၎င်းတို့၏မိသားစုများအနေဖြင့် ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေခြင်း၊ ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှုပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီ စိုက်ထုတ်သုံးစွဲရငွေလျော့ကျစေမည် ဖြစ်ခြင်းတို့ကြောင့် အရှိန်အဟုန်မပျက် ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်ချက်များဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**❑ လူသားချင်းစာနာထောက်ထားမှုမှ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးMr.Iskander Azizov နှင့် ရုရှားနိုင်ငံမှ အလှူရှင်အဖွဲ့အစည်းများ ကိုယ်စား တာဝန်ရှိသူတစ်ဦးက လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးစိုးကြည်က လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ စုစုပေါင်းတန်ချိန် ၃၅ တန်ခန့်ပါဝင်ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးခွဲဝေပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

မျိုးချစ်စိတ်နှင့် ဇာတိမာန်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သောနေ့တို့ဖြစ်ခြင်းကြောင့် မြန်မာပြည်သူပြည်သားအားလုံး မမေ့အပ်သည့်နေ့ဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏အကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများကို ထုတ်ယူသုံးစွဲပြီး မတရားဖိနှိပ်အုပ်ချုပ်ခဲ့ကြသည့်အပြင် မြန်မာတိုင်းရင်းသားများ အဆင့်မြင့်ပညာမသင်ကြားနိုင်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းမလိုက်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားပြည်သူများက မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အကြိမ်ကြိမ်တောင်းဆိုမှုများပြုလုပ်ခဲ့ကြသဖြင့် ကိုလိုနီနယ်ချဲ့တို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤအက်ဥပဒေသည် မြန်မာလူငယ်များ တက္ကသိုလ်ပညာဆက်လက်သင်ယူခွင့် မရနိုင်အောင် အမျိုးမျိုးကန့်သတ်ချုပ်ချယ်ထားသည့်အတွက် မျိုးချစ်စိတ်ပြင်းထန်သည့် ကိုဘရှင်၊ ကိုဖိုးကွန်း၊ ကိုဖေသိန်းတို့ ပါဝင်သည့် ကျောင်းသားကြီး ၁၁ ဦးက ဦးဆောင်ကာ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်လိုက်သည့်အချိန်မှစ၍ တိုင်းတစ်ပါးသားလူမျိုးခြားလက်အောက်မှ ပြန်လည်လွတ်မြောက်ရေးအတွက် မြန်မာတစ်မျိုးသားလုံးကို ဝံသာနုရက္ခိတစိတ်ဓာတ် နိုးကြားတက်ကြွလာအောင် လှုံ့ဆော်နှိုးဆွပေးခဲ့သည်။ နိုင်ငံနှင့် ပြည်သူလူထုအား သူ့ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်များ ပေါက်ဖွားရင့်ကျက်လာအောင်လည်း ဖန်တီးလှုံ့ဆော်ပေးခဲ့သည်။

**“ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့” ဆိုသည့် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယအရင်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားရေးအားမာန်များဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုပါဝင်ကြပါရန် အလေးအနက်တိုက်တွန်း . . .**

မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်းစိုက်ထူနိုင်ခဲ့သော အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက် သိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုဆိုလျှင် ၁၀၄ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခင်ဗျား**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့် တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခမှုများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ယုံကြည်မှုအပေါ် အခြေခံသော ဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်၍ ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသည့်အခြေအနေကိုသာ ပေါ်ပေါက်စေမည်ဖြစ်ပါသည်။ ထို့ပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အန္တရာယ်ဖြစ်စေမည်ကို သတိထားကြရန်လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့် အယူဝါဒများပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်လေးစားချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရမည့် အချိန်အခါဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် အခွင့်အရေးများကိုအသုံးချပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကိုပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ၎င်းတို့၏ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုအတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

အခြေခံအားဖြင့် အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရရန် လွယ်ကူမည်ဖြစ်ပါသည်။ နိုင်ငံတော်က အားကိုးအားထားပြုရသော ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွက်လာစေရန် လူတိုင်းပညာသင်ယူနိုင်မည့် ဘက်စုံပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာတတ်လူငယ်များကလည်း စိတ်ကောင်းစေတနာဖြင့် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အသိပညာနှင့် အတတ်ပညာဟန်ချက်ညီမှသာ နိုင်ငံရေး၊ စီပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့တွင် အားသာချက်များဖြစ်ပေါ်စေပြီး ပြည်တွင်းစည်းလုံးညီညွတ်မှုအပေါ် အကျိုးရှိဖြစ်ထွန်းမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရာတွင် မိဘများနှင့် ဆရာများသည် အခရာဖြစ်ပါသည်။ မိဘများအနေဖြင့် သားသမီးများကို မွေးဖွားသည်မှ လူလားမြောက်သည့်အချိန်ထိ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် စည်းကမ်းစနစ်ရှိအောင် သွန်သင်ဆုံးမပေးကြရမည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်နှင့် ဆရာကောင်းတစ်ဦးဖြစ်ရမည့် အချက်များနှင့် ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုးထမ်းသယ်ပိုးမည့် အနာဂတ်နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်လာကြမည့် ပညာပြည့်ဝနှလုံးလှသူ လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟုခံယူပြီး အလေးအနက်ထားလုပ်ဆောင်ရန်လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဗလငါးတန်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်မည့် ဘက်စုံပညာရေးစနစ်တို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါရည်မှန်းချက်အတိုင်း ရာနှုန်းပြည့်အောင်မြင်နိုင်ရန်အတွက် မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။

ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးမှာ တစ်ခဏတာဖြင့် ပြီးမြောက်မည်မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် စိတ်ရှည်သည်းခံ ဖွဲသန်သန်ဖြင့် စွန့်လွှတ်အပင်ပန်းခံကာ ကြိုးစားမှ အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်က ဘက်ပေါင်းစုံက အားပေးကူညီထောက်ပံ့လျက်ရှိသကဲ့သို့ တာဝန်ရှိသူအသီးသီးနှင့် ပြည်သူအားလုံးက တက်ညီလက်ညီပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေး မျှော်မှန်းဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခင်ဗျား**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၌ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ဆောင်မှုများကြောင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အလမ်းများနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် အဓိကလိုအပ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မြန်မာတို့၏ မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်ပါသည်။ သမဝါယမအသင်းများ ဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံး ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးအနေဖြင့် မိမိတို့ဒေသထွက် ကုန်ကြမ်းများနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်အနေဖြင့်လည်း အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့အားပေးကူညီလျက်ရှိပါသည်။

ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများအားနည်းပြီး ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည့်အတွက် နိုင်ငံခြားငွေလိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမှသာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးက စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအလေးပေးဆောင်ရွက်ကြစေလိုပါသည်။ အလားတူ ပြည်ပရောင်းတန်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားသုံးငွေလျှော့ချနိုင်ရေးနှင့်ဝင်ငွေပိုမိုရရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့

စာမျက်နှာ ၁၉ သို့




## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေး ခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့် ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ် စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းများစစ်ဆေးမှုဆိုင်ရာ နည်းပညာသင်တန်း ဖွင့်လှစ်





ရန်ကုန် နိုဝင်ဘာ ၂၄

စိုက်ပျိုးရေးထွက်ကုန်အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးမှုဆိုင်ရာ နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ISO 9001 နှင့် 17025 လက်မှတ်ရ စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း (APAL)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် သင်တန်းသား ဦးရေ ၂၀ တို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ပြည်တွင်းရောင်းချမှုနှင့် ပြည်ပတင်ပို့မှုများတွင် အဓိကကြုံတွေ့နေရသော ကြီးမားသောအခက်အခဲမှာ ပိုးသတ်ဆေးဓာတ်ကြွင်းသတ်မှတ်ပမာဏထက် ပါဝင်မှုများပြားနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ ပိုးသတ်ဆေးများကို လိုအပ်သည်ထက် များပြားစွာ အသုံးပြုနေကြပြီး အချို့သောအခြေအနေများတွင် သီးနှံများ၌ ကျန်ရှိနေသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများသည် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံက ထုတ်လုပ်သောအစားအသောက်များတွင် ဓာတ်ကြွင်းပါဝင်မှုကို စံချိန်စံညွှန်းနှင့်ကိုက်ညီစေရန် လုပ်ငန်းစဉ်များ တိုးတက်မြှင့်တင်ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကို လျော့နည်းစေရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကသင်ကြားပို့ချမှုများကို ဂရုတစိုက်လေ့လာမှတ်သားကြကာ မိမိတို့၏လုပ်ငန်းခွင်များ၌ ပြန်လည်အသုံးချပြီး မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း(APAL)၏ ISO 17025 လက်မှတ်ရရှိခဲ့မှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်ရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်လျက်ရှိကြောင်း၊ သင်တန်းတွင် ပြည်ပတင်ပို့မည့် စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးမှုဆိုင်ရာ နည်းပညာများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်ထိ ငါးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

နိုင်ငံတော်၏စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာတိုးတက်လာကြမည်ဖြစ်ပါသည်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏အစ၊ အမျိုးသားရေးအရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏ မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့ကြောင့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ်မြင့်မားခဲ့ကြသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြရပြီဖြစ်ပါသည်။

ဤသို့ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့အခါသမယ၌ **“ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့” ဆိုသည့် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယအရင်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားရေးအားမာန်များဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုပါဝင်ကြပါရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

နိဂုံးချုပ်အားဖြင့် ယခုနှစ် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့်-

- တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး၊
- ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပေးရေး၊
- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်များ အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပူးပေါင်းပါဝင်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❖ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ရဲရင့်အောင်၊ ပွဲချိန် ၈၃ မိနစ်တွင် မြတ်ကောင်းခန့်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး နာကျင်အချိန်ပို လေးမိနစ်တွင် ဥက္ကာနိုင်၊ ပွဲချိန်၄၈မိနစ်တွင် သစ္စာအားမာန်အသင်းမှ Saw Htoo Pwe Moo က ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့ပြီး ပွဲချိန် ၈၁ မိနစ်တွင် ဝေလင်းအောင်တို့က သွင်းယူပေးနိုင်ခဲ့ကာ သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်တွင် နိုင်ဝင်းထွန်း၊ ပွဲချိန် ၆၁ မိနစ်တွင် စောမျိုးဇော်တို့က သွင်းယူပေးခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဆွမ်လမန်၊ ပွဲချိန် ၄၉ မိနစ်တွင် အောင်ကျော်နိုင်တို့က သွင်းယူပေးနိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ STA

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၉၂ / ၂၀၂၄**

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်**

**(၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**

**သူရဘွဲ့**

| | | |
|---|---|---|
| ၁။ ဗိုလ်မှူးကြီး | ဝဏ္ဏလှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဗိုလ်မှူးကြီး | သက်ထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်မှူး | မျိုးကိုကိုထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဗိုလ်မှူး | အောင်ဆန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | |
|---|---|---|
| ၁။ ဗိုလ်မှူးချုပ် | မျိုးရွှေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဗိုလ်မှူးချုပ် | တင့်နိုင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်မှူးကြီး | ဇော်မင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဗိုလ်မှူးကြီး | ကြည်ရွှင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဗိုလ်မှူးကြီး | ဆန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ ဗိုလ်မှူးကြီး | သန့်စင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ ဒုတိယဗိုလ်မှူးကြီး | အောင်ဇော်လင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ ဒုတိယဗိုလ်မှူးကြီး | ဇေယျာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ ဒုတိယဗိုလ်မှူးကြီး | ငြိမ်းချမ်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ ဒုတိယဗိုလ်မှူးကြီး | သူရိန်ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ ဒုတိယဗိုလ်မှူးကြီး | မိုးစည်သူကြိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ ဗိုလ်မှူး | ဇော်ဇော်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ ဗိုလ်မှူး | ထက်မြတ်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ ဗိုလ်မှူး | ရဲလင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ ဗိုလ်မှူး | ဇာနည်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ ဗိုလ်မှူး | နိုင်လင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ ဗိုလ်မှူး | မင်းမင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ ဗိုလ်မှူး | ချမ်းမြေ့ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ ဗိုလ်ကြီး | ဇော်ဝင်းထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ ဗိုလ်ကြီး | သက်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ ၇၄၆၇၄၁ | တပ်ကြပ်ကြီး မြလှိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ တတ-၁၃၃၇၆၀ | ဒုတိယတပ်ကြပ် နေသူရဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ ဒေါ်အေးယဉ် | | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲသူရတံဆိပ်**

| | | |
|---|---|---|
| ၁။ ယာယီဒုတိယရဲမှူးကြီး | မင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ဒုတိယရဲမှူး | သန့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ ဒုတိယရဲမှူး | ဖြိုးဖြိုးဆွေ(ခ)မိုးဟိန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ ရဲအုပ် | ရဲအောင်ဗိုလ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ ဒုတိယရဲအုပ် | မင်းရဲထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ မ ၂၀၁၆၄ | ဒုတိယမီးသတ်ဦးစီးမှူး ဦးသီဟအောင် | မီးသတ်ဦးစီးဌာန |
| ၇။ မ ၂၉၇၆၃ | မီးသတ်တပ်ကြပ်ကြီး ငြိမ်းချမ်းအောင် | မီးသတ်ဦးစီးဌာန |

**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ ဒုတိယရဲမှူးကြီး | ကျော်သူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ရဲမှူး | ဇာနည်မောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ ရဲမှူး | ချမ်းမြေ့ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ ဗိုလ်ကြီး | မောင်ငွေ(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဒုတိယရဲမှူး | ဖြိုးဝေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ ဒုတိယရဲမှူး | ချစ်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ ဒုတိယရဲမှူး | တူးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ ဒုတိယရဲမှူး | ဝင်းဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ ရဲအုပ် | ရှိန်းသူလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ ရဲအုပ် | ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ ဒုတိယရဲအုပ် | တင်လင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ ဒုတိယရဲအုပ် | ထွန်းလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃။ လ ၁၅၃၅၆၂ | ရဲအရာခံ ကျော်ဆန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ မ ၂၅၂၈၅ | ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးမင်းထွဋ် | မီးသတ်ဦးစီးဌာန |
| ၁၅။ ဦးရဲထွန်းဦး | ရေယာဉ်အုပ်(၃) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၆။ မ ၃၂၁၀၈ | လက်ထောက်မီးသတ်ဦးစီးမှူး ဘရန်ဆိုင်းအောင် | မီးသတ်ဦးစီးဌာန |
| ၁၇။ လ ၂၇၆၄၁၅ | ရဲတပ်ကြပ် အောင်မျိုးသက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ လ ၂၆၃၆၀၈ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ လ ၂၇၄၃၄၅ | ရဲဒုတိယတပ်ကြပ် အောင်ဇေဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ လ ၂၇၈၈၁၀ | ရဲဒုတိယတပ်ကြပ် နေနိုင်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ လ ၂၈၀၄၈၄ | ရဲဒုတိယတပ်ကြပ် ကျော်ရဲအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၂။ လ ၂၈၁၉၆၄ | ရဲဒုတိယတပ်ကြပ် အောင်မိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ လ ၂၉၀၀၃၂ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ မောင်ဇော်ဝင်းမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ မောင်ချစ်ဖူးမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ ဦးခင်မောင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ မောင်လှိုင်ဝဏ္ဏ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ မောင်ရဲရင့်နိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ မောင်အောင်ဖြိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ မောင်သန်းတင်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ မောင်ကျော်ရဲထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ မောင်မင်းစိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ မောင်သန်းထွန်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ ဦးပြည့်စုံထွန်း | | ကယားပြည်နယ် |
| ၃၅။ ဦးညွှန့်ခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆။ ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၇။ ဦးကျော်မိုးနိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၈။ ဦးမြင့်ထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉။ ဦးသက်ဖြိုးပိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၀။ ဦးဝင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၁။ ဦးအောင်နိုင်ဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂။ ဦးပြည့်ဖြိုးကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၃။ ဦးမြင့်ရွှေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၄။ ဦးအောင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၅။ ဦးမှတ်ကြီး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၆။ ဦးဇော်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၇။ ဦးအောင်ကျော်ဇော | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၈။ ဦးပြည့်စုံလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၉။ ဦးချစ်ကိုကို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၀။ ဦးယုနောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁။ ဦးသန်းဇော် | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၂။ ဦးကြီးလှ | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၃။ ဦးဝင်းငွေ | | မကွေးတိုင်းဒေသကြီး |
| ၅၄။ ဦးအောင်ဘို | | မကွေးတိုင်းဒေသကြီး |
| ၅၅။ ဦးဝင်းဆွေ | | မန္တလေးတိုင်းဒေသကြီး |
| ၅၆။ ဦးအောင်စိုးစိုး | | မန္တလေးတိုင်းဒေသကြီး |
| ၅၇။ ဦးအေးနိုင် | | မန္တလေးတိုင်းဒေသကြီး |
| ၅၈။ ဦးစန်းယု | | မန္တလေးတိုင်းဒေသကြီး |
| ၅၉။ ဦးနိုင်နိုင်ထွန်း | | မန္တလေးတိုင်းဒေသကြီး |
| ၆၀။ ဦးအောင်မြတ်ဦး | | မွန်ပြည်နယ် |
| ၆၁။ ဦးလှမျိုး | | ရန်ကုန်တိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

☆ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

☆ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။




## ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၅-၁၁-၂၀၂၄)

### ထူးခြားသည့် ညအပူချိန်များ (၂၄-၁၁-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် အုပ်စု(အေနှင့်ဘီ)မှ ကျောက်စိမ်းအတွဲ ၁၈၂၃ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၁၇၀၁)မှ (၂၅၅၉)ထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးရာ ကျောက်စိမ်းအတွဲ ၅၉၅ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုနှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၂၅၆၀)မှ(၃၃၀၉)ထိ ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများစာရင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်ထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင်အုပ်စု(အေ၊ဘီနှင့်စီ)တို့မှ ကျောက်စိမ်းအတွဲ ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲ ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲ ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချနိုင်ခဲ့သည်။

အလားတူ အုပ်စု(စီ)မှ ကျောက်စိမ်းတွဲများကို MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ရောင်းချပေးခြင်းဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့်သတ်မှတ်ထားကာ ငွေပေးချေရာတွင် ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်ထိ ပြည်တွင်းရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ဟဲဟိုးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ၆၆ /၁၁ကေဗွီ၊ ၁၀အမ်ဗွီအေ ဟဲဟိုးဓာတ်အားခွဲရုံတို့ကို ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ဟဲဟိုးမြို့လျှပ်စစ်အင်ဂျင်နီယာရုံးနှင့်၆၆/ ၁၁ ကေဗွီ၊ ၁၀အမ်ဗွီအေ ဟဲဟိုးဓာတ်အား ခွဲရုံသို့ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ဟဲဟိုးမြို့ ၆၆/၁၁ကေဗွီ၊ ၁၀အမ်ဗွီအေ ဟဲဟိုးဓာတ်အားခွဲရုံသို့ ရောက်ရှိစစ်ဆေးပြီး ယခုနှစ်စက်တင်ဘာလမှစတင်၍ ဓာတ်အားခနှုန်းထားများ တိုးမြှင့်သတ်မှတ်ခဲ့ရာ မီတာသုံးစွဲမှုယူနစ်အတွက် လျှပ်စစ်ဓာတ်အားခများ မှန်ကန်စွာကောက်ခံနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန်၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများမရှိစေရေး စစ်ဆေးဖော်ထုတ်ဆောင်ရွက်သွားရန်၊ ဓာတ်အားခများကိုအလွဲသုံးစားမှုများ မရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများအနေဖြင့် ဓာတ်အားခများ နေ့စဉ် ကောက်ခံရရှိမှု၊ အပ်နှံမှုစစ်ဆေးမှတ်တမ်းတင်ရန်နှင့် ဓာတ်အားပျောက်ဆုံးမှုများလျော့နည်းရေးအတွက် ရပ်ပျက်၊ နှေးမီတာများသေချာစွာစစ်ဆေးလဲလှယ်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင်ငွေလက်ခံကောင်တာဖွင့်လှစ်၍ ကွန်ပြူတာစနစ်ဖြင့် ဓာတ်အားခကောက်ခံနေမှု၊ နေ့စဉ်ဓာတ်အားခကောက်ခံငွေများကို စာရင်းများစနစ်တကျဖြည့်သွင်း၍ တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဟဲဟိုးမြို့လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း သောကြာနေ့တိုင်း ရုံးဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မော်တော်ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးကို ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များအတွင်း၌ မော်တော်ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများကို လုယက်မှုများမကြာခဏဖြစ်ပွားလေ့ရှိကြောင်း ဒုစရိုက်မှုကိုမလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက် ည ၆ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း ဆိုင်ကယ်စီးနင်း၍ လုယက်မှုများကျူးလွန်သည်ဟု မသင်္ကာသူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁) ရပ်ကွက် ငုရွှေဝါ(၅)လမ်း အမှတ်(၅၈၆) အခန်း(၄)နေ စန်းထက်ဝေ ၂၃ နှစ် (ဘ) ဦးဝင်းစန်းကို အမှတ်(၁၁)ရပ်ကွက် ငုရွှေဝါ (၅)လမ်း၌ လုယက်မှုများကျူးလွန်စဉ် စီးနင်းအသုံးပြုခဲ့သည့် Bashan အမျိုးအစား အဖြူ၊ အပြာရောင် ဆိုင်ကယ်နှင့်အတူဖမ်းဆီးရမိခဲ့သဖြင့် ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ တရားခံ စန်းထက်ဝေသည် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉)ရပ်ကွက် မြမဥ္ဇူလမ်းမပေါ်၌ လမ်းလျှောက်လာသော အမျိုးသမီးတစ်ဦးထံမှ ဘေးလွယ်အိတ်ကို လုယက်ထွက်ပြေးခဲ့ပြီး ၎င်းလွယ်အိတ်အတွင်းမှ TAB 8 Pro အမျိုးအစားTablet တစ်လုံး၊ Samsung A05s အမျိုးအစား အစိမ်းရောင် လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေစက္ကူရောရာ ၁၀၀၀၀၀ ကျပ်တို့ကိုရရှိခဲ့ပြီး TAB 8 Pro အမျိုးအစား Tablet ကိုလမ်းသွားလမ်းလာ ကလေးငယ်တစ်ဦးထံပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်စစ်ဆေးချက်အရ တရားခံ စန်းထက်ဝေသည် ယခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အတွင်းရှိ ရပ်ကွက်များဖြစ်သည့် အမှတ်(၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၈ နှင့် ၄၄) ရပ်ကွက်အတွင်းရှိ လမ်းများပေါ်တွင် သွားလာလျက်ရှိသည့် လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးကို ၁၀ ကြိမ်တိတိ ဆိုင်ကယ်စီးနင်း၍ ဆွဲယူလုယက်ခဲ့ကြောင်းဖော်ထုတ်သိရှိရသည်။

ပေါ်ပေါက်ချက်အရ လုယက်ရရှိထားသည့်လက်ကိုင်ဖုန်းများကိုမြောက်ဥက္ကလာပမြို့နယ် (ဇ)ရပ်ကွက်ရှိ Mobile Point ဖုန်းရောင်းဝယ်ရေးဆိုင်ပိုင်ရှင်ဖြစ်သူ မင်းဇင်မောင်(ခ)ပါကြီး ၃၃ နှစ် (ဘ)ဦးကျော်ဝင်းထံတွင် ရောင်းချထားကြောင်း သိရှိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် Samsung A05s အမျိုးအစားလက်ကိုင်ဖုန်းအပါအဝင် လက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများအကြိမ်ကြိမ် လုယက်မှုကျူးလွန်ခဲ့သူ တရားခံ စန်းထက်ဝေနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် သက်သေခံလက်ကိုင်ဖုန်းများကို လက်ခံဝယ်ယူထားရှိသူ မင်းဇင်မောင်(ခ) ပါကြီး တို့နှစ်ဦးကို သက်သေခံလက်ကိုင်ဖုန်းမျိုးစုံ ၁၅လုံးတို့နှင့်အတူဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း၌ လုယက်မှုတစ်ခုစီအတွက် အမှုအသီးသီးရေးဖွင့်ဆောင်ရွက်ထားရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများကျူးလွန်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့ တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများအကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူအမျိုးသားတစ်ဦးကို လုယက်မှုကျူးလွန်ရာတွင် စီးနင်းအသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီး၊ သက်သေခံလက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးတို့နှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာလူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Chit Lay Ko Ko” TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စခန်းကြီးကျေးရွာနေ သူရစိုး(ခ)ဆန်းစစ်ကို နံနက် ၁၀ နာရီ မိနစ်၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ဩစတြေးလျရဲတပ်ဖွဲ့က ရာသီဥတုပြောင်းလဲမှုဆိုင်ရာတက်ကြွလှုပ်ရှားသူ သုံးဦးကို ကျောက်မီးသွေးကုန်တင်သင်္ဘောများ ပိတ်ဆို့တားဆီးဆန္ဒထုတ်ဖော်မှုဖြင့်ဖမ်းဆီးခဲ့



**ကင်ဘာရာ နိုဝင်ဘာ ၂၄**

ဩစတြေးလျရဲတပ်ဖွဲ့သည် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ တက်ကြွလှုပ်ရှားသူ သုံးဦးကို ကျောက်မီးသွေးကုန်တင်သင်္ဘောများ ပိတ်ဆို့တားဆီးဆန္ဒထုတ်ဖော်မှုဖြင့် နိုဝင်ဘာ ၂၃ ရက်က ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးကျောက်မီးသွေးကုန်သွယ်ရေး ဆိပ်ကမ်းတွင် ရာသီဥတုဖောက်ပြန်မှုကိုဖြစ်စေသည် ဆိုသော အကြောင်းပြချက်ဖြင့် ဆန္ဒထုတ်ဖော်သူများသည် ကုန်တင်သင်္ဘောများသွားလာမှုကို နှောင့်ယှက်ရန် ကြိုးပမ်းခဲ့သည့်အတွက် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ တက်ကြွလှုပ်ရှားမှု ဦးဆောင်သူအမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်းသုံးဦးကို ဖမ်းဆီးခဲ့ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

နယူးကာဆယ်မြို့အနီး ကျောက်မီးသွေး ကုန်သွယ်ရေး ဆိပ်ကမ်းတွင် နိုဝင်ဘာ ၂၂ ရက်က စတင်ခဲ့သည့် နာရီ ၅၀ ကြာ ကျောက်မီးသွေးကုန်တင်သင်္ဘော များသွားလာမှုကိုပိတ်ဆို့တားဆီး ဆန္ဒထုတ်ဖော်မှုတွင် ရာနှင့်ချီသော ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ တက်ကြွလှုပ်ရှားသူများ ပါဝင်ခဲ့ကြောင်း၊ အဆိုပါဆန္ဒထုတ်ဖော်မှုကြောင့် ကုန်တင်သင်္ဘောနှင့် တခြားသော ရေယာဉ်သွားလာမှု များအပေါ် အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း နယူးကာဆယ် ဆိပ်ကမ်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံသည် ကမ္ဘာပေါ်တွင် ရုပ်ကြွင်းလောင်စာဖြစ်သော ကျောက်မီးသွေးကို ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# နိုဗာစကိုးရှားပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေ

**အော့တဝါ နိုဝင်ဘာ ၂၄**

ကနေဒါနိုင်ငံ နိုဗာစကိုးရှား ပြည်နယ်တွင် နိုဝင်ဘာ ၂၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း Environment Canada အစိုးရ အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင် နေရသောဒေသများမှာ ဟာလီဖက်ဒေသ၊ မလေးဖေဒေသ၊ လူနင်ဘတ်ဒေသနှင့် ကိပ်ဘရီတန်ဒေသတို့ဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုအပြင် လေတိုက်နှုန်းလည်းမြင့်မားနေပြီး လျှပ်စစ်မီးပြတ်တောက်မှုများလည်းဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသော ဒေသများတွင် လမ်းမကြီး တချို့ကို ယာယီပိတ်ထားကြောင်း သိရသည်။

"နိုဗာစကိုးရှားပြည်နယ်မှာ မိုးသည်းထန်စွာရွာသွန်းပြီးတော့ လေတိုက်နှုန်းတွေလဲ မြင့်မားနေတယ်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ လေတိုက်နှုန်းကလဲ တစ်နာရီကို ကီလိုမီတာ ၉၀ နှုန်းနဲ့တိုက်ခတ်နေပြီးတော့ မိုးရေချိန်ကလဲ ငါးမီလီမီတာကနေ ၁၀ မီလီမီတာထိ မြင့်တက်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် အန္တရာယ်ရှိနိုင်တဲ့ ဧရိယာတွေမှာ ဖြတ်သန်းသွားလာခြင်း မပြုဖို့ တားမြစ်ထားတာတွေရှိပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေတယ်"ဟု Environment Canada အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုထုတ်ပြန်ခဲ့သည်။

ကနေဒါနိုင်ငံတွင် ယခုနှစ် အတွင်းနွေရာသီကာလ၌ တောမီးလောင်ကျွမ်းမှုများ နေရာအနှံ့အပြားတွင်ဖြစ်ပေါ်ခဲ့သလို မိုးကာလတွင်လည်း ယခင်နှစ်များကထက် ရေကြီးရေလျှံမှုအန္တရာယ် ပိုမိုဆိုးရွားခဲ့သည့်အတွက် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားလာခဲ့သည်ဟု Environment Canada ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat



# တီရန်ဂါနူ၊ ပီရက်ခ်နှင့် ကီလန်တန်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၄**

မလေးရှားနိုင်ငံ တီရန်ဂါနူပြည်နယ်၊ ပီရက်ခ်ပြည်နယ်နှင့် ကီလန်တန် ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေကြောင်း မလေးရှား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုသည် နိုဝင်ဘာ ၂၁ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး တီရန်ဂါနူပြည်နယ်နှင့် ပီရက်ခ်ပြည်နယ်တို့၌ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် ကီလန်တန်ပြည်နယ်၌ပါ ရေကြီးရေလျှံမှုဖြစ်ပွားလာခဲ့ခြင်းဖြစ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသည့် ဒေသခံအရေအတွက် မြင့်တက်လျက်ရှိကြောင်း၊ တီရန်ဂါနူပြည်နယ်တွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံ ၂၂၁ ဦးရှိနေပြီး ကယ်ဆယ်ရေးစခန်း ၁၀ ခုဖွင့်လှစ်ကာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို နေရာချပေးထားသည်။

ပီရက်ခ်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသောဒေသခံ ၆၈ ဦးရှိနေပြီး ကယ်ဆယ်ရေးစခန်းသုံးခုတွင် ခွဲ၍နေရာချပေးထားကြောင်း၊ တီရန်ဂါနူပြည်နယ်နှင့် ပီရက်ခ်ပြည်နယ်တို့တွင် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရပြီးနောက် ကီလန်တန်ပြည်နယ်တွင်လည်း ရေကြီးရေလျှံမှု စတင်ဖြစ်ပွားနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံ ဦးရေ ၃၀ ရှိနေပြီး ကယ်ဆယ်ရေးစခန်းတစ်ခုဖွင့်လှစ်ကာ နေရာချပေးထားကြောင်းလည်း မလေးရှားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဂျန်နင်းခရီတောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း နယူးယောက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် ဂျန်နင်းခရီကောင်တီတွင် နိုဝင်ဘာ ၁၀ ရက်မှစ၍ တောမီးလောင်ကျွမ်းခဲ့ပြီး တောမီးကို ထိန်းချုပ်နိုင်ရန် လေကြောင်းအကူအညီကိုပါရယူခဲ့ပြီး အင်အားသုံးငြှိမ်းသတ်ခဲ့သောကြောင့် ယနေ့တွင် တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း နယူးယောက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် နယူးယောက်မြို့အနီးရောက်ရှိခဲ့သည့်အတွက် တောမီးကိုထိန်းချုပ်နိုင်ရေးအတွက် နယူးယောက်မီးသတ်တပ်ဖွဲ့ဝင်များလည်း ပါဝင်ကူညီငြှိမ်းသတ်ပေးခဲ့ကြကြောင်း သိရသည်။

"ဂျန်နင်းခရီကောင်တီအနီးမှာလောင်ကျွမ်းနေတဲ့ တောမီးကို မီးသတ်တပ်ဖွဲ့ဝင်တွေ ရက်သတ္တပတ် နှစ်ပတ်ကြာ ငြှိမ်းသတ်ခဲ့ရပြီး တောမီးကိုရာနှုန်းပြည့် ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တောမီး စတင်လောင်ကျွမ်းခဲ့တဲ့နေ့ကနေစတင်ပြီးတော့ တောမီးကို အမြန်ဆုံးငြှိမ်းသတ်နိုင်ဖို့အတွက် ကြိုးစားခဲ့ပါတယ်။ လိုအပ်တာတွေ အားလုံးကိုလဲ ဖြည့်ဆည်းပေးခဲ့တယ်။ အခုလို တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ခဲ့တာဟာ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ စေတနာ့ဝန်ထမ်းတွေကြောင့်ပဲဖြစ်ပါတယ်။ သူတို့ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပါတယ်"ဟု နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူး ကေတီ ဟိုကိုက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မုန်တိုင်းဘက်ကြောင့် အနောက်ဥရောပနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျပ်အတည်းများဖြစ်ပေါ်ခဲ့

**လန်ဒန် နိုဝင်ဘာ ၂၄**

မုန်တိုင်း ဘက်ကြောင့် အနောက်ဥရောပ နိုင်ငံများတွင် သဘာဝဘေးအန္တရာယ် ဆိုင်ရာ အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘက်မုန်တိုင်းသည် နိုဝင်ဘာ ၂၂ ရက်က အနောက်ဥရောပနိုင်ငံများကိုဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် နိုဝင်ဘာ ၂၃ ရက်တွင် အင်္ဂလန်နိုင်ငံ၌ နှင်းများကျခြင်း၊ မိုးရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်း တိုက်ခတ်နေစဉ်အတွင်း လူတစ်ဦး သေဆုံးခဲ့ကြောင်း၊ မုန်တိုင်း တိုက်ခတ်မှုကြောင့် မြင်ကွင်းများ မရှင်းလင်းသည့်အတွက် ယာဉ်မတော်တဆမှုများ မဖြစ်စေရေးအတွက် ရထားလမ်းများ၊ တံတားများနှင့် လမ်းအများအပြားကို ပိတ်ပစ်ခဲ့ရကြောင်း သိရသည်။

ထို့ပြင် အိုင်ယာလန်နိုင်ငံတွင်လည်း ဘက်မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ကာ အနောက်ဘက်ကမ်းရိုးတန်းဒေသတချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်းတချို့တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးကျကာ အဆောက်အအုံများ ပျက်စီးခဲ့သည့်အပြင် သောင်းနှင့်ချီသော ပြည်သူများလျှပ်စစ်မီးပြတ်တောက်မှုများနှင့်ရင်ဆိုင်နေရသည်။

မုန်တိုင်းကြောင့် အင်္ဂလန်အရှေ့မြောက်ပိုင်းရှိ လေဆိပ်ပြေးလမ်းသည် ဆီးနှင်းများဖုံးလွှမ်းခဲ့သဖြင့် လေယာဉ်ပျံသန်းမှုများကို ခေတ္တအနှောက်အယှက်ဖြစ်စေခဲ့ကြောင်း၊ စကော့တလန် နိုင်ငံတွင်လည်း မုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပေါ်လာသော ရာသီဥတုအခြေအနေကြောင့် ရထားပြေးဆွဲမှုတချို့ကို ဆိုင်းငံ့ထားကြောင်း၊ ဝေလနိုင်ငံနှင့် အင်္ဂလန်နိုင်ငံကိုဆက်သွယ်ထားသည့် Severn တံတားကိုလည်း ပိတ်ထားရကြောင်း National Highways website တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## ဝတ္ထုတိုကလျာ

# ကွင်းပိုင်ကြီးရဲ့ ငါးတဲ့လား

### မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ဤကဲ့သို့ အတွေးပေါင်းမြောက်မြားစွာဖြင့် လျှောက်လာနေခဲ့မိသော ဖိုးနီသည် လယ်ကန်သင်း ရိုးပေါ်ရှိ ပုစွန်လုံးကျစ်စာခဲကို ဝင်၍ခလုတ်တိုက်မိတော့မှပင် "အမယ်လေးဗျာ၊ကံကောင်းလို့ဝမ်းလျားမှောက်မလဲတယ်" ဟု ရေရွတ်ရင်း အတွေးစတို့ ပြတ်တောက်သွားရတော့သည်။

အရှေ့မိုးကုတ်စက်ဝိုင်းဆီတွင် ပျို့အန်စပြုလာပြီဖြစ်သော လင်းရောင်ခြည် မှုန်မှေးမှေးအောက် ဝယ်လှမ်းမြင်နေရပြီဖြစ်သော မည်းမည်းမှိုင်းမှိုင်း တောအုပ်တောတန်းကလေးနှင့် ထီးထီးမားမားမြင့်မတ်နေသည့် ထိန်ပင်ကြီးဆီလှမ်းမျှော်၍ကြည့်ရင်း သက်ပြင်းတစ်ချက်လေးကန်စွာချမိပါ၏။

ထိုအခိုက်သူ၏နောက်မှပါလာသော သားဖြစ်သူ သာအောင်က–

"အဖေသွားမဲ့နေရာ မရောက်သေးဘူးလားဗျ။ ရှေ့ဆက်သွားရင် ဟိုထိန်ပင်ကြီးနဲ့ရိုးချောင်းပဲ ရှိတော့တယ်"

ဖိုးနီက ဘာမျှပြန်မပြော သွားမြဲတိုင်းသာဆက်သွားနေ၏။ မိမိသွားလိုရာကို ပြောလိုက်ပါက သားဖြစ်သူသာအောင် လိုက်ရဲမည်မဟုတ်မှန်း ဖိုးနီ သိနေပါ၏။ တကယ်ဆိုတော့ သာအောင် တစ်ယောက်သာ မလိုက်ရဲဖြစ်သည်မဟုတ်၊ ရွာထဲမှ အားကောင်းမောင်းသန်ယောကျ်ားကြီးများ မှန်သမျှကို ခေါ်ကာမေးလျှင်လည်း ယခုသွားမည့် ထိန်ပင်ရိုးချောင်းကို ငါးသွားပက်မည်ဆိုပါက–

"မလိုက်ပါရစေနဲ့ဆရာရယ်။ ဆားနဲ့ပဲစားပါမယ်" ဟုပြောကာ ငြင်းဆို မည့်သူများသာဖြစ်ပေ၏။

ဟုတ်လည်း ဟုတ်ပါ၏။ သူတို့ရွာနှင့် လေးငါးမိုင်ခန့်သာခြားသော ထိုထိန်ပင်ရိုးချောင်းသည် မိဘဘိုးဘွားများ လက်ထက်ကတည်းက နာမည်ဆိုးဖြင့် ကျော်ကြားနေခဲ့ပါ၏။ ဘယ်သူကတော့ ထိန်ပင်ရိုးချောင်းမှာ ငါးသွားထောင်ရင်း လန့်လာပြီးဖျားကာ ဆေးမမီဘူး သေပါရောလားဟုတစ်မျိုး၊ ဘယ်ဝါကတော့ဖြင့် ထိန်ပင်ရိုးချောင်းမှာ ကွန်ပစ်သွားတာ အိမ်ကိုလည်း ပြန်ရောက်ရော စကားမေးမရဘဲ အမြှုပ်တစ်စီစီ ထွက်ပြီးသေပါရောစသဖြင့် ထိန်ပင်ရိုးချောင်းဘေးရှိ ထိန်ပင်ကြီးတွင်နေသည်ဆိုသော ကွင်းပိုင်ကြီးသရဲက သူ့နေရာမှာ ငါး၊ပုစွန်ဖမ်းတာ မကြိုက်ကြောင်း၊ သွားမိပါကဒုက္ခရောက်တတ်ကြောင်းတို့ကို ဒဏ္ဍာရီလိုလို၊ ကိုယ်တွေ့လိုလို ပြောဆိုလာခဲ့သည်မှာ ကြာပြီဖြစ်၏။

ဟုတ်သည် မဟုတ်သည်အပ့ါထား၊ မိမိတို့ရွာသူ၊ ရွာသားများသည် ထိန်ပင်ရိုးချောင်းဖျားဆီသို့ ဘယ်သောအခါမျှ မသွားကြ။ လူသူအရောက်အပေါက်နည်း၍လည်း ထိန်ပင်ရိုးချောင်း တစ်ဝိုက်တွင် ကိုင်းတော၊ ကျူတောကြီးများ လမုပင်၊ လမဲ့ပင်၊ ကနစိုစသည့်အပင်များ တောထအောင် ရှင်သန်ကြီးထွားနေကြပါ၏။ ငါး၊ ပုစွန်တို့လည်း ချောင်းရေလျှံသည့် ကာလမျိုးတွင် ထိန်ရိုးချောင်းမှ လျှံကျလာသော ရေနှင့်အတူ ငါးကြင်းကြီးများ၊ ငါးပတ်၊ ငါးဖယ်၊ ငါးရံ့၊ ငါးကျည်း၊ ငါးခူများ ပါလာကြကာ နီးစပ်ရာ လယ်ကွင်းများတွင် ဖမ်းလို့မနိုင်အောင် ပေါများလှပါ၏။

ဖိုးနီသည် ပညာတတ်ကြီးတစ်ယောက် မဟုတ်သော်လည်း သူတို့မြို့ကလေး၏ တစ်ဖက်ကမ်းရှိ ရွာသစ်ဆိုသောရွာကြီး၏ အလယ်တန်းကျောင်းတွင် အဋ္ဌမတန်းထိ ပညာသင်ကြားခဲ့ဖူးသူဖြစ်၏။ သူတို့မြို့ကလေးရှိ စာကြည့်တိုက်တွင်လည်း မကြာ၊မကြာ သွား၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများဖတ်လေ့ရှိသူဖြစ်ရာ အခြားသော ရွာသူ၊ ရွာသားများထက် အကြားအမြင် ဗဟုသုတများသူဖြစ်သည်။

ထို့ကြောင့် တကယ်ရှိသည်ဟု ဘယ်သူကမှ အာမမခံရဲသော "တကယ်ရှိရင် ပြစမ်းဗျာ'' ကျုပ်ကို ဆိုတော့လည်း တပ်အပ်သေချာ ဘယ်သူမှမပြနိုင်သော စုန်းကဝေလိုလို၊ နာနာဘာဝလိုလို၊ သရဲလိုလို ထိုအရာများကိုဖြင့် ဖိုးနီသည် မျက်စိမှိတ်၍ မယုံချင်ပေ။ တကယ်ဆိုတော့ မိရိုးဖလာအရိုးစွဲနေသော အယူအဆများကို ဆုပ်ကိုင်၍ အမြင်ကျဉ်းအသိကျဉ်းနေကြသူများနှင့် ယှဉ်ပြိုင်ငြင်းခုံနေ၍လည်း ဘာမျှအကျိုးထူးလာမည်မဟုတ်သည်ကို သိ၍ ငြိမ်နေသူဖြစ်၏။ သို့သော် တစ်နေ့နေ့ တစ်ကွေ့ကွေ့တွင်တော့ အသိအမြင်ခေတ်မမီသော ဘဝတူ ရေလုပ်သား ကိုတံငါများကို အမြင်မှန်၊ အသိမှန်ရအောင်လုပ်ပြချင်သောစိတ်က သူ၏ရင်ထဲတွင် အမြဲရှိနေခဲ့၏။ တကယ့် တကယ်ဆိုတော့ သူတို့လိုတံငါ အခေါ် ရေလုပ်သားကြီးများ၏ဘဝသည် အသက်နှင့်ရင်း၍ လုပ်ကိုင်စားသောက်နေရသော ဘဝကြမ်းကြီးများသာ ဖြစ်ကြပါ၏။

သာမန်မျက်စိဖြင့် ဘယ်လိုမှမြင်နိုင်စွမ်းမရှိသော မြစ်ချောင်း၊ အင်းအိုင်များ၏ ရေလွှာအောက်တွင် ငုတ်ချွန်၊ ဆူးငြောင့်၊ ဝဲကတော့၊ စုပ်ဝဲကြီးများနှင့်အတူ ဂျပ်မြွေများ၊ မြွေပွေး၊ မြွေဟောက်များ၊ ငါးမန်းများ၊ ငါးရွေးကြီးများ၊ မိကျောင်းများ၏ အန္တရာယ်များကလည်း သူတို့ကို အခါမရွေး ဒုက္ခပေးနိုင်ကြသည်သာ။

သာမန်အများသူငါ သွားလာရှာဖွေလုပ်ကိုင်လေ့ရှိသော နေရာများ၌ တစ်စုံတစ်ခုဖြစ်ခဲ့ပါက ဘာမျှပြောမည်မဟုတ်သော်လည်း ယခုကဲ့သို့ အများက ရှောင်ကြဉ်ထားသော တားမြစ်ထားသော နေရာတွင်သာ မိမိတစ်စုံတစ်ခုဖြစ်မည်ဆိုပါက "နတ်နှင့်နဂါးမလှည့်စားနဲ့"ဟူ၍ တစ်မျိုး၊ မယုံတဲ့ကောင် အခုဘေးတွေ့ပြီ မဟုတ်လား" ဟု တစ်ဖုံ စကားတင်းဆိုကြ၊ ကဲ့ရဲ့ကြလေမည်သာ။

ဇနီးဖြစ်သူမကျင်ငွေကလည်း "အဲဒီလိုနေရာမျိုးကိုသွားပြီး ရှာဖွေရမှ ထမင်းစားရမယ်ဆိုရင်လဲ မသွားပါနဲ့ကိုဖိုးနီရယ် ကျုပ်တို့ အငတ်သာခံပါမယ်၊ ကျုပ်တို့ မိသားစုအတွက် ကိုဖိုးနီဒုက္ခရောက်တာ မမြင်ရက်ပါဘူး" ဟု မကြာမကြာ တားဆီးလေ့ရှိပေရာ ဖိုးနီသည် မိမိကိုယ်တိုင်ကယုံကြည်မှုမရှိသော်လည်း မိသားစုများ စိတ်မချမ်းမသာဖြစ်မည်စိုး၍ ရှောင်ကြဉ်ခဲ့လေ၏။

ယခုတစ်ခါတော့မူ ဖိုးနီပြတ်သားရတော့မည်။ စွန့်စားရတော့မည်ဖြစ်၏။ အရေးကြုံလာပြီမို့ သက်လုံကောင်းရတော့မည်ဖြစ်၏။ မိမိသားနှစ်ယောက်လူချင်းသူချင်းတူအောင် ရှင်ပြုနိုင်ရေးအတွက် မိမိအနစ်နာခံစရာရှိလျှင်ခံရပေလိမ့်မည်။ ထိန်ပင်ရိုးချောင်းသို့ရောက်သည့် အချိန်တွင်နေ၏ အလင်းရောင်သည် အုံ့ဆိုင်းလျက်ရှိသော တောအုပ်ကလေးနှင့် ဗျိုက်တောကွင်းစပ်များ အပေါ်သို့ ဖြန့်ကြက်စပြုလာပြီဖြစ်သည်။ လူသူအရောက်အပေါက်နည်းသောနေရာဖြစ်၍ ဗျိုင်းများ၊ လင်းဝက်များ၊ ချိုးလင်းပြာများ၊ ဘုတ်ငှက်များစသည့်ငှက်ပေါင်းစုံတို့ကို ဘေးမဲ့ပေးရာတောသဖွယ်ဖြစ်နေပေရာ၊ အိပ်တန်းထစ ငှက်တို့သည် မလာစဖူးအလာထူးသောလူသားနှစ်ယောက် မိမိတို့ ခိုနားရာ သစ်ပင်များအနား ရောက်လာကြသဖြင့် လန့်ဖျပ်၍ တဝေါဝေါ၊ တဝုန်းဝုန်း၊ တရှန်းရှန်းထပျံကြလေရာ သတ္တိကောင်းလှပါသည်ဆိုသော ဖိုးနီသည်ပင် ကြက်သီးများဖြန်းဖြန်းထမိအောင် လန့်ထိတ်သွားရလေ၏။

ဖိုးနီ၏အနောက်မှပါလာသော သားဖြစ်သူ သာအောင်သည် ဆတ်ခနဲတုန်သွားကာ ဖခင်ဖြစ်သူ ဖိုးနီထံတိုးကပ်လာကာ–

"အဖေ အဖေပြန်ကြရအောင် ဗျာ။ သားကြောက်လာပြီ" ဟုတုန်ယင်သောအသံ ဖြင့်ပြောလေရာ–

"ဘာမှမကြောက်ပါနဲ့ သားရယ်။ အဖေ တစ်ယောက်လုံးရှိပါတယ်။ ငှက်တွေကအဖေတို့ကို မြင်လို့လန့်ပျံတာပါကွ။ ယောကျ်ားပဲကွာ၊ ဘာကြောက်စရာရှိလို့လဲ။ ကဲ ကဲ မင်းပစ္စည်းတွေချ" ဟု ပြောရင်း သူ၏ပခုံးပေါ်မှာ ထမ်းလာသောပစ္စည်းများကိုလည်း ရိုးချောင်းအစပ်တွင်ချလေ၏။

မကြာမီတွင်ပင် လက်လံသုံးလံခန့်အမျှ ကျယ်သာ ရိုးချောင်းကလေးကို ဗေဒါပင်များကတစ်ထပ်၊ ရွှံ့စေးများတစ်ထပ်နှင့် ခြေထောက်ဖြင့်နင်းကာ၊ နင်းကာ သိပ်၍ဖို့ထားသော တမံကလေးနှစ်ခုသည် တစ်ခုနှင့်တစ်ခု လက်လံခြောက်လံခန့်ခြားကာ ပေါ်ထွက်လာခဲ့လေပြီ။ ရေပြင်အထက် တစ်တောင်ခန့် မြင့်အောင် ကန့်လန့်ဖြတ်ဖို့သိပ်ထားသဖြင့် နှစ်ဖက်မှရေများ ဝင်မလာနိုင်တော့ပေ။ ထို့ကြောင့် ကန့်ထားသော တမံနှစ်ခုအတွင်းမှရေများကို ခန္တဲ ခေါ် ရေပက်ကိရိယာဖြင့် ပက်ထုတ်လိုက်ပါက တမံနှစ်ခုအတွင်း ရှိငါးများကို အလွယ်တကူဖမ်းနိုင်တော့မည်ဖြစ်၏။

တမံနှစ်ခုအတွင်းရှိ ရိုးချောင်းရေပြင်တစ်ခုလုံးကို ဗေဒါများ၊ ဒိုက်များ၊ ကန်စွန်းရိုးနီများ၊ ထိကရုံးပင်များသည်ဖုံးလွှမ်းလျက် ရေပြင်ကိုပင်မမြင်ရလောက်အောင်ရှိနေပါ၏။ ဖိုးနီသည် ရှစ်တောင်ခန့်ရှိသောထီးရိုးဝါးရှည်ဖြင့် ရေပြင်ကိုဖုံးအုပ်နေသော ထိုဒိုက်ပင်၊ ဗေဒါပင်များပေါ်သို့ တဖြောင်းဖြောင်းရိုက်ကာ ခိုအောင်းနေတတ်သော မြွေဆိုးများ အဆိပ်ရှိသတ္တဝါများ ထွက်ပြေးစေရန်ခြောက်လှန့်လိုက်၏။

၎င်းနောက် ရေပြင်ထဲသို့ စမ်းကာစမ်းကာနင်း၍ ဆင်း၏။ ရေ၏ အနက်မှာ သုံးတောင်ခန့်မျှသာရှိလေရာ ယခုပြုလုပ်ထားသောအကန့်ကလေးကို သားအဖနှစ်ယောက်၊ တစ်ယောက်တစ်လဲ ကြိုးစားပက်လျှင် မွန်းတည့်အချိန်လောက်တွင် ရေခန်းနိုင်သည်ဟု တွက်မိသည်။ ဤကဲ့သို့ အလျားရှည်သော ရိုးချောင်းကို တမံလုပ်၍ အိုင်ပက်ရသည်မှာ နည်းသိပါက လွယ်ကူလှပေ၏။ ယခုကဲ့သို့ ပထမတစ်ကန့်ကို သာရေပက်ထုတ် လိုက်ပါ၊ ရေခန်းပါကပေါ်လာသော ငါးများကို "ဒိုင်းဝန်း" ဖြင့် ကော်၍ယူယူလက်ဖြင့် ပင်ကောက်ကောက် အလွယ်တကူရနိုင်ပါ၏။

ထိုမှ နောက်ထပ် တစ်ကန့်ထပ်၍ ကန့်လိုက်ပါ။ ပြီးလျှင်ရေခန်းနေသော ပထမအကန့်ထဲသို့ တားထားသောတမံကိုအနည်းငယ်ဖောက်ချလိုက်ရုံဖြင့် ဒုတိယအကန့်ထဲမှ ရေများအလိုလိုပထမအကန့်ထဲသို့ဆင်းသွားပေလိမ့်မည်။ ဤနည်းဖြင့် အချိန်မကုန်ဘဲ ရိုးချောင်းအတွင်းရှိ ငါး၊ ပုစွန်များကို အလွယ်တကူဖမ်းဆီးရရှိနိုင်ပေတော့သည်။ ဖိုးနီသည် ရေပြင်ထဲမှဒိုက်များ၊ မှော်များ၊ ဗေဒါများကို ဆွဲကာ၊ ဆွဲကာ ကမ်းစပ်သို့ပို့၏။ သားဖြစ်သူသာအောင်က ကမ်းစပ်မှနေ၍ ဆွဲဆယ်ယူကာ ကုန်းပေါ်သို့ပစ်တင်ပေး၏။ ဤသို့ဖြင့် သူတို့တမံတုတ်၍ ကန့်ထားသော အကန့်ထဲတွင် ရေပြင်ဖွေးဖွေးသာ ကျန်လေတော့၏။

ထိုအခါ သားဖြစ်သူကဖိုးနီကို "ပက်ထုတ်ရတော့မလားအဖေ" ဟု မေးလေရာ "အေး ခန္တဲဆင်ဖို့ဝါးတွေပစ်ချလိုက်ဟေ့" ဟုဆိုကာ ဝါးများဖြင့် ခန္တဲတိုင်ဆင်၏။ ပြီးလျှင်ခန္တဲကို ကြိုးတပ်ကာတွဲလွဲဆွဲသည်။ ထို့နောက် ခန္တဲကို ရေပြင်ထဲထိုးကော်ကာ ကန့်ထားသော တမံကိုကျော်အောင်ရေကိုပက်ထုတ်လေတော့၏။ သာအောင်သည် ဖခင်ပက်ထုတ်လိုက်သောခန္တဲအတွင်းကရေထဲတွင် ပါသွားတတ်သော ငါးများ၊ ပုစွန်များရှိပါက မဆုံးရှုံးရလေအောင်ခန္တဲမှရေကျရာနေရာတွင်ပါလာသော ဒိုင်းဝန်းကို ပက်လက်ထားကာ တုတ်ထောက်၍ခံထားလိုက်၏။

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၅၅၉ဧက စိုက်ပျိုးပြီးစီး



**ဝက်လက် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၅၅၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် နှမ်း ၆၁၃၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၅၅၉ ဧက စိုက်ပျိုးပြီးစီးသဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်း ၆၁၃၁၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၁၅၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်း၊မျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းထံမှ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ထောင်ဝိကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောင်ဝိကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာလ ၂၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင်ဦးစီးအရာရှိ(နည်းပညာ)ဒေါ်နန်းအဲဖောင်အွာနှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က သတ်မှတ်ကာလအတွင်း အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထောင်ဝိကျေးရွာ၌ ကျေးလက်ကုန်ထုတ် လမ်း အရှည် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကိုးလက်မ မြေဂဝံလမ်းနှင့် အဆိုပါလမ်းပေါ်တွင် လမ်း အရှည် ၅ပေ၊ အကျယ် ၂၄ပေ၊ အမြင့် ၅ပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၇သန်းဖြင့် ဌာနစုဖွဲ့ကော်မတီမှ ၂၀၂၄ ခုနှစ် မေလ ပထမပတ်က စတင်တာဝန်ယူ ဖောက်လုပ်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ လယ်ဧက ၈၀ ကျော်မှ ထွက်ရှိလာမည့် ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က ပြောပြ၍ သိရသည်။

**ကိုသက်**

➢ **စာမျက်နှာ ၂၄ မှအဆက်**

နေသည်တစ်စတစ်စမြင့်တက်လာပြီး ပြင်းထန်သောနေအပူရှိန်သည် အားသွန်ခွန်စိုက် တစ်ယောက်တစ်လဲ ရေပက်ထုတ်နေသော ဖိုးနီတို့သားအဖအပေါ် မညှာမတာကျရောက်နေပေရာ သားအဖနှစ်ယောက်စလုံး ချွေးတပြိုက်ပြိုက်နှင့် မောဟိုက်နေကြတော့၏။

သာအောင်သည် အစကတော့ ဖအေဖြစ်သူကိုကြောက်၍သာ လိုက်လာရသော်လည်း ရေများ ထက်ဝက်ခန့်ခန်းလာသည်နှင့်အမျှ နည်း၍၊ နည်း၍လိုက်လာသော တမံအကန့်ထဲမှ ရေထဲတွင်အနေကျဉ်းကျပ်လာသော ငါးမျိုးစုံတို့သည် တဝုန်းဝုန်း၊ တဖျတ်ဖျတ်ခုန်ပျံလျက်ရှိသည်ကိုတွေ့ရသောအခါ လောဘဇောတို့ ဆုဝေကာ ကြောက်စိတ်တို့လွင့်ပျောက်၍ အားကြိုးမာန်တက်ခန္တဲဖြင့် ရေကိုပက်ထုတ်လျက်ရှိ၏။ ခန်း၍၊ ခန်း၍ လိုက်လာသော ရေထဲတွင် ငါးပတ်ကြီးများ၊ ငါးဖယ်၊ ငါးရံ့များ ဝုန်းခနဲ၊ ဝုန်းခနဲ မြောက်၍၊ မြောက်၍ တက်လာအောင် ခုန်ပျံလျက်ရှိ၏။ အင်းအိုင်များ၏ ရေအောက်ခြေဘက်တွင်သာ ကျက်စားလေ့ရှိသော ငါးကျည်း၊ ငါးခူ၊ ငါးနုသန်း၊ ငါးပြေမ၊ ငါးမြွေထိုးစသည့်ငါးများသည် တမံ၏အနိမ့်ပိုင်းရေအနည်းငယ်များသောနေရာသို့ သူ့ထက်ငါ အလုအယက်တိုးဝှေ့ကာသွားနေကြပြီ။ မကြာမီရေခန်းတော့မည်။ သို့ဖြစ်၍ ဖိုးနီသည်ခန္တဲကိုပို၍ အားစိုက်ကာ၊ ထိုးကာ၊ ကော်ကာ၊ လွှဲကာ၊ တွန်းကာဖြင့်ရေကို ပက်ထုတ်လျက်ရှိ၏။ သူအတော်မောလာသောအခါ နေသည် ခေါင်းပေါ်ရောက်နေပြီ။ တစ်မနက်လုံး ကုန်းထား၍၊ ကွထား၍ ကိုက်ခဲနေပြီဖြစ်သောခါးကို ဆန့်ရင်း တမံအကန့်ထဲသို့အကြည့်ကို တစ်ချက်ဖြန့်ကြက်လိုက်၏။

တမံအောက်ခြေမြေသားပေါ်တွင် ရေသည် တစ်ထွာတစ်မိုက်မျှပင် မကျန်ချင်တော့။ သူကျေနပ်သွားသည်။ ဒါဆိုငါးဖမ်းလို့ရပြီ။ ခါးပုံစထဲမှ ခနေ့ဖြူကြေးမီးခြစ် ကိုထုတ်လိုက်၏။ မီးသတ်ကာနားရွက်ကြားတွင် ညှပ်ထားသော ဝါ၊စိမ်း၊နီတံဆိပ်ဆေးပေါ့လိပ်ကို ယူကာမီးညှိရန်ပြင်၏။ တစ်ခါခြစ်၏ မီးမတောက်။ နှစ်ခါခြစ်၏ မီးမပွင့်။ ရေငွေ့တို့ဖြင့် အစိုပြန်လျက်ရှိသော ခတ်ဆီကြေးမီးခြစ်ကို ခါးပုံစထဲသို့ ပြန်ထည့်ခါနီးတွင် ဆတ်ခနဲဖြစ်သွားလေ၏။

တစ်စုံတစ်ခုတော့ထူးခြားနေပြီဟု သူ့စိတ်ထဲတွင် သိလိုက်၏။ ဟုတ်သည်။ ထူးဆန်းလှပါဘိ တော့၏။ အံ့သြစရာ ကောင်းလှပါဘိ၏။

ကြည့်စမ်း၊ မိမိတို့ပက်ထုတ်လိုက်၍ ရေတစ်ဝက်ခန့်ခန်းသည်နှင့် ခုန်ကာ၊ ပျံကာ၊ တိုးကာ၊ ဝှေ့ကာဖြင့် တဝုန်းဝုန်းဆူညံနေခဲ့သော ထွက်ပေါက်ရှာနေခဲ့သော ငါးတို့သည်ဘယ်ရောက်ကုန်ကြသနည်း။ကြည့် တစ်ထွာတစ်မိုက်ပင်မကျန်ချင်တော့သော ရေစပ်စပ်တွင် ငါးကြီးငါးကောင်း တစ်ကောင်တစ်မြီးမှမရှိတော့။

ငါးဖျင်းသလက်ပေါက်စကလေးများ၊ ငါးမော့တော့ကလေးများ၊ ငါးခုံးမကလေးများနှင့် ပုစွန်ဆိတ်ကလေးများကိုသာ ဟိုမှသည်မှ ကူးကာ၊ သန်းကာ ထွက်ပေါက်ရှာလျက်ရှိသည်ကိုတွေ့ရသည်။

တစ်ခုန်တည်းခုန် တစ်ပျံတည်းပျံနေခဲ့ကြသော ငါးပတ်ကြီးများ၊ ငါးဖယ်ကြီးများ၊ငါးရံ့ကြီးများ သည် ပျောက်ခြင်းမလှပျောက်လေပြီ။ ဘယ်ရောက်သွားကုန်ကြသနည်း။

ဖိုးနီ၏အကြည့်သည်ထိန်ပင်ကြီးဆီသို့ ရောက်သွား၏။ ကျီးကန်းတစ်အုပ်နှင့် ဝေသာလီဗျိုင်း၊ ခြောက်တောင်ဗျိုင်း၊ ဗျိုင်းအောက်၊ ပိန်ညင်းစသည့် ငှက်၊ ပုစွန်ကြိုက်သောငှက်တို့သည် ထိန်ပင်ကြီး၏ အုပ်ဆိုင်းဝေဆာနေသောအကိုင်းများပေါ်တွင် စီစီရီရီ နားနေကြကာ တမံအတွင်းမှငါးပေါက်ကလေးများကိုငုံ့ကြည့်ရင်း လူအလစ်စောင့်နေကြသည်ကို တွေ့ရလေ၏။

**ဆက်လက်၍ ဖော်ပြပါမည်။**

## မျိုးဆက်သစ်တို့ ကြိုးစားပါ

– မြန်ပြည်ထောင် တန်ခိုးထွားဖို့
ကြိုးစားစို့ မျိုးဆက်သစ်တွေ၊
ကိုယ့်တာဝန် ကျေအောင်ထမ်း
လမ်းဖြောင့်မှန်စေ၊
အချောင်ခိုစိတ် ရှောင်ကြဉ်လေ
နောင်အစဉ်ပေ ချမ်းသာမလွဲ၊
ပညာတွေကို သင်ယူသွားလို့
နိုးကြားစဉ်မြဲ။

– တွေ့ကြုံလာ အခက်အခဲကိုလ
ရင်ဆိုင်နွှဲလို့ ဖြတ်သန်းကျော်၊
အမှားအမှန် ဝေဖန်မနှေး
ကြံတွေးစဉ်နော်၊
အနာဂတ် မှန်းရည်မျှော်
ရွှေပြည်တော် ကောင်းမြတ်ရေး၊
လူတိုင်းကိုယ်စီ တာဝန်အသိ
ထားရှိစို့လေး။

– ကောင်းရာကို ကြံစည်တွေးလို့
ကောင်းမှုမနှေး ထမ်းရွက်သယ်၊
မကောင်းမှုတွေ အစွယ်ဖြတ်
ပယ်သတ်ရှောင်ကွယ်၊
မျိုးဆက်သစ် ဆွေမောင်မယ်
ပန်းတိုင်ရယ် အတူလျှောက်လှမ်း၊
ပျော်ရွှင်စွာ အားမာန်သစ်ဖြင့်
ထုဆစ်အောင်ပန်း။ ။

**ရဲသွေးနီ (တက်ဝန်)**

# မင်းလှမြို့နယ် မြောက်ချောကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြောက်ချောကုန်း ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာလ ၂၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက အမှာစကားပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းလည်ပတ် ဆောင်ရွက်ပုံ အဆင့်ဆင့်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ် ၃၈ ဒသမ ၆၉သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြောက်ချောကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို ငွေ ကျပ် ၃၈ ဒသမ ၆၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

ခရီးသွားဆောင်းပါး

# ငွေဆောင်ကမ်းခြေခရီးအစနှင့် ရန်ကုန်ည

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်ထွက်ဖြစ်ခဲ့တဲ့ခရီးက ပင်လယ်ကမ်းခြေခရီးစဉ်ပါ။ မိမိရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်ဖြစ်တဲ့ တစ်နှစ်ကို အနည်းဆုံးတစ်ခါလောက် ပင်လယ်ပြင်၊ ပင်လယ်ကမ်းခြေရှိရာကို ရောက်အောင်သွားမယ်၊ ပင်လယ်လေတွေကို တဝကြီးရှူမယ်၊ ပင်လယ်ဆားငန်ရေစိမ်မယ်ဆိုတဲ့အတိုင်း ပွင့်လင်းရာသီဆောင်းဥတုအစပိုင်းနေ့ရက်တွေမှာပဲ ငွေဆောင်ကမ်းခြေရှိရာကို ထွက်လာဖြစ်ခဲ့တယ်။ ခရီးဖော်တွေအနေနဲ့ မိမိနဲ့အတူ ပြင်ဦးလွင်မြို့ လေးမျက်နှာဘုရားခေါ် စူဠာမဏိပုထိုးတော်ကြီးမှာ အပတ်စဉ်အလှည့်ကျဂေါပက(အကျိုးတော်ဆောင်) တာဝန်တွေကို ထမ်းဆောင်နေကြတဲ့ အသက် ၇၀ ကျော်၊ ၈၀ နီးပါးရှိနေကြပြီဖြစ်တဲ့ လူကြီးတွေပါ။ ဒ့ါပြင် ရှမ်းတိုင်းရင်းနွယ်ဖွား တက္ကသိုလ်ကျောင်းသူလေးနှစ်ယောက်လဲပါနေသေးတယ်။ မိမိတို့ခရီးဖော်တွေအားလုံး ပြင်ဦးလွင်မြို့ကနေ သတ်မှတ်ရက်မှာ မနက်စာစားသောက်ပြီး စတင်ထွက်ခွာလာခဲ့ကြတယ်။

ပြင်ဦးလွင်-မန္တလေး လမ်းပိုင်းကနေ မြစ်ငယ်-ထုံးဘိုဖြတ်လမ်းအတိုင်း ပလိပ်မြို့ကနေတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရောက်လာတော့ မနက် ၈ နာရီကျော်နေပါပြီ။ မိမိတို့သွားရောက်ကြမဲ့ ခရီးစဉ်လမ်းကြောင်းက ရန်ကုန်မြို့ကနေတစ်ဆင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ မြောင်းမြစတဲ့မြို့တွေကို ဖြတ်သန်းပြီး ပုသိမ်-ငွေဆောင်လမ်းအတိုင်း သွားရောက်ကြမှာဖြစ်ပါတယ်။ ဒီခရီးစဉ်လမ်းကြောင်းကို မိမိ ငွေဆောင်ကမ်းခြေသွားမဲ့အကြောင်း ကြိုတင်သိရှိနေတဲ့ စံတော်ချိန်နေ့စဉ်သတင်းစာတိုက်က တာဝန်ခံအယ်ဒီတာ ဆရာလွင်မင်းဦးက အကြံပြုစီစဉ်ရေးဆွဲပေးခဲ့သလို ခရီးလမ်းမှာလိုအပ်တဲ့ လမ်းညွှန်မြေပုံတွေ၊ တစ်မြို့နဲ့တစ်မြို့ မိုင်အကွာအဝေးတွေ၊ လမ်းတစ်လျှောက်မြို့တွေမှာရှိတဲ့ မြို့ခံစာရေးဆရာတွေရဲ့ နာမည်နဲ့ဖုန်းနံပါတ်တွေကို ကြိုတင်ပေးပို့ အကြောင်းကြားပေးထားတယ်။ မိမိအနေနဲ့ကလဲ သက်ဆိုင်ရာ မြို့ခံစာရေးဆရာတွေကို ထပ်မံမိတ်ဆက်အကြောင်းကြားထားပြီးပါပြီ။

ခရီးစဉ်လမ်းကြောင်းကို လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်လို့ လမ်းတစ်လျှောက်လုံးစိတ်အေးလက်အေးနဲ့ ကားကိုမောင်းနှင်လာနိုင်ခဲ့တယ်။ ဒီလို စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ စိတ်အေးလက်အေးနဲ့ဖြစ်နေခဲ့ကြပေမဲ့ မိတ္ထီလာမြို့ ယာဉ်ရပ်နားစခန်းနဲ့ စားသောက်ဆိုင်တန်းကို ရောက်တော့ စိတ်အလိုမကျမှုတွေ၊ မကျေနပ်မှုတွေ၊ စိတ်မကောင်း ဝမ်းနည်းမှုလေးတွေကို စတင်ခံစားကြရတယ်။ မြန်မာလူမျိုးတွေဆိုတာ ရိုးသားတယ်၊ ဖော်ရွေတယ်၊ ယဉ်ကျေးတယ်၊ ညှော့ဝတ်ကျေတယ်ဆိုပြီး ကမ္ဘာကသိရှိလက်ခံထားကြပါတယ်။ မိမိတို့အဖွဲ့ မိတ္ထီလာကိုရောက်တော့ မနက် ၁၀ နာရီလောက်သာရှိနေသေးတာကြောင့် နေ့လယ်စာ စားသောက်ကြဖို့လဲ စောနေသေးတာက တစ်ကြောင်း၊ အညောင်းပြေ အညာပြေခဏတစ်ဖြုတ်ထိုင်နားကြရင်း လက်ဖက်ရည်သောက်ချင်တာက တစ်ကြောင်းကြောင့် ယာဉ်ရပ်နားစခန်းမှာရှိတဲ့ ဆိုင်ကြီးတစ်ဆိုင်အတွင်းကို ဝင်ရောက်သွားခဲ့ကြတယ်။ စကားပြောကြရင်း၊ ထိုင်ရင်း၊ နားရင်း၊ လက်ဖက်ရည်သောက်ကြဖို့ပါ။ မိမိတို့ဆိုင်အတွင်းကို ဝင်ရောက်သွားခဲ့ကြပြီး စားပွဲ၊ ထိုင်ခုံအသီးသီးတွေမှာ နေရာယူထိုင်နေကြရင်း အချိန်အနည်းငယ်ကြာလာတဲ့ထိ ဘယ်စားပွဲထိုး၊ ဘယ်ဆိုင်ဝန်ထမ်းကမှ ဘာစားမလဲ၊ ဘာသောက်မလဲဆိုပြီး လာရောက်မေးမြန်းကြတာမရှိပါဘူး။ စားပွဲထိုးဆိုင်ဝန်ထမ်းတွေကိုတော့ ဆိုင်ထောင့်တစ်နေရာမှာ ထိုင်နေကြတာ တွေ့မြင်နေရတယ်။

ဒါနဲ့ ဆိုင်ဝန်ထမ်းတွေကို လက်ဖက်ရည်သောက်မယ်၊ လက်ဖက်ရည်မှာမယ်ဆိုပြီး ပြောဆိုလိုက်တဲ့အခါ သူတို့က ကောင်တာမှာကိုယ်တိုင်မှာယူကြရတယ်လို့ ပြန်လည်ပြောဆိုခဲ့ကြပါတယ်။ အခုလိုဖွံ့ဖြိုးတိုးတက်လာတဲ့ခေတ်ကြီးမှာ မိမိနဲ့တကွ အသက်အရွယ်ကြီးရင့်နေကြပြီဖြစ်တဲ့ ဘုရားဂေါပကလူကြီးတွေ ခေတ်နောက်ကျ ကျန်ရစ်နေခဲ့ကြပြီလား မပြောတတ်ပါဘူး။ ကိုယ်သောက်ချင်တဲ့ လက်ဖက်ရည်အမျိုးအစားတွေကို ကောင်တာရှိရာသွားရောက်ပြီး မှာယူခဲ့ကြရတယ်။ ခဏကြာတော့မှ ဝန်ထမ်းစားပွဲထိုးလေးတွေက တစ်ခါသုံးဖော့ခွက်ကလေးတွေနဲ့မှာယူထားခဲ့ကြတဲ့ လက်ဖက်ရည်ကို



ရန်ကုန်-ဒလ ဆိပ်ကမ်းကို တွေ့ရစဉ်။

လာချပေးသွားကြတယ်။ မိမိတို့လဲ စကားပြောရင်း၊ လက်ဖက်ရည်သောက်ကြရင်းနဲ့ ရေနွေးကြမ်းသောက်ချင်လာကြတာကြောင့် ရေနွေးခါတ်ဘူးတောင်းတဲ့အခါ ရေနွေးကြမ်းကလဲ ကိုယ်တိုင်ထယူစနစ်ဖြစ်နေပြန်တယ်။ အသက်အရွယ်ရနေကြပြီဖြစ်တဲ့ လူကြီးတွေအတွက် ရေနွေးကြမ်းတစ်ခွက်သောက်ရဖို့ကို ထိုင်လိုက်၊ ထလိုက်၊ သွားလိုက်၊ လာလိုက်နဲ့ အဆင်မပြေတော့ပါဘူး။ လက်ဖက်ရည်သောက်ပြီးလို့ ငွေရှင်းတဲ့အခါမှာလဲ ကောင်တာကို ကိုယ်တိုင်သွားပေးချေရတယ်။

မြန်မာတို့အစဉ်အလာအရ ဝတ်စားဆင်ယင်၊ ပြောဆိုကျင့်ကြံနေထိုင်မှုအားလုံးက မြန်မာမှုသို့မဟုတ် မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုတွေသာဖြစ်ကြပါတယ်။ မိမိအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာတွေကို လက်ခံပါတယ်။ ဒါပေမဲ့ မိမိတို့လူမျိုးရဲ့ အလွန်ချစ်ခင်နှစ်သက်ဖွယ်ကောင်းတဲ့ ရိုးရာဓလေ့တွေ၊ ယဉ်ကျေးမှုတွေပျောက်ကွယ်သွားမှာကိုတော့ စိုးရိမ်မိနေတယ်။

မိတ္ထီလာယာဉ်ရပ်နားစခန်း ဈေးဆိုင်တန်းမှာ လက်ဖက်ရည်သောက်ပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ နေ့ရက်အချိန်ကကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ရှည် သီတင်းကျွတ်ကာလဖြစ်နေတာကြောင့် လမ်းတစ်လျှောက်လုံးမှာ မိသားစုလိုက် ဘုရားဖူးထွက်လာကြတဲ့ ပုံစံမျိုးတွေ၊ အလည်အပတ်သွားကြတဲ့ပုံစံမျိုးတွေ၊ ပျော်ပျော်ရွှင်ရွှင် သွားလာနေကြတာမျိုးတွေကို တွေ့မြင်နေရတယ်။ အမြန်လမ်းမကြီးပေါ်မှာ ကားကြီး ကားငယ်တွေ အစုံအလင်ပါ။ မိမိကိုယ်တိုင်ကလဲ သတ်မှတ်ကီလိုမီတာအမြန်နှုန်းကို သတိထားမောင်းနှင်လာရင်း နေပြည်တော်ကို ကျော်လာတာနဲ့ နေ့လယ်စာ ထမင်းစားကြဖို့အတွက် သင့်တင့်ကောင်းမွန်တဲ့ ထမင်းဆိုင်လေးတွေကို ကြည့်ရှုရှာဖွေလာခဲ့ရတယ်။ အချိန်က နေ့လယ်စာထမင်းစားသောက်ဖို့ အချိန်ရောက်ရှိနေပါပြီ။

နေပြည်တော်အလွန် တစ်နေရာအရောက်မှာ သစ်ပင်အရိပ်လဲ ကောင်း၊ ကြက်ကာလသားဟင်းရသည်လို့ရေးသားထားတဲ့ ထမင်းဆိုင်တစ်ဆိုင်ကို တွေ့လိုက်တာကြောင့် နေ့လယ်စာထမင်းစားကြဖို့အတွက် ကားကိုရပ်နားလိုက်ရတယ်။ ဆိုင်လေးက သာမန်အိမ်ဆိုင်မျိုးလေးပါ။ ခုံတန်းရှည်ကြီးတွေနဲ့ စားပွဲဝိုင်းသုံးလေးဝိုင်းသာရှိနေတယ်။ မြန်မာထမင်းဟင်း ကြက်၊ ဝက်၊ ငါးနဲ့ ကာလသားဟင်း ရနေတယ်။ မိမိတို့အဖွဲ့ ရှစ်ယောက်က ခုံတန်းရှည်စားပွဲတစ်ခုစီမှာ လေးယောက်တစ်ဖွဲ့ ထိုင်လိုက်ကြပြီး မိမိတို့ကြုံကြိုက်နှစ်သက်ရာဟင်းတွေနဲ့ စားပွဲတစ်လုံးကို ကြက်ကာလသားဟင်းတစ်ပွဲ မှာယူထားလိုက်တယ်။ ဆိုင်မှာ မိမိတို့သာရှိနေပြီး အခြားစားသောက်နေကြသူတွေ ဘယ်သူမှရှိမနေကြပါဘူး။ ဒါပေမဲ့ ဆိုင်မှာရှိနေတဲ့လူတွေအားလုံးက ဟိုဟာယူခဲ့အုံး၊ ဒီဟာလာချပေးအုံးနဲ့ လှုပ်လှုပ်ရှားရှား ဆူညံသွားတာကို သတိထားမိလိုက်တယ်။ မှာယူထားတဲ့ဟင်းပွဲတွေ ရောက်မလာခင် ငါးပိရည်နဲ့ တို့စရာတွေ၊ မှျစ်ချဉ်ပေါင်ကြော်၊ ခရမ်းသီးနှပ်၊ ကင်းပုံသီးကြော်၊ ဆီးဖြူသီးသုပ်၊ ငရုတ်သီးငါးပိထောင်း၊ ပဲနှပ်တွေ ရောက်ရှိလာတယ်။ ပြီးတော့မှ သက်ဆိုင်ရာ ကြက်၊ ဝက်၊ ငါး၊ ကာလသားဟင်းနဲ့ ထမင်းပန်းကန်တွေ ရောက်လာကြတယ်။ ဈေးနှုန်းက အဝစား တစ်ယောက်ကို ငါးထောင်ကျပ်ပါ။ လိုအပ်တဲ့ဟင်းရံတွေကို ထပ်မံတောင်းလို့ရနေသလို ကာလသားဟင်းရည်ကိုလဲ ထပ်မံဖြည့်ပေးနေပါသေးတယ်။ ထမင်းစားသောက်နေချိန်မှာ ရေနွေးခါတ်ဘူးတစ်လုံးနဲ့ အခါးပန်းကန်တွေ လာချပေးတယ်။ ဆိုင်ရဲ့ဝန်ဆောင်မှုက ဒါအကုန်ဖြစ်ပါတယ်။ ခမ်းနားထည်ဝါတဲ့ဆိုင်ကြီးကနားကြီးလဲ မဟုတ်ပါဘူး။ ဒါပေမဲ့ စားလို့သောက်လို့ကောင်းခဲ့ကြတယ်။

နေ့လယ်စာ ထမင်းစားသောက်ပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာခဲ့ကြတယ်။ (၁၁၅) မိုင် ဖြူးမြို့ရပ်နားစခန်းကိုရောက်တော့ ကားဆီဖြည့်ရင်း အညောင်းပြေ ကားပေါ်ကနေဆင်းကြပြီး ခဏနားကြတယ်။ ကားအတွက်လိုအပ်တဲ့ဆီကို လွယ်လွယ်ကူကူနဲ့ လိုသလောက်ဝယ်ယူနိုင်နေတာကြောင့် ခရီးလမ်းမှာစိတ်ချမ်းသာခဲ့ရတယ်။ ဖြူးမြို့ (၁၁၅)မိုင်ကနေထွက်လာပြီးကတည်းက လမ်းတစ်လျှောက်မှာ ကားအသွားအလာတွေ ပိုမိုများပြားလာတာကို သတိထားမိလိုက်တယ်။ ရန်ကုန်၊ ပဲခူးမြို့ကြီးတွေနဲ့ နီးကပ်လာလို့ထင်ပါတယ်။ ဘုရားကြီးလမ်းခွဲအနီးကိုရောက်တော့ ခရီးဖော်တွေကို ဘာစားဘာသောက်ကြအုံးမလဲ၊ နားကြအုံးမလားဆိုပြီး မေးမြန်းခဲ့ပေမဲ့ အားလုံးက ဘာမှမစားမသောက် မနားကြတော့ဘူးဆိုတာနဲ့ ဆက်လက်မောင်းနှင်လာခဲ့တာ ရန်ကုန်မြို့အဝင် Zero (၀) မိုင်ဂိတ်ကို ညနေ ၄ နာရီမထိုးခင်မှာ ရောက်လာကြတယ်။ ဒါပေမဲ့ ဂိတ်ကိုမရောက်ခင် များပြားရှည်လျားလှတဲ့ ယာဉ်တန်းကြီးနဲ့အတူ တရွေ့ရွေ့တလှိမ့်လှိမ့် မောင်းနှင်နေရတာကြောင့် ညနေ ၅ နာရီထိုးမှ ဂိတ်ကိုကျော်ဖြတ်လာခဲ့ရတယ်။

ခရီးစဉ်လမ်းကြောင်းအရ ဒလမြို့၊ တွံတေးမြို့တွေကနေတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းကို ဝင်ရောက်သွားလာကြမှာဖြစ်လို့ အမှတ်(၃) လမ်းမကြီးကနေ ခရေပင်လမ်းခွဲ၊ ခရေပင်လမ်းခွဲကနေ ပြည်လမ်းအတိုင်း ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ ရန်ကုန်မြို့ရဲ့ထုံးစံအတိုင်း လမ်းတွေအားလုံးပေါ်မှာ ကားတွေအလွန်များပြား၊ ရှုပ်ထွေးနေတာကို တွေ့မြင်နေကြရပါပြီ။ (၈)မိုင်လမ်းဆုံ၊ အင်းယားကန်၊ ကမာရွတ်၊ လှည်းတန်းခုံးတံတား၊ မြေနီကုန်းမီးပွိုင့်၊ ဟံသာဝတီအဝိုင်းတွေကို အဆင့်ဆင့်ဖြတ်ကျော်လာရင်းနဲ့ ရွှေရောင်တဝင်းဝင်းနဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မီးရောင်စုံတွေရေပန်းတွေနဲ့ ပြည်သူ့ရင်ပြင်တွေကို ဖူးမြော်တွေ့မြင်ကြရတယ်။ အမှတ် (၃) လမ်းမကြီးကနေ လင်းလင်းကျင်းကျင်း ညနေ ၅ နာရီကတည်းက ထွက်လာခဲ့ရပေမဲ့ လမ်းတစ်လျှောက် ယာဉ်ကြောကျပ်နေတာတွေ၊ မီးပွိုင့်မိနေတာတွေ၊ ခရီးဝေးကွာတာတွေကြောင့် ရွှေတိဂုံစေတီတော်ကြီးအနီးကို ရောက်ရှိလာတဲ့ အချိန်မှာ တအားမှောင်နေပါပြီ။

ပြည်လမ်းအတိုင်း မောင်းနှင်လာရင်းနဲ့ဘုန်းကြီးလမ်းကိုရောက်တော့ ရန်ကုန်မြစ်ကူးတံတားတိုင်ကြီးတွေကို တွေ့မြင်လာရတယ်။ မိမိရဲ့ကားက တံတားတိုင်ကြီးတွေနဲ့ တံတားကြီးအောက်ကနေ မောင်းနေရတာပါ။ ဒါကြောင့် ကားကိုခဏရပ်လိုက်ပြီး တံတားကြီးပေါ်ကို ဘယ်နေရာကနေ တက်ရမလဲဆိုပြီး မေးမြန်းစုံစမ်းကြည့်လိုက်တော့မှ ရန်ကုန်-ဒလ မြစ်ကူးတံတားကြီးက မပြီးသေးတာကို သိရှိလိုက်ရတော့တယ်။ မိမိရဲ့စိတ်ကူးအစီအစဉ်က တံတားကြီးပေါ်ကနေ မောင်းနှင်ကူးဖြတ်ပြီး ဒလမြို့ကိုသွားရောက်ဖို့ဖြစ်ပါတယ်။ တံတားကြီးမပြီးစီးသေးတာကို တကယ့်ကိုမသိရှိရိုးအမှန်ပါ။ ဒါကြောင့် ဒလမြို့ရှိရာကို သွားရောက်ဖို့အတွက် ထပ်မံမေးမြန်းစုံစမ်းရပြန်တယ်။ လက်ရှိရောက်နေတဲ့နေရာကနေ ဘုရင့်နောင်တံတားထိသွားပြီး လှိုင်သာယာမြို့ကနေတစ်ဆင့် ဒလမြို့ကိုသွားရောက်ဖို့ဆိုတာက တစ်မျှော်တစ်ခေါ် ခရီးဝေးကွာလွန်းနေတဲ့အပြင် အချိန်တွေလဲ အလွန်ကြာမြင့်သွားတော့မှာဖြစ်ပါတယ်။ မေးမြန်းစုံစမ်းချက်တွေအရ ဒလမြို့ကို ဇက်ယာဉ်နဲ့ကူးလို့ရကြောင်း၊ နောက်ဆုံးထွက်ရှိပေးမဲ့ ဇက်ယာဉ်ကို မီနိုင်သေးကြောင်းတွေကို သိရှိလိုက်ရတာကြောင့် ဇက်ဆိပ်ကမ်းရှိရာကို မြန်မြန်ဆန်ဆန်ရှာဖွေမောင်းနှင်လာခဲ့ရတော့တယ်။

ညကလဲဖြစ်နေ၊ ရန်ကုန်မြစ်ကမ်းနားလမ်းတစ်လျှောက်မှာ ယာဉ်အသွားအလာတွေကလဲ ရှုပ်ထွေး၊တည်ဆောက်နေဆဲမြစ်ကူးတံတားစီမံကိန်းတစ်ခုလုံးကို သွပ်ပြားရှည်ကြီးတွေနဲ့ ကာရံထားတာကြောင့် ဝင်ပေါက်ကိုမနည်းရှာဖွေတွေ့ရှိပြီးမှ ဇက်ဆိပ်ကိုရောက်လာခဲ့ရတယ်။ ဇက်ဆိပ်ကိုရောက်လာကြပြီဆိုတော့ မကြာခင်မှာ ဒလမြို့တစ်ဖက်ကမ်းကို ဇက်ယာဉ်နဲ့ကူးဖြတ်ကြပါတော့မယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧက ၃၄၉၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ယင်းမာပင် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧက ၃၄၉၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၂၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၃၄၉၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်မှာ ပဲတီစိမ်း ၃၈၂၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ အဲဒီစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေကို ရိတ်သိမ်းနေပါတယ်။ ဒီနေ့မှာ ဧက ၃၄၉၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေ၊ အထွက်နှုန်း ကောင်းမွန်စေဖို့ အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၅၉၃၀၊ ကနီမြို့နယ်တွင် ဧက ၁၃၈၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၀၈၅၀၊ ပုလဲမြို့နယ်တွင် ဧက ၄၂၇၀ စုစုပေါင်း ဧက ၃၄၉၀၀ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ (၂၀၆)

# ငဖဲမြို့နယ် သာယာကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်မှု စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် သာယာကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ သာယာကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသာယာကုန်းကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၄၃ သိန်း စုစုပေါင်း ငွေကျပ် ၃၉၃ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ယခုနှစ် ဩဂုတ်လ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# ဆီးချိုသွေးချိုရောဂါနှင့် စက္ခုအာရုံပြဿနာ

ပေါက်ပေါက်

အပြည်ပြည်ဆိုင်ရာ ဆီးချိုအဖွဲ့ချုပ်(IDF)၏ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင် အသက် ၂၀ နှစ်မှ ၇၉ နှစ်အရွယ် အတွင်း ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေသူ ၅၃၇ သန်းရှိပြီး ရောဂါဖြစ်ပွားသူ ထက်ဝက်ခန့်သည် မိမိတွင် ဆီးချိုသွေးချိုရောဂါ ရှိနေသည်ကို မသိရှိကြဟု ဆိုသည်။ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၆၄၃ သန်း၊ ၂၀၄၅ ခုနှစ်တွင် ၇၈၃ သန်းထိ ဆီးချိုသွေးချိုဖြစ်ပွားသူ တိုးတက်များပြားလာမည်ဟု ပညာရှင်များကလည်း ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင်လည်း နေထိုင်စားသောက်မှုပုံစံများ ပြောင်းလဲလာမှုကြောင့် ဆီးချိုသွေးချိုရောဂါ အပါအဝင် မကူးစက်နိုင်သောရောဂါများ ပိုမိုဖြစ်ပွားလာသည်။ အထူးသဖြင့် အသင့်စားနိုင်သည့် ကယ်လိုရီများပြားသော အစားအစာ စားသုံးမှုများပြားလာခြင်း၊ အရည်အသွေးညံ့ဖျင်းသည့် စားသောက်ကုန်များကို မထိန်းချုပ်နိုင်ခြင်းတို့ကြောင့် ဆီးချိုသွေးချို၊ နှလုံး၊ ကင်ဆာ စသည့်ရောဂါများဖြစ်ပွားမှု တိုးပွားလျက်ရှိသည်။ အဆိုပါရောဂါများ၏ နောက်ဆက်တွဲပြဿနာတို့ကြောင့် အရွယ်မတိုင်မီ သေဆုံးမှုများမှာလည်း အဖြစ်များလာသည်။

မြန်မာနိုင်ငံအတွင်း မကြာသေးမီက ပြုလုပ်ခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ မကူးစက်နိုင်သော အဓိကရောဂါများဖြစ်စေနိုင်သည့် အန္တရာယ်ရင်းမြစ်အကြောင်းရင်းများဆိုင်ရာ သုတေသနစာတမ်းအရ အသက် ၂၅ နှစ်မှ ၆၅ နှစ်အရွယ်အတွင်း ဆီးချိုသွေးချိုဖြစ်ပွားနေသူများ ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ကနဦးဆီးချိုအဆင့်မှာ မြန်မာပြည်သူ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

ဆီးချိုသွေးချို အဆိပ်တက်လာသည့်အခါ ခန္ဓာကိုယ်ရှိ သွေးကြောငယ်လေးများကို ထိခိုက်နိုင်သည်။ အထူးသဖြင့် သွေးကြောငယ်များစွာဖြင့် ဖွဲ့စည်းထားသောမျက်စိကို ထိခိုက်စေသည်။ အကြောင်းရင်းမှာ ခန္ဓာကိုယ်ထဲတွင် သကြားဓာတ်များလာသည့်အခါ ၎င်းဓာတ်များကို နေရာအမျိုးမျိုးမှ စွန့်ထုတ်ပစ်ရန် ကြိုးစားရသည်။ ထိုသကြားဓာတ်များက မျက်စိမှန်ဘီလူးတွင် အနည်ထိုင်စုပုံလာတတ်ပြီး အမြင်အာရုံထိခိုက်ခြင်းကို သာမန်လူများထက် ပို၍အဖြစ်များကာ အပြင်းထန်ဆုံးအခြေအနေတွင် အမြင်အာရုံကွယ်ပျောက်သွားသည်ထိ ဖြစ်ပေါ်လာနိုင်သည်။

လေ့လာမှုမှတ်တမ်းများအရ ပုံစံ-၁ ဆီးချိုရောဂါဖြစ်ပေါ်ပြီးနောက် ၁၅ နှစ်အကြာတွင် ဝေဒနာသည်တိုင်းလိုလိုမှာ မျက်စိထိခိုက်နိုင်သည်။ ပုံစံ-၂ ဆီးချိုရောဂါကမူ ၎င်းရောဂါဖြစ်ပေါ်ပြီးနောက် ၁၅ နှစ်ကြာတွင် ဝေဒနာသည်များ၏ ၆၅ ရာခိုင်နှုန်းခန့် မျက်စိထိခိုက်နိုင်သည်။ ပုံစံ-၁ ဆီးချိုရောဂါပျိုးချိန်၊ လက္ခဏာပြချိန်က တိုတောင်းသည့်အတွက် ရောဂါရှိမှန်းသိချိန်တွင် မျက်စိအမြင်လွှာထိခိုက်လေ့မရှိသော်လည်း ပုံစံ-၂ ဆီးချိုရောဂါကမူ ရောဂါရှိမှန်းသိသည့်အချိန်တွင် ၎င်းဝေဒနာရှင်များ၏ ငါးရာခိုင်နှုန်းခန့်၌ မျက်စိအမြင်လွှာထိနေပြီဖြစ်သည်ကို တွေ့ရသည်။

ဆီးချိုသွေးချိုကြောင့်ဖြစ်နိုင်သော မျက်စိပြဿနာများမှာ အတွင်းတိမ်ရောဂါ၊ ရေတိမ်ရောဂါ၊ အမြင်လွှာအာရုံကြောပျက်စီးခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်း၊ မျက်စိကွယ်ခြင်း စသည်တို့ဖြစ်သည်။

တစ်နည်းဆိုသော် ဆီးချိုသွေးချိုကြောင့် ဖြစ်ပေါ်ခံစားလာရသည့် မျက်စိရောဂါသည် သွေးတွင်းသကြားဓာတ် မြင့်မားခြင်းကြောင့်ဖြစ်သည်။ ရောဂါအရှိန်မြင့်မားလာသည်နှင့်အမျှ မျက်လုံးနောက်ဘက်ရှိ သွေးကြောများကို ပျက်စီးစေနိုင်သည်။ ဆီးချိုရောဂါရှိသူသုံးဦးတွင် ပျမ်းမျှတစ်ဦးနှုန်းသည် အမြင်လွှာရောဂါ ဖြစ်ပွားနိုင်သည်။ ၎င်းရောဂါသည် အများအားဖြင့် မျက်စိနှစ်ဖက်စလုံးကို ထိခိုက်စေပြီး ခံစားမှုအချိန်ကာလ ကြာလာသည်နှင့်အမျှ အလင်းအားလျှပ်စစ် အချက်ပြမှုများအဖြစ် ဖုံးကွယ်ကာ ဦးနှောက်ထံပေးပို့သည့် မျက်စိရှိ အမြင်လွှာ သွေးကြောများကို ပျက်စီးစေသည်။



ထိုအခါ အမြင်လွှာသည် လိုအပ်သောသွေးပမာဏမရှိပါက ကောင်းစွာ အလုပ်မလုပ်နိုင်တော့ဘဲ အမြင်အာရုံကို ထိခိုက်စေသည်။ ရောဂါတိုးလာပါက အစပိုင်းတွင် သွေးကြောများယိုစိမ့်လာပြီး နောက်ဆုံးတွင် မျက်စိအတွင်းမှ သွေးထွက်လာသည်။ အမြင်လွှာဆိုင်ရာရောဂါတွင် အဆင့်သုံးဆင့်ရှိပြီး အဓိကအားဖြင့် အမြင်လွှာ၏ ဗဟိုအစိတ်အပိုင်းကို ထိခိုက်စေပြီးနောက် အမြဲတမ်းမျက်စိကွယ်ခြင်းကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဆီးချိုရောဂါရှိသူများသည် အတွင်းတိမ်နှင့် ရေတိမ်အပါအဝင် အခြားမျက်စိပြဿနာများလည်း ဖြစ်ပွားနိုင်ခြေမြင့်မားသည်။

**မျက်စိထိခိုက်ကြောင်း ပြသသောလက္ခဏာများ**

ဆီးချိုသွေးချိုရောဂါကြောင့် မျက်စိထိခိုက်ကြောင်း ပြသသောလက္ခဏာများမှာ မြင်ကွင်းရှေ့တွင် အစက်အပြောက်များ ပေါလောမျောနေခြင်း၊ အမြင်အာရုံမကြည်လင်ခြင်း၊ ပုံရိပ်နှစ်ထပ်မြင်ရခြင်း၊ အရောင်များ ကောင်းစွာမခွဲခြားနိုင်ခြင်း၊ မြင်ကွင်းတစ်စိတ်တစ်ပိုင်း မမြင်ရခြင်း၊ မျက်စိကွယ်ခြင်း စသည်တို့ဖြစ်ကြသည်။

**ဆီးချိုသွေးချိုကြောင့် အမြင်အာရုံထိခိုက်ခြင်း**

မျက်စိကွယ်ခြင်း၏ နှစ်ရာခိုင်နှုန်းသည် ဆီးချိုရောဂါကြောင့်ဖြစ်ပြီး ဆီးချိုရှိသူများက သာမန်သူများထက် မျက်စိကွယ်ရန် အလားအလာ ၂၅ ဆ ပိုများသည်။

**ပုံစံ-၁ ဆီးချိုရောဂါနှင့် မျက်စိအန္တရာယ်**

ပုံစံ-၁ ဆီးချိုရောဂါသည်များ အားလုံးနီးပါးတွင် ၎င်းရောဂါဖြစ်ပြီး ၁၅ နှစ်အကြာမှာ မျက်စိထိခိုက်နိုင်သည်။

**ပုံစံ-၂ ဆီးချိုရောဂါ နှင့် မျက်စိအန္တရာယ်**

မျက်စိအာရုံခံနာ့ဗ်ဆဲလ်များ ပျက်စီးမှုသည် ပုံစံ-၂ ဆီးချိုရောဂါတွင် အတွေ့ရအများဆုံးဘေးထွက်ဆိုးကျိုးဖြစ်ပြီး ၎င်းဘေးထွက်ဆိုးကျိုးသည် ရောဂါလက္ခဏာမပေါ်မီမှာပင် မျက်စိများ၌ စတင်ပေါ်ထွက်လာနိုင်ကြောင်း နယ်သာလန်နိုင်ငံ သုတေသီများက လေ့လာတွေ့ရှိထားသည်။ အဆိုပါသုတေသီများသည် ပုံစံ-၂ ဆီးချိုရောဂါ လူနာ ၂၁ ရာခိုင်နှုန်း၊ သွေးအတွင်းသကြားဓာတ် ပုံမှန်ထက်လွန်ကဲနေသူ ၁၅ ရာခိုင်နှုန်းနှင့် ၎င်းအခြေအနေနှစ်မျိုးလုံးမရှိသူ ၆၄ ရာခိုင်နှုန်းပါဝင်သည့် လူပေါင်း ၃၅၀၀ ခန့်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ သွေးအတွင်းသကြားဓာတ်ပါဝင်မှု ပုံမှန်ထက်များသူများ၏ မျက်ကြည်လွှာနာ့ဗ်ဆဲလ်များ ပျက်စီးမှုသည် ပုံစံ-၂ ဆီးချိုရောဂါမရှိသူများထက် ရှစ်ရာခိုင်နှုန်း ပိုများနေကြောင်း သုတေသီများက ဆိုသည်။ အလားတူ ပုံစံ-၂ ဆီးချိုရောဂါရှိနေသူများ၏ မျက်ကြည်လွှာအာရုံနာ့ဗ်ဆဲလ်များ ပျက်စီးမှုသည် သွေးအတွင်းသကြားဓာတ်လွန်ကဲမှုပြဿနာမရှိသူများထက် ရှစ်ရာခိုင်နှုန်းပိုမြင့်မားပြီး သွေးအတွင်း သကြားဓာတ်လွန်ကဲမှုပြဿနာနှင့် ပုံစံ-၂ ဆီးချိုရောဂါ နှစ်မျိုးစလုံးမရှိသူများထက် ၁၄ ရာခိုင်နှုန်းပိုများကြောင်း သိရသည်။ မိမိတို့လေ့လာတွေ့ရှိချက်အရ မျက်ကြည်လွှာအာရုံနာ့ဗ်ဆဲလ်များသည် ပုံစံ-၂ ဆီးချိုရောဂါ မပေါ်မီမှာပင် စတင်ပျက်စီးနိုင်ကြောင်း သုတေသီများက ပြောကြားထားသည်။

**ဆီးချိုမျက်စိအတွက် DME ဆေး**

Diabetic Macular Edema (DME) ခေါ် ဆီးချိုရောဂါ နောက်ဆက်တွဲအမြင်အာရုံချို့ယွင်းမှုရောဂါ ဆေးတစ်မျိုးသည် စောစောစီးစီး အသုံးပြုနိုင်ပါက အခြားတန်ဖိုးကြီး ကုထုံးများကဲ့သို့ပင် ထိရောက်မှုရှိကြောင်း အမေရိကန်သုတေသီများက တွေ့ရှိထားသည်။ DME မျက်စိရောဂါသည် မျက်လုံးမျက်ကြောလွှာဆဲလ်နယ်မြေအတွင်း အရည်ကြည်များတည်လာချိန်၌ဖြစ်ပွားတတ်သော ဆီးချိုရောဂါ၏နောက်ဆက်တွဲ မျက်စိရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါဖြစ်ပွားပါက အမြင်အာရုံပျက်စီးမှု သို့မဟုတ် လုံးဝဆုံးရှုံးရမှုတို့ဖြင့် ရင်ဆိုင်ရတတ်သည်။ သုတေသီများ၏တွေ့ရှိချက်အရ Anti-VEGF အမည်ရှိ DME ကုထုံးတစ်မျိုးသည် ရောဂါစတင်ဖြစ်ပေါ်ချိန်တွင် အသုံးပြုပါက ကုန်ကျစရိတ်များနိုင်သည့် အခြားသော DME ကုထုံးများကဲ့သို့ပင် ထိရောက်မှုရှိကြောင်း သိရသည်။

အထူးသဖြင့် Vastin နှင့် Eylea ကဲ့သို့ Anti-VEGF ဆေးဝါးများသည် DME မျက်စိရောဂါရှိသူလူနာများ၏အမြင်အာရုံကို မြှင့်တင်ပေးနိုင်ကြောင်းနှင့် အမေရိကန်သုတေသီများသည် DME ရောဂါလူနာ ၂၇၀ တို့ကို အထက်ပါဆေးနှစ်မျိုးဖြင့် စမ်းသပ်ကုသပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ယခုကဲ့သို့ အကျယ်တဝင့်တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အကြံပြုချက်**

ဆီးချိုသွေးချိုရောဂါကြောင့် အမြင်အာရုံမထိခိုက်စေရန်အတွက် အကြံပြုချက်တချို့ကို ဖော်ပြပေးလိုပါသည်။

- သွေးချိုဓာတ် ပုံမှန်ဖြစ်အောင် ထိန်းသိမ်းပါ။
- သွေးပေါင်ချိန်ကို ၁၃၀/ ၇၉ အတွင်း ထိန်းသိမ်းပါ။
- သွေးတွင်းအဆီဓာတ်၊ ကိုလက်စထရောလျှော့ချပါ။
- ဆေးလိပ်ဖြတ်ပါ။
- သွေးအားနည်းရောဂါကို ဂရုစိုက်ကုသပါ။
- အလွန်အမင်း ဟောက်တတ်ခြင်း၊ အိပ်ပျော်နေစဉ် အသက်ရှူကျပ်ခြင်း စသည့်ရောဂါများရှိပါက သေသေချာချာ ကုသမှုခံယူပါ။

**ဆီးချိုသွေးချိုရောဂါ ဝေဒနာရှင်များအတွက် အစားအစာ**

စိတ်ကြိုက်စားနိုင်သော အစားအစာများမှာ သကြားဓာတ် ခေါ် ကစီဓာတ်အလွန်နည်းသည့် အစားအစာ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ ကန်စွန်းရွက်၊ ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ရုံးပတီသီး၊ ဒန့်သလွန်သီး၊ ရှောက်သီး၊ ဂေါ်ရခါးသီး၊ သံပရာသီး၊ ကြောင်လျှာသီး၊ ဘူးညွန့်၊ ချဉ်ပေါင်ရွက်၊ ဆလတ်ရွက်၊ သဘော်ရွက်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မြင်းခွာရွက်၊ ရဲယိုရွက်၊ ပုတတ်စာ၊ ပဲပင်ပေါက်၊ မှို၊ မျှစ်၊ မုန်လာဥ၊ မုန်ညင်း၊ နံနံပင်၊ ရှမ်းနံနံ၊ ဟင်းနုနယ်၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရှလကာရည်၊ ချင်းစိမ်း၊ မိတ်သလင်၊ ကော်ဖီ၊ လက်ဖက်ရည် (နို့ဆီနှင့်သကြား လုံးဝမထည့်ရပါ)၊ ဆေးသကြား (Equal၊ Saccharin)၊ အသားအမျိုးမျိုး၊ ကြက်သား၊ ငါး၊ ပုစွန်၊ အမဲသားတို့ဖြစ်ပြီး ကြက်ဥ၊ ဘဲဥ၊ ငုံးဥတို့ကို အသင့်အတင့်စားသုံးနိုင်သည်။

ဆရာဝန် ညွှန်ကြားသည့်အတိုင်း စားရမည့်အစားအစာများမှာ ဆန်၊ ဆန်ထွက်ပစ္စည်းနှင့် ပြုလုပ်ထားသော အစားအစာများ၊ ထမင်း၊ ဆန်ပြုတ်၊ မုန့်တီ၊ မုန့်ဟင်းခါး၊ ကောက်ညှင်း၊ ဆန်ခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲ၊ ဂျုံ၊ ဂျုံထွက်ပစ္စည်းများနှင့် ပြုလုပ်ထားသော အစားအစာများ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ချပါတီ၊ ပလာတာ၊ ထပ်တစ်ရာ၊ အီကြာကွေး၊ နံပြား၊ ဘီစကွတ်၊ ခရက်ကာ၊ ကစီဓာတ်များသော အစားအစာများ၊ အာလူး၊ ပြောင်းဖူး၊ ကန်စွန်းဥ၊ ပိန်းဥ၊ ရွှေဖရုံသီး၊ ချိုသောအသီးများ၊ သဘော်သီးမှည့်၊ သရက်သီးမှည့်၊ ဖရဲသီး၊ အဆီများသော ဝက်သား၊ ဘဲသား၊ ဆိတ်သား စသည်တို့ဖြစ်သည်။

လုံးဝရှောင်ရမည့် အစားအစာများမှာ သကြားဓာတ်အလွန်များသော အစားအစာများ၊ သကြား၊ ဂလူးကို့စ်၊ ကြံသကာ၊ ထန်းလျက်၊ ယိုစုံအမျိုးမျိုး၊ သကြားလုံး၊ ချောကလက်၊ အိုက်စကရင်၊ ကိတ်မုန့်၊ ပူတင်း၊ အရက်၊ ဝိုင်၊ ရှလပတ်ရည်၊ ဘီယာ၊ ဘိလပ်ရည်၊ စည်သွတ်ဘူး၊ အချိုရည် စသည်တို့ဖြစ်သည်။

အချုပ်ဆိုသော် ဆီးချိုသွေးချိုရောဂါသည် ရောဂါဖြစ်မှန်း စတင်သိရှိချိန်မှစ၍ ဆီးချိုထိန်းဆေးကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း မှန်မှန်သောက်ရန်လိုအပ်သည်။ ဆီးချိုရောဂါသည် လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ အနာကျက်ရန် ခက်ခဲခြင်းမှတစ်ဆင့် ခြေထောက်ဖြတ်ပစ်ရခြင်း၊ မျက်စိကွယ်ခြင်း စသည့်လူမှုဒုက္ခများ ခံစားရရှိနိုင်သည်။ ဆီးချိုသွေးချိုရောဂါကို သေသေချာချာ ကုသပါက ဖော်ပြပါနောက်ဆက်တွဲရောဂါဝေဒနာဆိုးများကို ကာကွယ်နိုင်သဖြင့် ထိရောက်စွာကုသရန် အရေးကြီးကြောင်း၊ ဝေဒနာရှင်ကိုယ်တိုင် နားလည်လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း လေ့လာဖော်ပြလိုက်ပါသည်။

# ကြက်ကောင်းကြီးမကွာ စိန်ဗေဒါ

မောင်သင်းထုံ(ကျောက်မဲ)



ဆိုင်းဆရာ စိန်ဗေဒါ

စိန်ဗေဒါဟာ မျိုးစေ့မှန်လို့ အပင်သန်ခဲ့တဲ့ဂီတပညာရှင်ကြီးပါ။ စိန်ဗေဒါတို့က ဆိုင်းမျိုးရိုးထဲကပါ။ စိန်ဗေဒါရဲ့အဖေက ရှေးမြန်မာမင်းများလက်ထက်က အတွင်းတော်တီးလက်ယာစိန်ဆိုင်းအမှုထမ်း ဆီဆံဆယ်ရွာစား နေမျိုးကျော်စွာခေါင်ဘွဲ့ရဆရာဖေကြီးပါ။ စိန်ဆိုင်းဆိုတာက နန်းတော်ထဲမှာ ဘုရင်က တီးခွင့်ပြုထားတဲ့ဆိုင်းတော်ပါ။ ဘုရင်နဲ့မိသားစုကို ဖျော်ဖြေပေးရတဲ့ဆိုင်းအဖွဲ့ပါ။

စိန်ဗေဒါရဲ့လက်သံကို မကြားဖူးသူရှိချင်ရှိမယ်။ စိန်ဗေဒါရဲ့နာမည်ကိုတော့ မကြားဖူးသူ၊ စိန်ဗေဒါမှန်း မသိသူရယ်လို့ မြန်မာနိုင်ငံမှာ မရှိသလောက် ကျော်ကြားခဲ့သူဖြစ်ပါတယ်။ စိန်ဗေဒါလို ပုဂ္ဂိုလ်မျိုးကတော့ ကျော်ထိုက်လို့ကျော်တာပါ။ စိန်ဗေဒါဆိုတာက ဘယ်တော့မှအအားနေတဲ့လူမဟုတ်ဘူး။ တစ်ခုခုကို တီးခတ်နေမယ်။ ဒါမှမဟုတ် တစ်ယောက်ယောက်ဆီက ပညာသင်ယူနေမယ်။ ဒါမှမဟုတ် တစ်ယောက်ယောက်ကိုလဲ ပညာပေးနေမယ်။ အမြဲတမ်း ဒီလိုနေတတ်တဲ့သူပါတဲ့။

အဲဒီတုန်းကများ လူတွေက လှူချင်တာကို၊ စိန်ဗေဒါဆီမှာ အလှူရက်တောင်းကြရတာတဲ့။ ရွာစားကြီး ဘယ်ရက်များအားသလဲပေါ့။ ရှင်ပြုကြမယ်။ ကလေးတွေကလဲ စိန်ဗေဒါကြီးပါမှဆိုတော့ ဒီလိုနဲ့ စောင့်လာလိုက်ကြတာ တချို့များ ရှင်ပြုချိန်လွန်လို့မှ သားကြီးမြီးကောင်ပေါက်ကို တိုင်ကရောတဲ့။ မြန်မာ့ဆိုင်းသဘင်မှာ ဇာတ်ဆိုင်း၊ ရုပ်သေးဆိုင်း၊ နတ်ဆိုင်း၊ ဗလာဆိုင်းဆိုပြီးမှရှိပါတယ်။ ရွာစားစိန်ဗေဒါကြီးရဲ့ဆိုင်းက ဗလာဆိုင်းပါ။ ဗလာဆိုင်းဆိုတာက အလှူမင်္ဂလာပွဲမှာ ဆိုင်းချည်းသက်သက် ဗလာတီးတဲ့ဆိုင်းကိုခေါ်တာပါ။

အလှူညှော်ခံပွဲတွေမှာ ရွာစားတီးတော့ အလှူနေ့မှာ စိန်ဗေဒါက သီချင်းကြီးသီချင်းခံများကို တီးတာပါ။ ညည့်ခံပွဲမှာ ရွာစားကြီးက ဆိုင်းဝိုင်းထဲဝင်လာပြီဆိုရင် ဆိုင်းနောက်ထဲတွေက ကာလပေါ်တီးပွဲများလဲတီးပေးဖို့ "စိန်ဗေဒါကြီးရေ ဂရုတစ်ပုဒ်လောက်တီး ထုတ်ပြစမ်းပါအုံးလားဆရာရဲ့"ဆိုပြီး ဆိုင်းဆင့်ကြတာတဲ့။ တစ်ခါတလေကျတော့လဲ စိန်ဗေဒါကြီးက ဆိုင်းတီးတဲ့အခါ သူချည်းတစ်ယောက်တည်း၊တစ်ပါးတည်း တီးသွားတတ်တာလဲရှိတယ်။ တစ်ပါးတည်းဆိုတာ ကျန်တဲ့နဲ့၊ ကြေးနောင်၊ မောင်းဆိုင်း၊ စခွန့်တွေမတီးဘဲ ပတ်လုံးတွေချည်း တီးတာမျိုးပေါ့။

အလှူဆိုရင် ပြောသံပါမှပေါ့။ စိန်ဗေဒါက အလှူဆိုရင်ပြောသီချင်း၊ ပြောဆိုင်းတီးပါတယ်။ အဲဒီပြောကို အခြေခံပြီးတော့မှာ 'မင်္ဂလာပြောညွှန့်'ဆိုတဲ့ သီချင်းကို စိန်ဗေဒါကြီးက ၁၂၉၀ ပြည့်နှစ်ကတည်းက ထွင်ရေးခဲ့ပါတယ်။ အဲဒီသီချင်းကတော့ အခုအခါ အလှူပွဲတွေမှာ ကြားနေကြရတဲ့ "မြို့လယ်ကမဏ္ဍပ်၊ အရပ်မှာတဲ့ကုသိုလ်၊ ကျောင်းကြီးရယ်အို"ဆိုတဲ့ သီချင်းပါပဲ။ အလှူတွေမှာ ပြောညွှန့်သီချင်းသံများ ကြားရရင် အလှူရှင်တွေဆိုတာ အင်မတန်မှကို ပီတိဖြစ်ကြရတာပါတဲ့။ ဦးစိန်ဗေဒါရဲ့ တီထွင်မှုတွေထဲက အမှတ်တရပါပဲ။

မင်္ဂလာပြောညွှန့်သီချင်း တီထွင်ပေးရတာကလဲ အကြောင်းရှိသတဲ့။ တစ်ခါမှာတော့ ရွာစားကြီး စိန်ဗေဒါဟာ မင်းသား ရာပြတ်နဲ့ ရန်ကုန်လိုက်သွားတာ ငါးနှစ်တောင်မှကြာသတဲ့။ မန္တလေးက လူတွေကတော့ လှူချင်ကြတာတောင် စိန်ဗေဒါမရှိလို့ မလှူရ၊ ဆိုင်းသမားတချို့ဟာ ဟိုရောက် ဒီရောက်ဖြစ်နေကြတာကို ဝမ်းနည်းပြီးမှ မန္တလေးက လူတွေ ငါ့ကို ဒီလောက်ချစ်ကြတာ နောင် ငါဘယ်တော့မှမခွဲတော့ဘူးလို့ကြေညာပြီးမှ မင်္ဂလာပြောညွှန့်သီချင်းကို ရေးတာတဲ့။

မြန်မာမင်းများလက်ထက်က အတွင်းတော်တီးဆိုင်းသုံးမျိုးရှိသတဲ့။ စိန်ဆိုင်း၊ မြဆိုင်း၊ ပတ္တမြားဆိုင်းတဲ့။ စိန်ဆိုင်းဆိုတာက ဘုရင့်ရှေ့တော်မှာ တီးရတဲ့ဆိုင်း။ မြဆိုင်းဆိုတာက မိဖုရားရှေ့မှာတီးရတဲ့ဆိုင်း၊ ပတ္တမြားဆိုင်းဆိုတာက အိမ်ရှေ့မင်းသားနဲ့ သားတော်များရှေ့တီးရတဲ့ဆိုင်းတဲ့။ အဲဒီလိုခွဲထားကြတာ။ စိန်ဗေဒါကြီးရဲ့အဖေဆိုင်းဆရာ ဆရာဖေကြီးဆိုတာက နေမျိုးကျော်စွာခေါင်ဘွဲ့ရ စိန်ဆိုင်းတီးခဲ့တဲ့ ဆိုင်းဆရာကြီးပေါ့။

ဒုတိယကမ္ဘာစစ်မဖြစ်ခင်က စိန်ဗေဒါကြီးရဲ့အိမ်မှာ ဆိုင်းဝိုင်းကြီးတစ်ခုကို ကြိုးတွေနဲ့ဆိုင်းပြီးမှ အမြင့်တစ်နေရာမှာချိတ်ဆွဲထားတာတွေ့ကြရသတဲ့။ ဆိုင်းဝိုင်းရဲ့မင်းပေါက်မှာ ဆီဆံဆယ်ရွာစားမောင်ဖေ ၁ မှတ်ဘွဲ့ဖြူလက်ယာစိန်ဆိုင်းတော်လို့ ကမ္ပည်းထိုးထားတာတဲ့။ သီပေါမင်းပါတော်မူတော့ တုရိယာပစ္စည်းတွေယူလို့ရတယ်ဆိုတာနဲ့ စိန်ဗေဒါကြီးက နန်းတွင်းသွားသယ်လာပြီးမှ သူ့အိမ်မှာထားတာတဲ့။

စိန်ဗေဒါကြီးရဲ့အဖေက ဆိုင်းတော်တီးဆရာဖေ၊ အမေက အပျိုတော် ဒေါ်မမလေးတဲ့။ စိန်ဗေဒါကို ၁၂၄၄ ခုနှစ်မှာ မွေးခဲ့တာတဲ့။ မှတ်မှတ်ရရ အဲဒီနှစ်က ဆရာဖေမှာဆိုင်းတော်အဖြစ် ချီးမြှောက်ခံရတဲ့နှစ်ပေါ့လို့ နောင်စိန်ဗေဒါအမေက ပြောပြခဲ့ဖူးသတဲ့။

စိန်ဗေဒါရဲ့ တီးပေါက်က ကာလသားကြိုက်၊ လူငယ်ကြိုက်များတာကြောင့် ပွဲတွေမှာ စိန်ဗေဒါရဲ့ ပရိသတ်က များတယ်။ စိန်ဗေဒါဟာ မန္တလေးမြို့မှာ နာမည်ကျော်ရုပ်သေးမင်းသမီးဖြစ်တဲ့ အရာတော်ဆရာဖေလေးရဲ့သမီး မဥဇ္ဇဝင်းနဲ့အိမ်ထောင်ကျပါတယ်။ စိန်ဗေဒါဟာ မင်းနှစ်ပါးပါတော်မူပြီးမှ မြေးတော်ရှင်ပြုအလှူမှာ ရတနာဂီရိထိ ဆိုင်းလိုက်တီးပေးရတယ်။ ဘုရင်မရှိတဲ့ခေတ်ပေမဲ့ နေမျိုးဗလကျော်သူဆိုတဲ့ဘုရင်ပေးတဲ့ဘွဲ့ ဘုရင်ပေးတဲ့ရွှေတံဆိပ်ဒေါင်းရုပ်ကို ဆိုင်းမှာ တပ်ခွင့်ရခဲ့ပါတယ်။

စိန်ဗေဒါဆိုင်းတီးကောင်းတယ်ဆိုတာ အရပ်သားတွေ ပြောကြရုံတင်မရပါဘူး။ ပညာသည်ချင်းကတောင်မှ ရင်ဖိုလောက်အောင် တီးနိုင်တဲ့သူပါ။ စိန်ဗေဒါတီးတဲ့ ပတ်လုံးတွေဆိုတာ ရန်ကုန်ဆိုင်း၊ အောက်ဆိုင်းက ပတ်လုံးတွေနဲ့မတူဘူး။ သားရေထူပါတယ်။ ဘာလို့သားရေထူလဲဆိုတော့ဗလာဆိုင်းတီးတဲ့အခါ အသံချဲ့စက်ကလဲမရှိတော့ ဆိုင်းသံက ရွာနီးချုပ်စပ်တွေကပါ ကြားအောင်ဆိုင်းသံကို အဝေးကြားအောင်က သားရေထူမှ ပိုမြည်တာပါတဲ့။

စိန်ဗေဒါဆိုတာ အဲဒီလိုသားရေထူတဲ့ပတ်လုံးတွေတီးရပေမဲ့ ဆိုင်းဝိုင်းကြီးထဲက ပတ်လုံးတွေကို အကုန်အစင်အသံထွက်အောင် တီးနိုင်တဲ့သူပါ။ စိန်ဗေဒါရဲ့လက်ကျက ပြင်းပါတယ်။ စိန်ဗေဒါက ပတ်လုံးရဲ့အားက ဘယ်လောက်မြည်စေရမယ်၊ ဘယ်လောက်အသံထွက်စေရမယ်လို့ အမိန့်ပေးထားသလိုမျိုး ပတ်လုံးတွေရဲ့ အဖွင့်အပိတ်၊ အဖိအနှိပ်၊ အခုအစွက် ပြုပြင်ပေးတတ်ပုံကလည်း အလွန်နိုင်နင်းကျွမ်းကျင်တဲ့သူမို့ပါ။

> ❖စိန်ဗေဒါက အလှူဆိုရင် ပြောသီချင်း၊ ပြောဆိုင်းတီးပါတယ်။ အဲဒီပြောကို အခြေခံပြီးတော့မှာ 'မင်္ဂလာပြောညွှန့်'ဆိုတဲ့ သီချင်းကို စိန်ဗေဒါကြီးက ၁၂၉၀ ပြည့်နှစ်ကတည်းက ထွင်ရေးခဲ့ပါတယ်။ အဲဒီသီချင်းကတော့ အခုအခါ အလှူပွဲတွေမှာ ကြားနေကြရတဲ့ "မြို့လယ်ကမဏ္ဍပ်၊ အရပ်မှာတဲ့ကုသိုလ်၊ ကျောင်းကြီးရယ်အို"ဆိုတဲ့ သီချင်းပါပဲ။ အလှူတွေမှာ ပြောညွှန့်သီချင်းသံများကြားရရင် အလှူရှင်တွေဆိုတာ အင်မတန်မှကို ပီတိဖြစ်ကြရတာပါတဲ့။ ဦးစိန်ဗေဒါရဲ့ တီထွင်မှုတွေထဲက အမှတ်တရပါပဲ။ ❖

အသံကိုခန့်ခွဲရာမှာလဲ စိန်ဗေဒါဟာ အလွန်တော်တဲ့ပုဂ္ဂိုလ်ပါ။ ဆိုင်းဆရာရဲ့ နူးညံ့တဲ့လက်တွေနဲ့ နေ့စဉ်ရက်ဆက်တီးလာတော့ ကြာလာတဲ့အခါ လက်ပန်းကျတော့မှာပေါ့။ အဲဒီအခါမှာ ဆိုင်းဆရာက စီမံခန့်ခွဲတာမတတ်ရင် ပတ်လုံးသံမကြားရတော့ ဆိုင်းဆရာခိုလှုချေလားဖြစ်ကရောပဲ။ စိန်ဗေဒါကတော့ ဘယ်တော့မှ အဲဒီလိုအဖြစ်မခံ စိန်ဗေဒါက ဘယ်တူရိယာ ဘယ်လောက်သာမြည်စေရမယ်ဆိုပြီး စီမံခန့်ခွဲပေးထားပါတယ်။ နှဲသံစူးစူးဝါးဝါးက ဆိုင်းမှပတ်လုံးသံကို လွှမ်းကျော်ပြီးမှ မကျော်စေရန် မြန်မာနှဲကို ဟွန်းတပ်ပေးထားတာဟာ စိန်ဗေဒါရဲ့ တီထွင်ခန့်ခွဲချက်တစ်ခုပါပဲ။

စိန်ဗေဒါဆိုင်းတီးတာဟာ ရေမျက်နှာပြင်ပေါ် ရေပေါက်လေးတွေကျတဲ့အခါ ရေဟာနှံ့နှံ့တတ်လာသလို စိန်ဗေဒါရဲ့လက်ကျတဲ့ပတ်လုံးက စုံ့စုံ့တက်ပြီး အသံထွက်လာတာပါ။ သူ့လက်ရုတ်လိုက်တိုင်း လက်နောက်ကို အသံကစုံ့တက်လာသလို ထင်ရပါတယ်လို့ ရွာစားစိန်လှမောင်က ပြောဖူးပါတယ်။ စိန်ဗေဒါတို့များ မြန်မာသီချင်းသံတီးနေရာက နိုင်ငံခြားသီချင်းကိုလဲ ပြောင်းတီးနိုင်တယ်။ တီးနေရင်းက ပတ် ၂ လုံးကြိုးပြတ်သွားတာတောင် ပရိသတ်မသိအောင် စိန်ဗေဒါက တီးသွားတာပါ။ ပတ်ဝိုင်းထဲက ဆိုင်းဆရာအခက် တွေ့နေတာကို ပရိသတ်က တစ်စက်ကလေးမှ မရိပ်မိကြပါဘူးတဲ့။

စိန်ဗေဒါတီးပြတဲ့အထဲမှာ ထူးထူးခြားခြား အရပ်သား တီးလုံးဆိုတာရှိပါတယ်။ အလှူမှာ ဆိုင်းဆရာအဖွဲ့တွေ ထမင်းစားခေတ္တနားကြတော့ မဏ္ဍပ်ထဲက ဆိုင်းဝိုင်းကို ရွာထဲက တီးမှုတ်တတ်တဲ့သူတွေက ဝင်ပြီးမှ ဟိုစမ်း၊ ဒီစမ်းနဲ့ လက်စွမ်းပြကြတော့ သီချင်းတော့ဖြစ်ချင်မှဖြစ်မှာပေါ့။ ဒါပေမဲ့ တီးလုံးမှ မတိုက်ထားတော့ ကပေါက်တိကပေါက်ချာ၊ ဘာမှန်းမသိတဲ့အခါ အဲဒါအရပ်သားတီးလုံးပါပဲဗျာ။ စိန်ဗေဒါကြီးကတော့ အဲဒါကို အကောင်းလုပ်ပြီးမှ တစ်ခါတစ်ရံ အလှူပွဲတွေမှာ အရပ်သားတီးလုံးဆိုတာ တီးပြလေ့ရှိသတဲ့ဗျာ။

ဆိုင်းဆရာတွေဆိုတာ ပတ်ဖျားကောင်းရင် ပတ်ရင်းညံ့တတ်တယ်။ ပတ်ရင်းကောင်းရင်လည်း ပတ်ဖျားညံ့တတ်တာ ထုံးစံတစ်ခုပါ။ ဒါပေမဲ့ စိန်ဗေဒါကတော့ ပတ်ဖျား၊ ပတ်လယ်၊ ပတ်ရင်း ၃ မျိုးစလုံး အတီးကောင်းသူပါ။ တီးတဲ့အခါ ကိုယ်နေဟန်ထားကလဲလှတယ်။ တီးတဲ့နေရာမှာ အကွန့်အညွန့်လေးတွေကလဲပါတတ်တော့ အဲဒီနေရာမှာ တခြားဆိုင်းဆရာတွေက သူ့ကိုမမီကြတာပါပဲ။

စိန်ဗေဒါက နားစောင့်ကလဲ ကောင်းပါတယ်။ နားစောင့်ကောင်းတယ်ဆိုတာ တီးဝိုင်းတစ်ခုလုံးမှာရှိသမျှ လူစုံတီးကြတဲ့အခါ အနှေးအမြန် စည်းဝါး၊ ခြောက်လုံးပတ်၊ အဆစ်အပြောင်းတွေမှာ တိကျစွာပြောင်းမှ ညီညီညွတ်ညွတ်ရှိတော့မပေါ့။ အဲဒီအခါမှာ စိန်ဗေဒါကတော့ ဘယ်သူကဖြင့် မြန်ပြီးရှေ့ရောက်နေတယ်။ ဘယ်သူကနောက်ကျကျန်ရစ်ခဲ့တာတွေကို တန်းပြောနိုင်တဲ့သူပေါ့။ နားစောင့်ကောင်းတာလေ။

ဆိုင်းအားရက်တွေမှာ စိန်ဗေဒါတို့တွေစုပြီး တီးကြဆိုကြတဲ့အိမ်တစ်အိမ်၊ မန္တလေးမှာရှိတယ်။ တစ်ရက်မှာတော့ စိန်ဗေဒါက နောက်ကျမှရောက်တော့ အိမ်ထဲမှာ ဆိုတီးနေကြပါပြီ။ အဲဒီမှာ အိမ်ပြင်ကနေ ကြားနေရတဲ့အသံကြောင့် ပတ္တလားကို ဘယ်လိုများ တီးနေတာပါလိမ့်လို့ စိန်ဗေဒါစိတ်ထဲဖြစ်မိသတဲ့။ အိမ်ထဲရောက်လို့ ပတ္တလားတီးနေတဲ့ဆီသွားကြည့်တော့ ပတ္တလားဆံတွေ ပြောင်းပြန်ကြီးခင်းတီးနေတာတဲ့။ စိန်ဗေဒါတို့များ တူရိယာသံကို နားထောင်ရုံနဲ့ အမှားအမှန်ကို ပြောနိုင်တဲ့သူပါ။

စိန်ဗေဒါတို့တီးနေကြတဲ့ ပတ်လုံးအကြီးအသေး နှစ်လုံးရှိပါတယ်။ ဆိုင်းတီးတော့မယ်ဆိုရင် ဆိုင်းဆရာက မတီးခင် ပတ်စာတပ်ကြရပါတယ်။ ပတ်စာတပ်တဲ့နေရာမှာ စိန်ဗေဒါက အလွန်မြန်သူပါ။ ပတ်စာဆိုတာ ညောင်ပြာနဲ့ကောက်ညှင်းကို ရောနယ်ထားတဲ့အရာပါ။ အသံညှိတဲ့အခါမှာ ဘေးကနဲ၊ ကြေးမောင်းနဲ့ ညှိရပါတယ်။ စိန်ဗေဒါတို့များ တခြားဆိုင်းဆရာတွေ ပတ်စာတပ်တာ မိနစ် ၄၀ ကြာတာကို ၁၅ မိနစ်နဲ့အပြီးတပ်နိုင်သူတဲ့။ စိန်ဗေဒါပြောတာက သူတပ်ထားတဲ့ပတ်စာသံမျိုး တခြားသူတပ်ပြနိုင်ရင် သူကျွန်ခံပါမယ်တဲ့။ စိန်ဗေဒါဆိုတာက သူ့ပညာသူ့လက်ကို အဲဒီလိုယုံကြည်တဲ့သူပါ။

စိန်ဗေဒါက ဆိုင်းအပြင် စောင်း၊ စန္ဒရား၊ လက်ဆွဲဘာဂျာ၊ မိကျောင်း၊ နှဲ၊ ပတ္တလားတွေကိုလဲ လေ့လာသင်ယူပြီး တစ်ခုမဟုတ်တစ်ခု လေ့ကျင့်တီးခတ်နေတော့တာပဲတဲ့။ စိန်ဗေဒါဆိုတာက "ရတုကဗျာ၊ ပျို့လင်္ကာနဲ့၊ သာသည်သီချင်း၊ အဲစောင်းညှင်းကို၊ မကင်းမပြွတ်၊ ရွတ်ဖတ်လေ့ကျက်၊ တီးမှုတ်လျက်သာ၊ နေကောင်းစွာဆိုတဲ့" ရှေးကဗျာတွေထဲက စာသားတွေနဲ့အညီ နေထိုင်ခဲ့တဲ့ပညာရှင်ကြီးဖြစ်ခဲ့လို့ ပိုလို့တောင်မှ လေးစားဂုဏ်ယူရပါသေးတယ်။

ရွာစားကြီးစိန်ဗေဒါဆိုတာ ပညာကို ပညာလိုမြတ်နိုးတဲ့သူပါ။ ပညာကိုလိုက်စားတယ်။ ဆိုင်းပညာအပြင်၊ စောင်း၊ ပတ္တလား၊ အတီးပညာတွေကိုလဲ သင်သေးတာတဲ့။ စားချိန်၊ အိပ်ချိန်ကလွဲလို့ ကျန်တဲ့အချိန်တွေမှာ တူရိယာအစုံကို တီးခတ်လေ့ကျင့်နေတတ်သတဲ့။ အနုပညာနဲ့သူနဲ့ ကြက်ကောင်းကြီးမကွာ အမြဲနေတဲ့ပုဂ္ဂိုလ်ပါ။ အဲဒါကြောင့်လဲ စိန်ဗေဒါရဲ့နာမည်ကိုတော့ မကြားဘူးသူမရှိလောက်အောင် မြန်မာနိုင်ငံမှာ ကျော်ကြားခဲ့သူဖြစ်ပါတော့တယ်။

**ကိုးကား**

- ပြည်သူချစ်သောအနုပညာသည်များ လူထုဒေါ်အမာ

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့ သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း




**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## သဘာဝအစစ်ပို့ အရသာထူး စိတ်နှင့်ကြည်နူး ....




ရွှေပိုဦး BLACK TEA (မှောင်တရား)ကို Export Quality စားဆင့်မီအောင် ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

# ရွှေပိုဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင် (၅)သိန်း (၅)ဦး
- အလုပ်သင် (၅)ဦး

Long Style
09-2053849
(၆၆ _၃၈)လမ်းထောင့်၊ မန္တလေး

## ဝန်ထမ်းအလိုရှိသည်

ခန်းဆီးလိုက်ကာဆိုင်တွင် လုပ်ကိုင်ရန်

- အထွေထွေဝန်ထမ်း အမျိုးသား (၃)ဦး (လစာ-3 သိန်း) 'က' လိုင်စင်ရှိရမည်

လိပ်စာ။ ။ မြနန္ဒာလုံးချင်းအိမ်ယာ၊ လမ်းသွယ်(၂)၊ ဦးပွား ဂုံးကျော်အရှေ့ဘက်၊ မန္တလေးမြို့။
ဖုန်း- 09-979638858 , 09-979628858

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အဖိုးတန် ရေချိုကို ချွေတာပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်သစ္စာရပ်ကွက်နေ ဦးရဲတင့်-ဒေါ်မြင့်မြင့်တင် တို့၏သား **မောင်ဟိန်းသူ (ခ) ဖိုးသား ( ၅/မရန(နိုင်)၁၇၉၄၅၁)** သည် မိဘစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*စုံစမ်းမေးမြန်းခြင်းသည်းခံပါ*
ဦးရဲတင့် (၅/ကလထ(နိုင်)၁၆၂၆၈၉)
ဒေါ်မြင့်မြင့်တင် (၅/ကလထ(နိုင်)၁၂၆၁၀၁)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်း အုပ်စု၊ ကွင်းအမှတ်(၆၀၄)၊ အလျားပေ ၄၀၊ အနံ ၁၅ ပေ အကျယ်အဝန်းရှိ ဦးကျော်ဝင်း ကိုင်းမြေအမည်ပေါက် ကိုင်းမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငွေညွန့် ၅/ကလန(နိုင်)၀၄၉၁၄၉ မှ ဒေါ်ဝင်းပပလှိုင် ၉/မဟမ(နိုင်)၀၂၀၇၇၉ နှင့် အရောင်းအဝယ်ပြုလုပ်ရန် စရံပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငွေညွန့်
၅/ကလန(နိုင်)၀၄၉၁၄၉
ရွှေမင်းဝံရပ်ကွက်၊ ၁ လမ်းနှင့် ၂၈ လမ်းကြား၊ စစ်ကိုင်းမြို့။
09-981504937

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်း


စာမျက်နှာ - ၂၀

### အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)







ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

### မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၃ နာရီတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ စာမျက်နှာ ၁၉ ကော်လံ ၁ ❖

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar